
www.burmeseclassic.com

THOE SAUNG



BURMESE CLASSIC .com

# သိုးဆောင်း

ONE DAY

( တစ်ရက် )

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၉၂၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၅၃၀၇၁၀

ထုတ်ဝေသူ
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ(မြ-၀၉၁၀)
အမှတ်၁၁၁၊ ၃၃လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃လမ်း၊ ကျောက်တံတား၊
ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၀ ခုနှစ် ၊ ဇူလိုင် (၁၉)
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သိုးဆောင်း ၈၉၅ ၈၃
One Day (တစ်ရက်) / သိုးဆောင်း။ ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၁၀
၁၆၈-စာ၊ ၁၂.၅ ၊ ၁၉.၅ စင်တီ။
(၁) One Day တစ်ရက်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# I

တက္ကသိုလ်တစ်ခု . . .

ထိုတက္ကသိုလ်အတွင်းမှ လက်ဖက်ရည်တစ်ဆိုင်၊ ထိုဆိုင်သည် များသောအားဖြင့် ကျောင်းသားများသာထိုင်လေ့ရှိသော ဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

ရှင်းရှင်းပြောရလျှင် ဘယ်မိန်းကလေးမှ ထိုဆိုင်တွင်မထိုင်။ အကြောင်းကား ထိုဆိုင်သည် လက်ဖက်ရည်တစ်မျိုးတည်းသာ ရလေသည်။ နောက်ပြီး ထိုဆိုင်တွင်ထိုင်သည့်သူများအားလုံးသည်လည်း (ဆိုင်ပိုင်ရှင်) မှစလို့ 'မ'ဆိုလျှင် 'လက်မ' တောင် စိတ်နာနေတတ်သည့် လူမျိုးတွေ။

ခြင်ချင်းအတူတူတောင် 'ခြင်မ' က သွေးစုပ်သည်။ ခြေချောင်းချင်းအတူတူတောင် 'ခြေမ' က ခလုတ်တိုက်သည်ဟူ၍ 'မ' တစ်လုံးကို စိတ်နာနေသူတွေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သော လူမျိုးတွေသာ ထိုင်လေ့ရှိသောဆိုင်ကို ဘယ်မိန်းကလေးမှမထိုင်။

ဒါပေမယ့် . . .

ထူးခြားစွာ မိန်းကလေးတစ်ယောက် ထိုဆိုင်တွင် နေ့တိုင်းလာထိုင်နေပါသည်။ ရှင်းရှင်းပြောရလျှင် ကျောင်းသူတစ်ယောက်။

လက်ထဲတွင်လည်း စာရွက်လိပ်တစ်လိပ်ကိုကိုင်၍ မှုန်ရီဝေမှိုင်းသောမျက်နှာဖြင့် အမြဲတစေထိုင်နေတတ်ပါသည်။

ထိုမိန်းကလေးက မည်သူနည်း . . . ?

မိန်းကလေးများ ထိုင်လေ့မရှိသည့်ဆိုင်ကို ဘာကြောင့်လာထိုင်နေသနည်း ?

သူမလက်ထဲမှ စာရွက်လိပ်ကအဘယ်နည်း ?

သို့နှင့် ထိုမိန်းကလေးအကြောင်းမှာ ကျောင်းတွင်း၌ လူအများပြောစရာ စကားခေါင်းစဉ်တစ်ပုဒ်လို ဖြစ်လာသည်။



BURMESE CLASSIC .com

# II

"ဟော့ကောင် . . . သံစဉ်၊ မင်းနဲ့သင်းရနံ့တို့ ဘာဖြစ်ထားကြတာလဲ။ ဟိုမှာသင်းရနံ့က ညနေတိုင်း အသည်းကွဲကဖီးကိုသွားထိုင်နေတာ . . . မင်းမသိဘူးလား"

ထိုသို့ သူငယ်ချင်းများက မင်းသံစဉ်ဆိုသော သူ့ကိုမေးကြသည်။ ထိုအခါမျိုးတွင် သူက . . .

"သိသားပဲ . . . သူ ငါပြောတဲ့စကားတစ်ခွန်းကို အဓိပ္ပာယ်မဖော်တတ်လို့ နေ့တိုင်းသွားထိုင်နေတာပါ"

"မင်းက ဘာစကားပြောလိုက်လို့လဲ"

"လာစကာ (၈)ကြိမ်မြောက် ချန်ပီယံဖြစ်မယ့်နေ့မှာ လက်ထပ်ထိုးပေးမယ်လို့ပြောလိုက်တာ"

"ဟင် . . . ဘယ်လို . . ."



www.burmeseclassic.com

www.burmeseclassic.com

မင်းသံစဉ် နောက်တစ်ခါထပ်ပြောဖို့ မစဉ်းစားခဲ့တော့ပါ။ မေးသမျှလူတွေကို သူဒီအတိုင်းသာဖြေခဲ့သည်။ ဘာအဓိပ္ပာယ်လဲ၊ ဘာကို ရည်ညွှန်းသလဲ သူထပ်ရှင်းမပြ။

ရှုပ်လို့ရှင်းသည်ဟု သူခံယူထားသည်။ ယခု သူ့စကားကရှင်း ရှင်းလေးပါ။

တကယ့်ကို ရှင်းရှင်းလေး။

ဒါ့ကြောင့် သူရှင်းမပြ။

ဒါပေမယ့် သင်းရုန့်တော့ အသည်းကွဲကဖီးမှာ ညနေတိုင်း ဆက်ထိုင်နေသည်။

သူသည်လည်း မေးလာသမျှလူအပေါင်းကို ထိုသို့စကားတစ်ခွန်းသာ ပြောသည်။

"လာစက (၈)ကြိမ်မြောက် ချန်ပီယံဖြစ်မယ့်နေ့မှာ လက်မှတ် ထိုးပေးမယ်"



BURMESE CLASSIC .com

A စ တစ်ခု၏ အSa



www.burmeseclassic.com

www.burmeseclassic.com

## III

သင်းရန့် တော်တော်ဒေါကန်နေသည်။ ဒေါကန်ကန်နှင့် ကားဘီးကို ပိတ်ကန်လိုက်သည်။

"တောက် . . . ဘယ်ကလေကဝတွေရဲ့ လက်ချက်လဲမသိဘူး"

ဟုတ်သည်။ သူမကားဘီးက ရိုးရိုးတန်းတန်းပေါက်ခြင်းမဟုတ်။ မရိုးမသားအဖောက်ခံထားရခြင်း။ သူမပါးစပ်မှစကားလုံးတွေ အစီအစဉ်မကျ ပွက်ပွက်ဆူနေသည်။

"အဆင့်အတန်းဆိုတာ အဲဒါပဲ။ တန်ဖိုးနားမလည်တဲ့လူတွေ၊ ကိုယ်ဘယ်နေရာရောက်နေတယ်ဆိုတာ မသိသူတွေအတွက်ကတော့ သံတစ်ချောင်းလောက် သူမကားဘီးအောက်ထည့်နိုင်တာကိုပဲ ဂုဏ်ယူမဆုံးဖြစ်နေကြတာ။ ဒါပေမယ့် ကိုယ်ဘယ်အဆင့်ရောက်သွားမှန်း သတိမထားမိကြဘူး"



ထိုသို့ ကြိတ်မနိုင်ခဲမရပြောရင်း သူမအဖေပိုင်ကားဝပ်ရှော့ကို ဖုန်းဆက်သည်။ နောက် ကားတံခါးကိုပိတ်ခဲ့၍ တက္ကစီတစ်စီးရှာပါဆို၏။ ဒါပေမယ့် ဒီနေ့ညနေမှ တက္ကစီတွေက စုန်းစုန်းမြုပ်ကာပေါ်မလာ။

ရန့် နာရီကိုပင့်ကြည့်လိုက်သည်။ အချိန်က ပုံမှန်ထက် နှာဆယ် များလောက်သာသွားပါပြီ။ ထို့နောက်တော့ သူမစုတ်တစ်ချက်ကိုသပ်ကာ ထွက်အံ့ဆဲဆဲဖြစ်နေသော လိုင်းကားတစ်စီးပေါ်သို့ တက်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် . . . သံစဉ် . . . အချိန်စေ့ပြီထွက်မယ်"

"အေး . . . အေး"

သံစဉ် ရေနွေးတစ်ခွက်ကိုကောက်မော့ကာ လီဗာတဖျင်းဖျင်း မှုတ်နေသောကားပေါ်သို့ ပြေးတက်ခဲ့ပါတော့သည်။

ကားတံခါးဝတွင် စာရွက်တစ်ရွက်ကပ်ထားပါ၏။ ထိုစာရွက်က အောက်ပါအတိုင်းသာ . . .

မိတ်ဆွေ

သင့်ရဲ့ဥစ္စာနဲ့ ရာထူးကို

အိမ်မှာပဲ ထားခဲ့ပါ



# IV

"မြို့ထဲကို . . . မြို့ထဲကို . . . မြို့ထဲကို . . ."

သံစဉ်ကားပေါက်ဝမှနေ၍ တကြော်ကြော်အော်နေသည်။

"ကဲ . . . အဝမပိတ်ပါနဲ့ . . . အထဲကိုဝင်ပေးကြပါဗျာ။ မှတ်တိုင်မှာ အကြာကြီးရပ်ပေးမယ်။ အားလုံးပဲနော် . . . ကျွန်တော့်ကို ကူညီပေးကြပါ"

သူက 'ဗညား' . . .

နောက်တစ်ယောက်က . . .

သူကတော့ ကဗျာဆန်သည်။ အနုပညာသွေး နှစ်ဆက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူကနှစ်နှစ်ဆက်တိုက် ကျောင်းမှာ ကဗျာပထမဆုရဖူးလေသည်။

"ကဲ . . . အားလုံးပဲ ကောင်းကင်ကိုမော့ကြည့်လိုက်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသူ၏စကားကြောင့် ခရီးသည်တွေအကုန်လုံး ကြောင်တောင်တောင်ဖြင့် ကောင်းကင်ကိုမော့ကြည့်ကြသည်။ သူတို့အားလုံးတွေ့သည်ကား ကားခေါင်မိုးသာ။

သို့သော် . . .

"ကောင်းကင်က တိမ်တွေတောင် လေတိုက်ရင်ရွေ့ရပါသေးတယ်ဗျာ။ အခု ကျွန်တော်တို့ကားမှာလည်း အဲကွန်းဖွင့်ပေးထားပါတယ်။ ဒါကြောင့် တိမ်တွေလိုပဲရွေ့ပေးကြပါဗျာ။ ကဲ . . . ဟို . . ဦးထုပ်ဆောင်းထားတဲ့ ညီအစ်ကိုလေး . . . နောက်ကိုဆက်လျှောက်ပေးလိုက်ပါ"

သူ့နာမည်က 'သူရ' . . .

သူတို့သုံးယောက်စလုံး . . . ကားစပယ်ယာတွေလား၊ မဟုတ်။ ကျောင်းသားတွေလား၊ ဟုတ်သည်။

ဒါဆို ဘာကြောင့် ကားစပယ်ယာလိုက်ရသနည်း။

သူတို့မှာအကြောင်းရှိပါသည်။

"မြို့ထဲကို . . . မြို့ထဲကို . . . မြို့ထဲကို . . ."

သံစဉ်တကြော်ကြော်အော်ကာ လူခေါ်တင်နေသည်။ အထဲမှာကလည်း . . .

"ကဲ . . . နောက်တက်လေးတွေ လှမ်းလိုက်ပါ။ နောက်တက်ဆယ့်ငါးယောက် . . . ဟုတ်ပြီ . . .တစ်ယောက်ရပြီ၊ နှစ်ယောက် . ."

"မြို့ထဲကို . . . မြို့ထဲကို . . ."

"ရှစ်ယောက် . . . ဒီကအစ်မက နှစ်ယောက်လား . . . ဆယ်ယောက်"

"မြို့ထဲကို . . .မြို့ထဲကို . . . "

"ဆယ့်နှစ်ယောက် . . . ဆယ့်သုံးယောက်"

"အား . . ."

မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါးအော်သံကြောင့် အာရုံတွေအကုန်လုံး သူမဆီရောက်သွားသည်။



"ဖိနပ်ကို ဘာလို့တက်နင်းတာလဲ"

ရန့်ခပ်ဆတ်ဆတ်အော်လိုက်ပါ၏။

"တောင်းပန်ပါတယ်ဗျာ၊ မတော်မိလို့ပါ . . . ဆောရီး"

"ပြတ်သွားရင်ဘယ်လိုလုပ်မလဲ ရှင်လျော်နိုင်လို့လား"

"ဘာဗျ . . ."

ဗညားတင်းသွားသည်။ ပြီး . . . ထိုမိန်းကလေးကို အကြည့်စူးစူးဖြင့် တစ်ချက်ကြည့်မိပါ၏။ ထိုစဉ်မှာပင် သူရက အခြေအနေကိုသဘောပေါက်ကာ ဗညားဘက်ကဝင်တောင်းပန်သည်။

"တောင်းပန်ပါတယ်ဗျာ . . . စိတ်မရှိပါနဲ့ . . . မတော်လို့ပါ"

"မတော်တာတွေ . . . တော်တာတွေ ကျွန်မနားမလည်ဘူး။ တန်ဖိုးမသိလို့ ပြောပြနေတာ။ ဒီဖိနပ်ဘယ်လောက်တန်လဲ၊ ရှင်တို့သိလား"

ကြားနေရသောစကားတို့ကြောင့် သံစဉ်စိတ်ပျက်မိသည်။ ငွေကြေးတွေ၊ အဆင့်အတန်းဆိုတာတွေကို သူမုန်းသည်။ ဖြစ်နိုင်လျှင် ထိုအရာတွေ၏အဝေးဆုံးမှာ သူနေချင်ပါ၏။

ဒါပေမယ့် အခုလောလောဆယ်အခြေအနေမှာတော့ သူဝင်ပါရပေတော့မည်။

"မိန်းကလေး . . . တဆိတ် . . . စိတ်နည်းနည်းလျှော့ပေးပါဗျာ။ တောင်းပန်သူက တောင်းပန်နေပြီပဲ . . . ကျေနပ်ပါတော့။ ဒါမှမကျေနပ်သေးရင် ကျွန်တော်ပါ ဝင်တောင်းပန်ပါတယ်"

သံစဉ် ကျားသစ်ပျိုမတစ်ကောင်၏ မျက်လုံးမျိုးကဲ့သို့ စူးရဲသောမျက်လုံးတစ်စုံဖြင့်ဆုံရသည်။

"လူတွေက အဲဒါပဲ . . . တန်ဖိုးကိုနားမလည် . . . အဆင့်အတန်းဆိုတာကိုနားမလည်ဘဲ လုပ်ချင်ရာလုပ်ပြီးမှ တောင်းပန်တာ ကျွန်မသိပ်မုန်းတယ်။ ဒီမှာဖိနပ်သဲကြိုးက တစ်ချောင်းပြတ်သွားပြီ"

သံစဉ်ကြည့်လိုက်မိတော့ ဟုတ်သည်။ ကြိုးပေါင်းများစွာဖြင့်

www.burmeseclassic.com

ယှက်နွယ်ထားသော သူမဖိနပ်၏ဘေးဘက်ဆီမှ သဲကြိုးတစ်ချောင်းမှာ ပြတ်ကာနေသည်။ သူမသည်လည်း အခုမှတွေ့မိခြင်းဖြစ်ပေမည်။

ထိုအခါမှ ပွဲမှာပိုလှုလို့သွားပါ၏။

"ကဲ . . . ဘယ်လိုလုပ်မလဲ . . . ရှင်တို့လျော်နိုင်လား။ ဘယ်လောက်တန်တယ်ဆိုတာရော . . . ရှင်တို့သိလား"

တကယ်ပင်ပြတ်သွားသည့်အတွက် သံစဉ်စိတ်ကိုလျှော့လိုက်မိသည်။

"ကျွန်တော်တို့ လျော်ပေးပါ့မယ်၊ ဘယ်လောက်လဲပြောပါ"

တစ်ကားလုံးမှလူများသည်လည်း သူတို့လေးယောက်အပေါ်တွင်သာ အာရုံရောက်နေသည်ထင်သည်။ မည်သူမျှအသံမထွက်ကြ။

သံစဉ်စကားလည်း ကြားရော ထိုမိန်းကလေးမှာ ဟက်ဟက်ပက်ပက်ရယ်ပါတော့သည်။

"ဘာရှင့် . . . ရှင်တို့က လျော်မယ်ဟုတ်လား . . . ရယ်ဖို့ကောင်းလိုက်တာ။ ကိုယ်ဘာအလုပ်လုပ်နေတယ်ဆိုတာလည်း သေချာပြန်ကြည့်ပါဦးရှင် . . . လျော်နိုင်မလားလို့"

"ဘာပြောတယ် . . ."

ဗညားဆီမှထွက်သွားခြင်းဖြစ်သည်။ သံစဉ်ရှေ့တစ်လှမ်းတိုးလာသောဗညားကို လှမ်းတားလိုက်သည်။

"မိန်းကလေး . . . မင်းပါးစပ်က ဒီလိုစကားလုံးတွေပြောဖို့အကျင့်ပါနေတယ်ဆိုရင်လည်း ကျွန်တော်တောင်းပန်တယ်။ ဘယ်လောက်တန်သလဲပဲပြောပါ"

ရန့်မျက်နှာကိုတည်လိုက်သည်။ နောက် . . . မဲ့ပြုံးတစ်ခုကိုပြုံးရင်း . . .

"ရှင်တို့သုံးယောက် တစ်လလုပ်စာမကတန်တယ်"

သံစဉ် ချဉ်သွားရလေသည်။ နောက် မာနတစ်ခုက ဝုန်းခနဲဆောင့်တက်လာပါ၏။ မဖြစ်တော့ . . .



"နေစမ်းပါဦးကွ . . . မင်းက ငွေကြေးစကား တော်တော်ပြောလှချည်လား။ မင်းဘယ်လောက်ချမ်းသာလဲ . . . ဘယ်လောက်အဆင့်အတန်းရှိလဲ။ မင်းပါးစပ်ကထွက်ထွက်နေတဲ့ အဆင့်အတန်းဆိုတာဘာရော ဘာလဲ။ တစ်ဆိတ်လောက်ငါမသိလို့ ရှင်းပြပေးစမ်းပါကွာ။ မင်းပြောတဲ့အဆင့်အတန်းဆိုတာ ငွေကြေးကိုပြောတာလား . . . ပညာနဲ့ရာထူးကိုပြောတာလား . . . ငါမသိလို့"

သံစဉ်စကားတို့ မာထန်စွာ ထွက်သွားသည်။ ငုံ့ခံနေလို့မရတော့။ ဒီမိန်းကလေးစကားတွေက သည်းခံမှုအတိုင်းအတာကို ကျော်လွန်လာနေပြီဖြစ်သည်။

သံစဉ် ထိုသို့ပြောလိုက်သည့်အတွက် ပထမတော့ ထိုမိန်းကလေးကြောင်သွားသည်။ လုံးဝမထင်မှတ်ထားသောစကားတွေ ဖြစ်နေသောကြောင့်ဖြစ်မည်။ ဒါကိုပင် သံစဉ်ကထပ်မံ၍ . . .

"ဖြေလေကွာ . . . ဘာဖြစ်လို့ ငြိမ်သွားတာလဲ . . . နားရှင်းသွားရင်ထပ်မေးမယ် . . . မင်းဘယ်လောက်ချမ်းသာလဲ"

"ဘာ . . ."

ရန့် အသားတို့ပင်တုန်လာနေပြီဖြစ်သည်။ ဒီလိုလူမျိုးက လူကြားထဲ၌ သူမကို . . .

"အဲလိုမေးတဲ့ရှင့်ပါးစပ်ကို . . . ရှင်မရှုံ့ဘူးလား"

"ငါမေးမယ် . . . မင်းဘယ်လောက်ချမ်းသာလဲ"

ပွဲရှိန်က တော်တော်ကြီးကိုမြင့်တက်သွားလေပြီ။ သံစဉ် လျှော့ပေးရန်ဆန္ဒမရှိတော့၊ ဒီလိုမိန်းကလေးကို ဒီလိုလုပ်မှသင့်တော်မည်ဟု သူဆုံးဖြတ်လိုက်သည်။

"မင်း . . . ဇဒင်ခရီးသွားဝန်ဆောင်မှုဆိုတဲ့ ကုမ္ပဏီကိုသိလား"

ရန့် အသံတိတ်သွားသည်။ ဒီကုမ္ပဏီကို သူမသိသည်။ သူမအဖေပင် ရှယ်ယာထည့်ချင်သည်ပြောနေသော ကုမ္ပဏီ။

"အဲဒီအသိုင်းအဝိုင်းနဲ့ဝေးတဲ့ လူတွေဆိုရင်တော့ သိမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး . . . မင်းမသိရင် ငါပြောပြမယ်။ မြန်မာနိုင်ငံတွင်းမှာ ပြေးဆွဲနေတဲ့ လေယာဉ်တွေ . . ပြည်ပကိုပြေးဆွဲနေတဲ့ ပုဂ္ဂလိကပိုင်လေယာဉ်တွေ . . အဝေးပြေးကားတွေ . . . ကွန်တိန်နာတွေ . . . ထရပ်ကားတွေ . . . အဲဒါတွေအားလုံးရဲ့ သုံးပုံနှစ်ပုံလောက်ကို အဲဒီကုမ္ပဏီကပိုင်တယ်။ အဲဒီကုမ္ပဏီရဲ့ ဥက္ကဋ္ဌဦးကောင်းကျော်ကို မင်းသိလား။ မင်းမသိရင်လည်း မှတ်ထား . . . အဲဒါ ငါ့အဖေပဲ"

"ဘာ . . ."

သူမ အံ့သြသွားသည်လား၊ မယုံကြည်လွန်းသွားသည်လား မပြောတတ်။ ထိုကုမ္ပဏီ အဲဒီလောက်ချမ်းသာတာတော့ ဖေဖေပြောပြော နေ၍သူမသိသည်။

"အခု မင်းစီးနေတဲ့ကားလည်း ငါ့ကားပဲ။ ဒီရန်ကုန်မြို့တွင်းကအထူးကားတွေအကုန်လုံးကိုလည်း မင်းလက်ညှိုးထိုးမလွဲစေရဘူး။ ဒေါင်နာမည်တပ်ထားတယ် မင်းယုံလား . . ."

"မယုံဘူး . . ."

ရန့် သံပြတ်ဖြင့်ဖြေလိုက်သည်။

"မင်းမယုံရင် ငါလက်တွေ့ပြမယ်"

ထိုသူက ကားရှေ့ခန်းဖက်သို့ထွက်သွားသည်။ မကြာပါ လက်ထဲတွင် ဟမ်းဖုန်းတစ်လုံးကိုင်ကာ ပြန်ရောက်လာပါ၏။ ပြီးတော့ ဖုန်းနံပါတ်တစ်ချို့ကိုနှိပ်သည်။

"ဟဲလို . . . ဖေဖေလား . . . ဖေဖေသားကို ကားတစ်စီးလောက်လွှတ်ပေးလိုက်စမ်းပါ . . . သားပြန်ဖို့ အခက်အခဲဖြစ်နေလို့"

". . . . . . . ."

"အင်း . . . အခုဖေဖေ BMW စီးထားတာမလား"

". . . . . . . ."

"ဟာ . . . မလွှတ်နဲ့ . . . မလွှတ်နဲ့ . . . မာစီးဒီးမစီးချင်ဘူး။ PRADO ဖြစ်ဖြစ်၊ CYGNUS ဖြစ်ဖြစ် လွှတ်ပေးလိုက်"



". . . . . . . . . . ."

"အင်း . . . သားအခု (× × × × ×) နားကိုရောက်တော့မယ်။ အခုလွှတ်ပေးလိုက်နော်"

". . . . . . . . . ."

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

နောက် သံစဉ်ဖုန်းကိုပိတ်လိုက်လေသည်။ ရန့် အံ့သြသွားသည်။

ထိုလူနောက်နေတာလား . . . တကယ်လား . . .

သူမ စဉ်းစားရခက်နေသည်။ တစ်ဆက်တည်းမှာပဲ မဖြစ်နိုင်ဟုလည်း သူမတွေးမိနေပါ၏။ ထိုစဉ်မှာပင် . . .

"ဘာလဲ . . . ဦးကောင်းကျော်သားက ကားစပယ်ယာလိုက်နေလို့ မင်းအံ့သြနေတာလား . . . မအံ့သြနဲ့ . . . ငါက ဂုဏ်တွေ၊ ငွေတွေ၊ အဆင့်အတန်းဆိုတာတွေကို တအားမုန်းတဲ့ကောင်။

ငါကအဲဒါတွေကို စစ်တုရင်ခုံပေါ်က Pawn တစ်ရုပ်လောက် တန်ဖိုးထားတာမဟုတ်ဘူး"

သူမစကားသံတို့ မဲ့နေပါ၏။ မကြာပါ။ သူမမယုံကြည်သော ကိစ္စတစ်ခုသည် တကယ်ပင်ဖြစ်လာလေသည်။

နို့နှစ်ရောင် PRADO ကားကြီးတစ်စင်းက သူမတို့စီးလာသော လိုင်းကားကိုကျော်ကာ ခပ်လှမ်းလှမ်းတွင်ရပ်လိုက်သည်။

ထိုလူက သူမကို ဘယ်လိုလဲဟူသောအပြုံးဖြင့် ပြုံးပြသည်။ ပြီးတော့ . . .

"ဟေ့ကောင်နှစ်ကောင် . . . မင်းတို့ဖုန်းတွေ၊ လွယ်အိတ်တွေသွားယူလေ . . . ငါတို့ဆင်းမယ်"

ထိုသူက သူ့သူငယ်ချင်းနှစ်ယောက်ကို ပြောသည်။ ပြီးတော့ သူမဘက်သို့လှည့်၍ . . .

"သူတို့နှစ်ယောက်ကလည်း မင်းထင်သလို မရိုးသို့လုပ်စား



www.burmeseclassic.com

www.burmeseclassic.com

နေတာမဟုတ်ဘူး။ သူတို့အဖေနှစ်ယောက်လုံးက ဒေါင်ရဲ့ရှယ်ယာဝင်တွေချည်းပဲ။ မင်းစကားနဲ့ဆိုရင်တော့ အဆင့်အတန်းရှိတဲ့ထဲကပေါ့။ ငါတို့သုံးယောက်စလုံးကိုလည်းမှတ်ထားပါ . . . ဘူမိဗေဒ Final က မင်းနဲ့ အတူတူပါပဲ"

"ရှင် . . ."

ဒီစကားကိုတော့ သူမအံ့ဩသွားသည်။ ဒါဆို သူတို့ကသူမကိုသိနေတယ်ပေါ့ . . .

ကားပေါ်ကဆင်းခါနီးတွင် ထိုသူက စကားတစ်ခွန်းထပ်ပြောသွားပါ၏။

"ငါကတော့ အဆင့်အတန်းဆိုတာကို ကိုယ့်ကျင့်တရားတစ်ခုတည်းနဲ့တိုင်းတယ်"



ဒီလိုနှင့် တစ်နေ့ သူတို့နှစ်ယောက်ကို ဒုတိယအကြိမ်မြောက် ထိပ်တိုက်တွေ့ရန် အကြောင်းကဖန်လာပါသည်။

ဒီတစ်ခါတွေ့ဖို့ရန် ဖန်လာသူက . . .

အပ်တစ်ချောင်းမဟုတ်၊ လေပြားနေသောကားမဟုတ်၊ ဖိနပ်တစ်ရံမဟုတ်၊ ပြတ်သွားသော သဲကြိုးတစ်ချောင်းမဟုတ်။

မင်းသံစဉ်ဆိုသော သူကိုယ်တိုင်။



www.burmeseclassic.com

www.burmeseclassic.com

# V

ဒီနေ့သည် သောကြာနေ့ဖြစ်လေသည်။ သောကြာနေ့၏ ထုံးစံအတိုင်း ညနေကျောင်းလွှတ်ချိန်သည် ကျောင်းဝမရောက်ခင်စပ်ကြားမှာ လူတွေနှင့်ကြိတ်ကြိတ်တိုးနေပါ၏။

ကျောင်းဝဒ္ဒကား ကလေးနှစ်ယောက် လက်ကမ်းစာစောင်တွေ ဝေနေသည်။ ရပြီးသွားသည့်လူတွေလည်းရှိကြသည်။ မရသေးသော လူတွေလည်းရှိကြသည်။ သံစဉ်တို့အုပ်စုကတော့ ထိုလက်ကမ်းစာစောင် တစ်ရွက်ကိုကိုင်၍ စဉ်းစားခန်းဝင်နေလျက် ရှိနေကြပါသည်။ သံစဉ်က စမေးသည်။

"ဟေ့ကောင် . . . R–ဓာနည်က ဘယ်မြို့တော်မှာနေတာလဲ"

"ရန်ကုန်မြို့တော်မှာ နေတာလေ"



ဗညား၏အဖြေကြောင့် သံစဉ်ကျိန်ဆဲလိုက်သည်။

"မင်းအဘ . . . အဲဒါတော့ မင်းပြောမှလား . . . ငါလည်း သိတာပေါ့"

"သိရက်သားနဲ့ . . . ဘာလို့မေးနေလဲ"

"နောက်တစ်မြို့များ ရှိဦးမလားလို့ပေါ့ကွာ။ ဒီအတိုင်းဆိုရင် လက်ရုံးကိုတွေ့ဖို့က ရန်ကုန်တစ်မြို့လုံးလိုက်ရှာရမလိုဖြစ်နေပြီ"

"အေး . . . ငါလည်းမထင်ဘူး . . . ဒါပေမယ့် ငါတို့လည်း ဒီလောက်ပဲစဉ်းစားလို့ရတယ်"

သူရက ထောက်ခံစကားဆိုသည်။ ပြီး စာရွက်ကိုသေချာထပ်ကြည့်ရင်း . . .

"နောက်ပြီး ဒီ heart ဖဲ Queen ကို တစ်ဝက်ဖြတ်ထားတာကြီးက ဘာသဘောလဲမသိဘူး"

"အေး . . . ငါတို့လည်း အဲဒါပဲစဉ်းစားရကြပ်နေတာ"

ပြောပြီး သုံးယောက်သား စာရွက်ကိုသေချာထပ်ကြည့်ကြသည်။ သံစဉ်က စာရွက်ကိုကြည့်နေရာမှ စာရွက်တွင်ရေးထားသော စာသားအချို့ကို တိုးတိုးရွတ်သည်။

"သူမ . . . R–ဓာနည်နေတဲ့မြို့တော်ကို ဦးတည်သွားနေတယ်။ R–ဓာနည်က ဘယ်မြို့တော်မှာနေတာလဲ"

စာသာဆုံးသွားသည် အတွေးကအစပျိုးလို့ပင်မရသေး။ ထိုအချိန်မှာပင် ဆူညံဆူညံနှင့်မိန်းကလေးတစ်သိုက် ဆိုင်ထဲသို့ဝင်လာကြပါ၏။ ဝင်လာသူမိန်းကလေးများက သင်းရနံ့၊ ချိုလဲ့နှင့်ဖြူပြာ။

ချိုလဲ့နှင့်ဖြူပြာမှာ သူတို့သုံးယောက်နှင့် တစ်ခန်းတည်းဖြစ်သည့်အပြင် တစ်အုပ်စုလုံးနှင့်ရင်းနှီးနေသည်မို့ လှမ်းပြုံးပြသည်။ သူတို့အုပ်စုလည်း အလိုက်သင့်ပြန်ပြုံးပြလိုက်သည်။ ဒါပေမယ့် သင်းရနံ့ကတော့ သူတို့အုပ်စုရှိရာသို့ အကြည့်တစ်ချက်ရောက်မလာ။

သို့ပေမယ့်လည်း သံစဉ် သူမကိုလိုက်ကြည့်မိပါသည်။ ထိမထင်



www.burmeseclassic.com

www.burmeseclassic.com

ဟန်မျက်နှာလေးက အသည်းယားချင်စရာ။ ဆင်မ,ယဉ်သာခြေလှမ်းမျိုး မဟုတ်ပေမယ့် ကျားသစ်ပျိုမတစ်ကောင်၏ ရဲရင့်သောခြေလှမ်းမျိုးကပင် မာန်ပြည့်သောသူမမျက်နှာနှင့် လိုက်ဖက်လို့နေပါသည်။

"တစ်ခုတော့ရှိတယ် . . . ဟော့ကောင် . . . ရောမမြို့ကို တစ်ယောက်တည်းနဲ့တော့တည်လို့မရဘူး။ အားလုံးရဲ့စုပေါင်းအားနဲ့ ရောမဆိုပြီးဖြစ်လာတာ။ ဒီတော့ ငါတို့သုံးယောက်စလုံး စဉ်းစားမရလည်းဘာဖြစ်လဲကွာ . . . အားလုံးကိုစဉ်းစားခိုင်းတာပေါ့"

ဗညား၏စကားကြောင့် သံစဉ်မျက်မှောင်ကြုတ်လိုက်သည်။

"မင်းဘာကို ဆိုလိုတာလဲ"

"မင်းသွေးရှိမယ်ဆိုရင် . . . ငါတို့စဉ်းစားလို့ မရတဲ့စာရွက်ကို သင်းရနံ့တို့ဝိုင်းကိုသွားပေးပြီး စဉ်းစားခိုင်းလိုက်"

ဗညား၏စကားကြောင့် သူ့ရင် လျှပ်စီးလက်သွားသည်၊ ဝင်းခနဲ . . .

"ဟာ . . . မဖြစ်ပါဘူးကွာ၊ ဖြူပြာနဲ့ချိုလဲ့ကရှော့မရှိဘူး . . ဟိုတစ်ယောက်က ရှော့ရှိတယ်"

"မင်း ဒီပဟေဠိရဲ့အဖြေကိုရရင် လက်ရုံးရဲ့အချစ်မြားကို ဘယ်သူ့ပေးမှာလဲ"

"ဟာ . . . ဒါကတော့ . . ."

သံစဉ် အဖြေရခက်သွားသည်။

"မင်း . . . သင်းရနံ့ကို ပေးမှာမလား။ အဲဒီတော့ သူ့ကိုပေးမယ့်မြားရှိတဲ့နေရာကို သူ့ကိုသာသွားမေး။ အဲဒါ ဘယ်သူမှမလုပ်ရသေးဘူး"

"ဟာ . . . ဟုတ်တယ် . . . ဒါဆိုတော်တော်ဆန်းသွားပြီ"

သူရကပါ ဝင်ထောက်ခံသည်။

သံစဉ် စဉ်းစားရကြပ်သွားပါ၏။ ဟိုနှစ်ကောင်ကတော့ အတင်းတိုက်တွန်းနေသည်။ သံစဉ် ရနံ့တို့ဝိုင်းကို လှမ်းကြည့်လိုက်သည်။

သင်းရနံ့ဟူသော မိန်းကလေးက ဘေးမှသူငယ်ချင်းနှစ်ယောက်



[illegible]ပါ၏။

"ဟော့ကောင် . . . ကျွတ်မနေနဲ့ . . . ဖြူပြာနဲ့ချိုလဲ့လည်းရှိတယ်။ မင်းပဲအသစ်ကြိုက်တယ်ဆို . . . အခုငါတို့ပေးတဲ့နည်းက ဘယ်သူမှမသုံးရသေးတဲ့နည်းသစ် . . ."

သူဘာလုပ်ရမလဲ။

ဟိုတစ်ခေါက် ကားပေါ်ကကိစ္စမဖြစ်ခင်ကတည်းက သင်းရနံ့ဆိုသောမိန်းကလေးကို သံစဉ်သတိထားမိနေတာကြာပြီ။ ဒါပေမယ့် အဲလောက် မာန်မာနရှိမည်မထင်ခဲ့။

ကားပေါ်မှာ ဖြစ်သောကိစ္စကလည်း ဘယ်သူတွေဘာပြောပြော သံစဉ် သူ့အလွန်ဟုခံယူထားသည်။ သူက ယောကျ်ားလေးပင်မဟုတ်ပါလော။ သူပြန်တောင်းပန်သင့်ပေသည်။

ထိုကိစ္စနှင့်ပတ်သက်၍လည်း သံစဉ်နှင့်ဗညားတို့ စကားအခြေအတင်ဖြစ်ကြသည်၊ တောင်းပန်၏။ မတောင်းပန်၏။

ဒါပေမယ့် သံစဉ်၏ရင်ဖွင့်ချက်တွေအဆုံးမှာ ဗညားနှင့်သူရနှစ်ယောက် လက်ခံသွားပါသည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ တွန်းပို့နေခြင်းပင်ဖြစ်သည်။

နောက်ဆုံးမှာတော့ သံစဉ် ယောင်လည်လည်နှင့်ပင် ချိုလဲ့၊ ဖြူပြာနှင့်သင်းရနံ့ရှိရာဝိုင်းသို့ ရောက်သွားရပါသည်။ ဟုတ်သည်။ မင်းသံစဉ်သည် သစ်ရမည်။ ထိုသို့အားတင်းရင်းဖြင့် . . .

"ချိုလဲ့ . . . ငါဒီမှာ . . . ခဏထိုင်မယ်နော်"

သူ့စကားကြောင့် ချိုလဲ့နှင့်ဖြူပြာက သူ့ကိုမော့ကြည့်သည်။

"သြော် . . . သံစဉ် . . . လာ . . . ထိုင်လေ . . ."

ချိုလဲ့နှင့်ဖြူပြာက သူ့ကိုပြုံးကာနှုတ်ဆက်ကြသည်။ သူမကတော့ သူ့ကိုမြင်သည်နှင့်အကြည့်တစ်ခုကို တစ်နေရာဆီသို့လွှဲသွားပါ၏။

သံစဉ် ဝင်ထိုင်လိုက်ရင်းမှ လက်ထဲမှစာရွက်ကို စားပွဲပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

တင်လိုက်ပါသည်။

"သံစဉ် . . . အဲဒါ ဘာကြီးလဲ . . ."

ဖြူပြာ့ရှေ့သို့ထိုးပေးလိုက်ရင်း . . .

"လက်ရုံးရဲ့ . . . ပဟေဠိလေဟာ"

သူမတို့နှစ်ယောက် စိတ်ဝင်တစားကောက်ကြည့်ကြပါသည်။ ပြီး အတန်ကြာကြည့်ရင်းမှ နှစ်ယောက်စလုံးခေါင်းကိုယမ်းရင်း . . .

"ဘာအဓိပ္ပာယ်လဲဟ . . . ငါတို့စဉ်းစားလို့မရဘူး"

"အေး . . . ငါလည်းစဉ်းစားမရလို့ နင်တို့များရမလားဆိုပြီး . . . လာမေးတာ"

သံစဉ်စကားကြောင့် ဖြူပြာနှင့် ချိုလဲ့မှာ ခေါင်းယမ်းပြကြသည်။ ပြီး တဆက်တည်းပင် . . .

"ရန့် . . . ဒါကို ခဏကြည့်စမ်းပါ"

ဖြူပြာက ရန့်မျက်စိရှေ့သို့ စာရွက်ကိုထောင်ကာပြသည်။ ရန့်စိတ်မပါသလို တစ်ဖက်လှည့်လိုက်ရင်းမှ . . .

"မကြည့်ချင်ပါဘူး"

"ခဏလေးပါဟာ . . . နင်ဆိုရင် ဖြေနိုင်မှာပါ"

ရန့်လှည့်မကြည့်ပေ။ ဒါပေမယ့် ချိုလဲ့တို့နှစ်ယောက်မှာ အတင်းတိုက်တွန်းနေသည်ကြောင့် နောက်ဆုံး စာရွက်ဆီသို့မျက်လုံးရောက်သွားလေသည်။


စိတ်မပါဟန် ပေါ်လွင်နေသည့်မျက်နှာတို့က တဖြည်းဖြည်း မျက်နှာကြောတို့လျော့လာကာ စိတ်ဝင်စားသည့်အရောင်တို့ ထင်ဟပ်လာသည်။

"ပြစမ်း"

ရန့်စာရွက်ကို ဆွဲယူကာကြည့်လိုက်ပါသည်။

ထိုစာရွက်ကား အောက်ပါအတိုင်းသာ . . .






www.burmeseclassic.com

www.burmeseclassic.com

# VI

အချိန်နည်းနည်း ဆန့်သွားသည်ထင်၏။ နောက် . . .

"ငါသိပြီ . . ."

သံစဉ် လှိုက်ခနဲ ဝမ်းသာသွားပါသည်။ ပြီးချက်ချင်းပင် . . .

"ဘာ . . . ဘာလဲဟင် . . . အဓိပ္ပာယ်ကဘာတဲ့လဲ"

"ဘာလို့ ပြောပြရမှာလဲ"

"အမ် . . ."

သံစဉ် ပါးစပ်ပိတ်သွားရသည်။ ပြီး ဖြူပြာနှင့်ချိုလှဲ့တို့ကို အားကိုးရိပ်စွန်းသောမျက်ဝန်းတို့ဖြင့် ကြည့်လိုက်မိသည်။

"လုပ် . . . လုပ်ပါဗျာ . . . သိရင်ပြောပြစမ်းပါ။ ကျွန်တော့်အတွက် အရမ်းအရေးကြီးလို့ပါ။ ဖြစ်ပြီးသားကိစ္စတွေကိုလည်း ကျွန်တော်တောင်းပန်ပါတယ် . . . စိတ်ထဲမထားမနေပါနဲ့။ တစ်ကျောင်းတည်းသားချင်းတွေပဲဟာ . . . အဟဲ . . ."



သံစဉ့်စကားကြောင့် ရန့်ကမဲ့သည်။ သူမပုံစံကြည့်ရသည်မှာ သူ့အား တမင်သက်သက် အနိုင်ယူနေသလိုမျိုး။ သံစဉ် မချင့်မရဲဖြစ်သွားရပါသည်။

နောက် စားပွဲခုံအောက်မှနေ၍ ဖြူပြာ၏ခြေထောက်ကို လှမ်းတို့လိုက်သည်။ ဖြူပြာကလည်း သဘောပေါက်ပါသည်။

"ငါတို့လည်း သိချင်တယ်ဟာ . . . သူ့ကို မပြောရင်နေ၊ ငါတို့ကိုတော့ ပြောပြနော်"

"ပြောမယ် . . . ဘယ်မှာသွားပြောရင်ကောင်းမလဲ"

"ဒီမှာပဲ ပြောလေ . . ."

သံစဉ့် ဝင်ပြောလိုက်သည်။ သံစဉ့်စကားကြောင့် . . .

'တော်တော်အ,တယ်' ဟူသောသဘောဖြင့် နှုတ်ခမ်းကိုကိုက်ကာ မျက်စောင်းလှမ်းထိုးသည်။ သံစဉ်ရင်တစ်ခုလုံး ဘာဖြစ်သွားမှန်းပင်မသိ ကလိကလိ မြည်သွားသည်။

"ဟုတ်ပါတယ်ဟယ် . . . ကျောင်းလည်းလွှတ်နေပြီ။ ဘယ်မှသွားမနေပါနဲ့တော့ . . . ဒီမှာပဲ ပြောစမ်းပါ"

"ဒီမှာပဲပြောဟာ နော် . . . ရန့်"

ရန့်က ဖြူပြာနှင့်ချိုလှဲ့တို့နှစ်ယောက်ကို မျက်စောင်းလှမ်းထိုးလိုက်သည်။

"ဟဲ ဟဲ . . ."

အပိုးမကျိုးစွာ မိန်းမနှစ်ယောက်က ရယ်ကာပြသည်ကြောင့် ရန့် သူငယ်ချင်းတွေ၏ဆန္ဒကိုငြင်းဆန်ရန် အင်အားနည်းသွားရပါတော့သည်။

ထို့နောက်တော့ . . .

"ဒီမှာကြည့် . . ."

ဟုဆိုကာ ရန့်က စာရွက်ပေါ်တွင် လက်ထောက်ကာပြသည်။

"ဒီ heart Queen က ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ဝက်ပြတ်နေတယ်လေ"

"မဟုတ်ဘူးကွဲနေတာ . . . ဒီဖဲရဲ့အထက်အောက် အသည်းနှစ်ခုစလုံးကိုကြည့်လိုက် . . . အသည်းနှစ်ခုစလုံး တစ်ဝက်စီကွဲနေတယ်။ အဲဒီတော့ သူဆိုလိုတာက အသည်းကွဲနေတဲ့ဘုရင်မလို့ဆိုလိုတာ"

ဖြူပြာနှင့် ချိုလှဲ့ပင်မဟုတ် သံစဉ်ပင်စိတ်ဝင်စားသွားရပါသည်။

"အဲဒီ အသည်းကွဲနေတဲ့ဘုရင်မက R–ဓာနည်နေတဲ့ မြို့တော်ကို ဦးတည်သွားနေတယ်ဆိုတော့ . . . ဘယ်မြို့တော်ဖြစ်မယ်ထင်လဲ"

ပြန်ဖြေသံမကြားရ . . .

"အသည်းကွဲမြို့တော်ပဲဖြစ်မှာပေါ့"

"ဟင် . . ."

ပြိုင်တူလို အာမေဍိတ်သံတွေ ထွက်သွားသည်။

"အသည်းကွဲမြို့တော်နဲ့ R–ဓာနည်နေတဲ့မြို့က ဘာဆိုင်လို့လဲ"

ချိုလှဲ့က နားမလည်စွာဝင်မေးသည်။

"အသည်းကွဲမြို့တော်ဆိုတာ R–ဓာနည့်သီချင်းလေ"

စကားသံတို့ တိတ်ဆိတ်သွားပါသည်။ ကိုယ်စီကိုယ်စီ စဉ်းစားသွားကြခြင်းလည်း ဖြစ်နိုင်သည်။ ထိုစဉ်မှာပင် သံစဉ် စဉ်းစားရကြပ်နေသောကိစ္စတစ်ခုကို ထုတ်မေးလိုက်သည်။

"အသည်းကွဲမြို့တော်ဆိုတာ ဘယ်နားမှာလဲဗျ . . . ကျွန်တော်တော့ သီချင်းပဲကြားဖူးတယ် . . . မြန်မာနိုင်ငံထဲမှာရှိလို့လား"

"မရှိပါဘူး"

ဖြူပြာက ဝင်ဖြေခြင်းဖြစ်သည်။

"မရှိဘဲနဲ့ လက်ရုံးက အသည်းကွဲမြို့တော်မှာ သူရှိနေမယ်လို့ လိမ်ပြီး ပဟေဠိဝှက်လိုက်တာပေါ့"

သံစဉ့်စကားကြောင့် ရန့်ခေါင်းရမ်းသည်။

"မဟုတ်ဘူးရှိတယ်၊ ဒီကျောင်းဝန်းထဲမှာကိုရှိတယ်"

"ဘယ်လို . . . ဒီကျောင်းဝန်းထဲမှာ ဘယ်နားမှာလဲ"



"မြို့တော်တော့မဟုတ်ဘူး . . . လက်ဖက်ရည်ဆိုင်"

"ဟင် . . ."

သံစဉ် နှုတ်ဆိတ်သွားလေသည်။ နောက် ရန့်ပြောသောစကားကို ဆက်စပ်ကြည့်လိုက်သည်။

"ဒါဆို ခင်ဗျားဆိုလိုတာက . . . အသည်းကွဲကဖီးပေါ့"

"အမှန်ပဲ . . ."

သံစဉ် အားရကျေနပ်စွာပြုံးမိသွားလေသည်။ ဟုတ်သည် မနက်ဖြန်မနက် အသည်းကွဲကဖီးမှာသွားစောင့်ရမည်။

ထို့နောက်တွင်တော့ ထိုင်နေရာမှထလိုက်ပြီး . . .

"ကျေးဇူးပဲဗျာ . . . ခင်ဗျားကိုပစ်မယ့် အချစ်မြားရှိမယ့်နေရာကို ခင်ဗျားကိုယ်တိုင်လမ်းပြပေးတာ အရမ်းကျေးဇူးတင်ပါတယ်။ သွားလိုက်ပါဦးမယ်"

"ဘာရှင့်"

ရန့်နှုတ်ခမ်းဆီမှ တအံ့တသြ အာမေဍိတ်သံတို့ ခုန်ထွက်သွားသည်။

သို့သော် သံစဉ်မှာကား . . .

ဝေး၍ဝေး၍ သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## VII

ဒီလိုနှင့် သိပ်မကြာလှသောအချိန်တစ်ခု (တစ်လလောက်ကြာမည်ထင်ပါသည်)မှာပင် သံစဉ်နှင့်ရန့်မှာ ချစ်သူတွေဖြစ်သွားကြလေသည်။ ဘယ်သူ့ကြောင့်နည်း။

မေးရန်လိုမည်မထင်ပါ။ လက်ရုံး၏ အချစ်မြားသုံးစင်းကြောင့်ပင်ဖြစ်ပါသည်။ ဒါပေမယ့် သူတို့နှစ်ဦးစလုံး တစ်ယောက်နှင့်တစ်ယောက် တကယ်ချစ်ကြသည်လား၊ တွဲရုံတွဲတာလားဆိုတာတော့ သူတို့နှစ်ဦးမှလွဲပြီး မည်သူမျှသိမည်မထင်ပါ။

ဒါပေမယ့် သူတို့နှစ်ယောက် တကယ်ချစ်သူတွေဖြစ်သွားခဲ့ပါသည်။ ချစ်သူတွေဖြစ်သွားသည့်တိုင် သူတို့မှာ တစ်ယောက်နှင့်တစ်ယောက် အယူအဆတွေမတူညီကြသေး။

ဂုဏ်တွေ၊ ငွေတွေ၊ အဆင့်အတန်းတွေကို စကားလုံးလှလှတွေနှင့်ပေါ်ပေါ်သီသီသုံးကာ ရန့်တစ်ယောက်မွေ့လျော်နေသလောက်။



သံစဉ်မှာတော့ လူသားတွေ၊ စာအုပ်တွေ၊ ဆီညှော်နံ့တို့ဖြင့် ရောယှက်သော ပတ်ဝန်းကျင်လေထုတွေ၊ 'မြို့ထဲကို . . .မြို့ထဲကို' ဟု တကြော်ကြော်အော်နေရသည့် လူတန်းစားဇာစ်မြစ်တွေ၌သာ ကျင်လည်နေတတ်ပါသည်။

သူတို့နှစ်ယောက်က ခံယူချက်မတူ၊ နားလည်မှုမတူ၊ ရပ်တည်ပုံချင်းမတူ၊ ခံစားချက်မတူ၊ ပျော်ရွှင်မှုနှင့်ဘဝကို ဖြတ်သန်းပုံချင်းမတူ၊ ဒါပေမယ့် ချစ်သူတွေအဖြစ်တော့ ဆက်လက်လက်တွဲနေကြသည်။

ဒီလိုနှင့် နောက်ဆုံးနှစ်ဟူသော ကျောင်းတက်နှစ်၏နေ့တစ်နေ့မှာ . . .

သူတို့ဘူမိဗေဒမေဂျာ၏ထုံးစံအတိုင်း . . .

Field ဆင်းရန် ဖြစ်လာပါတော့သည်။

ကွင်းဆင်းလေ့လာရေး ခရီးထွက်ခြင်းဆိုသော်လည်း တကယ့်တကယ်က မိမိသင်ယူထားသောပညာတွေကို လက်တွေ့အသုံးချရန် ညွှန်ကြားစေခိုင်းခြင်း။

မေဂျာတစ်ခုလုံး ပျော်နေကြပါသည်။ သင်းရန့်တို့တစ်အုပ်စုလုံးလည်းပျော်နေကြသလို၊ ပညာနှင့်သူရတို့လည်း လေ့လာရေးခရီးစဉ်အတွက် ပျော်နေကြပါသည်။ သူကရော . . .

သူကတော့ အဲလောက်မပျော် ဒါပေမယ့် ရင်ခုန်နေသည်။

သင်းရန့်နှင့်အတူတူ သွားရမည့်အတွက်ကြောင့်လား . . .

မဟုတ်။

ထိုခရီးစဉ်မှရမည့် အတွေ့အကြုံအတွက် . . .

ဟုတ်သည်။ ခရီးတစ်ခုထွက်ခြင်းသည် ရင်ခုန်ဖွယ်ကောင်းသည့် အတွေ့အကြုံသစ်တွေနှင့်ပင် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ထိုအတွေ့အကြုံသည် ကံကြမ္မာကြီးက သူတို့နှစ်ယောက်အပေါ် မျက်နှာသာမပေးသော ခရီးတစ်ခုဖြစ်မည်ဆိုပါကား . .

လုံးဝမမျှော်လင့်၊ မထင်မှတ်ထားသော စိတ္တဇဆန်ဆန် ဇာတ်လမ်းတစ်ပုဒ်ဖြစ်မည်ဆိုပါကား . . .

လျှို့ဝှက်သည်းဖိုဆန်ဆန် အိပ်မက်တစ်ခု၏ တစ်စွန်းတစ်စဖြစ်မည်ဆိုပါကား . . .

နေရာပေါင်းစုံမှ အတိုက်ခံထားရသည့် စစ်တုရင်ခုံပေါ်မှ အဖြူရောင်အရုပ်တစ်ရုပ်ဖြစ်မည်ဆိုပါကား . . .

ထိုခရီးသည် သူ့အတွက်ရင်ခုန်စရာကောင်းဦးမည်လား . .

(သို့)

ကြိုတင်ရင်ခုန်ရကျိုး နပ်ပါမည်လား . . .

ဘယ်လိုပဲဖြစ်ဖြစ် အိုမင်းရင့်ရော်နေတဲ့ ကြယ်တစ်လုံးမှာတောင် ကြွေကျခြင်းဆိုတဲ့ထွက်ပေါက်တစ်ခု ရှိနေပါသည်။

ဒီတော့ သူသည်လည်း . . .



ဒီလိုနှင့် သူတို့အားလုံးမျှော်လင့်နေသော ခရီးထွက်မည့်နေ့သို့ ရောက်လာပါတော့သည်။



www.burmeseclassic.com

# VIII

သူတို့သွားရမည့်နေရာက ရှမ်းပြည်နယ်တောင်ပိုင်းရှိ မထင်မရှားမြို့လေးတစ်မြို့။

ကျောင်းမှ မီးရထားစီစဉ်ပေးထားမှုကြောင့် သူတို့တွေအကုန်လုံး မီးရထားဖြင့်ပဲခရီးစကြသည်။ လူငယ်တို့၏ထုံးစံအတိုင်း လမ်းခရီး၌ ပျော်ဖို့ကောင်းပါသည်။ တစ်ဦးနှင့်တစ်ဦး စလိုက်နောက်လိုက်၊ ရယ်လိုက်မောလိုက်ဖြင့် အတိတ်ဆိုတာကိုမေ့၊ အနာဂတ်ဆိုတာကိုမေ့။

ပစ္စုပ္ပန်တည့်တည့်မှာတော့ ရယ်သံတွေနှင့်သာ။

ဒါပေမယ့် သံစဉ်ကတော့ထိုသို့မဟုတ်၊ စာအုပ်တစ်အုပ်ကိုစိတ်နှစ်ကာ ငြိမ်သက်လို့နေသည်၊ ဒါဆိုရန့်ကရော . . .



www.burmeseclassic.com

ရန့်ကရော ဟာမ်းဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေပါသည်။ မီးရထားဆိုက်သမျှနေရာတိုင်း အိမ်သို့ဖုန်းဆက်ပြောရတာအမော၊ အဆင်ပြေကြောင်း၊ အန္တရာယ်ကင်းကြောင်း၊ ဆရာတွေကလည်း ဂရုစိုက်ကြောင်းစသည်ဖြင့် အိမ်ကထွက်လာတာပင် တစ်ရက်မပြည့်သေး၊ မမော နိုင်မပန်းနိုင်။

သံစဉ် ဘာမှဝင်မစွက်ဖက်ပါ။ သံစဉ် ခရီးတစ်လျှောက်လုံး စာထိုင်ဖတ်နေသည်ကိုလည်း ရန့်ဝင်မစွက်ဖက်ပါ။

ဝါသနာနှင့်ဗီဇဆိုတာ တစ်ဦးနှင့်တစ်ဦးမတူကြောင်း သူတို့တွေ လက်ခံထားသည်မဟုတ်ပါလား။

ဒီလိုနှင့် တစ်ညအိပ်ပြီးလို့ နောက်တစ်မနက် ဖွဲ့ဖြိုးလာချိန်မှာ ထင်းရှူးနံ့သင်းသောလေပြည်တွေ သူတို့နှာသီးဝသို့ ရိုက်ခတ်စပြုလာပါပြီ။ ချယ်ရီငွေ့ပါသော လေအေးအေးလေးတွေကလည်း သူတို့ရင်ဝသို့နမ်းရှိုက်လို့နေသည်။

တောင်ပေါ်ဒေသ၏အရသာကို သူတို့ခိုလှုံနေကြပြီဖြစ်ပါ၏။ နေမွန်းမတည့်မီအချိန်လောက်တွင် သူတို့အားလုံး၏ ခရီးဆုံးဘူတာသို့ ရထားကြီးက ဂိတ်ထိုးလိုက်တော့သည်။ လူတွေဆင်းကြ၊ အထုပ်အပိုးတွေချကြ၊ လူစစ်ကြနှင့် ဘူတာတွင် ခေတ္တမျှရှုပ်ထွေးသွားသည်။

နောက် . . . မီးရထားကြီးမှာ မဆုံးသေးသောခရီးကိုချီတက်ရန် တွန်ကျူးလိုက်သည်ကား . . .

"ဘော် . . ."

• • •

သူတို့၏ခရီးစဉ်က ဒီမြို့တွင်ဆုံးသည်မဟုတ်။ ဒီမြို့နှင့်အတန်ငယ်ဝေးသော ရွာမှာဆုံးမည်ဖြစ်ရာ ပါလာသောဦးဆောင်သူ ဆရာ ဆရာမများကကားငှား၍ ခရီးဆက်ရန်ပြင်သည်။

ဒီလိုနှင့်ကားငှား၍ ခရီးဆက်ရပြန်ပါသည်။ ရထားတစ်တန်၊



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်တန်ဆိုတာ ဒါမျိုးပေပဲဟု သံစဉ်က[illegible]တွေးမိ သည်။ သူရနှင့်ဗညားကတော့ မမြင်ဖူးသော ရှမ်းတောင်တန်းအလှတွေကို ငေးမောလို့သာနေပါ၏။

သင်းရန့်ကရော . . .

သူမကတော့ ထုံးစံအတိုင်း ဟမ်းဖုန်းကိုကိုင်ရင်း ခလုတ်တစ်ချို့ကိုနှိပ်နေသည်။ ဒါပေမယ့် ဖုန်းခေါ်လို့မရဘူးထင်ပါ၏။ သူမမျက်နှာ သုန်မှုန်နေသည်။

တစ်နာရီကျော်ကျော်လောက် ကြာမည်ထင်ပါသည်။ ရှမ်းဘာသာဖြင့်ရေးထိုးထားသော ဆိုင်းဘုတ်တစ်ခုကိုတွေ့ရပြီး မကြာခင်မှာပဲ သူတို့လိုက်ပါလာသောကားကြီးမှာ အိခနဲ ရပ်သွားပါတော့သည်။

"ရောက်ပြီဟေ့ . . . အားလုံးပဲ ကားပေါ်ကဆင်းတော့"

ဆရာတစ်ယောက်၏ စကားသံအဆုံးမှာပင် မြေပြင်နှင့်ဖိနပ်ထိသံတွေ တဖုန်းဖုန်းကြားရတော့သည်။ နောက် ဆရာဆရာမတွေနှင့် ရွာလူကြီးတွေစကားပြောဆိုဆွေးနွေးကြသည်။

ကြိုတင်ချိတ်ဆက်ထားသည်မို့ သိပ်မကြာလိုက်ပါ။ အဆင်ပြေသွားလေသည်။ သူတို့တစ်ဖွဲ့လုံးကို ရွာသူကြီးက ကျေးရွာစာသင်ကျောင်းဆီသို့ ပို့ဆောင်ပေးပါ၏။ နွေရာသီကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ကျောင်းမှာ စာအံသံတွေပျောက်နေသည်။

ဒီလိုနှင့် သူတို့တစ်ဖွဲ့လုံး၏တည်းခိုရိပ်သာက စာသင်ကျောင်းဖြစ်သွားလေသည်။

မထင်မရှားကျေးရွာလေးတစ်ရွာဖြစ်တာကတစ်ကြောင်း၊ တောထဲတောင်ထဲမှ လူသူမနီး စာသင်ကျောင်းဖြစ်နေတာကတစ်ကြောင်းတို့ကြောင့် ကျောင်းမှာသိပ်မပြည့်စုံလှ။ သို့ပေမယ့် သူတို့တွေနေလို့တော့ ရပါသည်။

ပစ္စည်းတွေသယ်ချရ၊ သယ်ပိုးရ၊ နေရာချရ၊ ယောက်ျားလေး၊ မိန်းကလေး နေဖို့ထိုင်ဖို့ ခွဲရနှင့်ပင် ထိုနေ့၏နေမင်းကြီးမှာ ဖရဲမှည့်ရောင်



သမ်းသွားပါသည်။

သူတို့တွေ အကုန်လုံး ရေမချိုးနိုင်တော့ ကိုယ်စီကိုယ်စီအအေးအကျီလေးတွေနှင့် ထိုတစ်ညကိုဖြတ်သန်းရပါတော့သည်။

ညဘက်ကျောင်းရှေ့တွင် မီးပုံဖိုကာစကားပြောနေကြစဉ်၌ ဗညားက ထူးဆန်းသောစကားတစ်ခွန်းကိုဆိုလေသည်။

. . .

"ဟေ့ကောင် . . . သံစဉ် မင်းရွာသူကြီးကို ဘယ်လိုမြင်လဲ"

မထင်ထားသောမေးခွန်းကြောင့် သံစဉ် ရုတ်တရက်ကြောင်သွားသည်။

"ဘာဖြစ်လို့လဲ . . . ဘယ်လိုမှမမြင်ပါဘူး"

"မင်းသေချာသတိမထားလိုက်မိဘူးနဲ့တူတယ်၊ ရွာသူကြီးပုံစံက တစ်ခုခုကိုလျှို့ဝှက်နေတယ်လို့ ငါထင်တယ်"

"ဘယ်လို . . ."

"ဟုတ်တယ် . . . သူ့ပုံစံက တစ်ခုခုကိုလျှို့ဝှက်ချင်နေတယ်။ နောက်ပြီး ငါတို့တွေ ဒီရွာရောက်လာတာကိုလည်း မနှစ်မြို့တဲ့ပုံစံပဲ"

"ဟုတ်တယ် . . . အဲဒါကိုတော့ ငါတို့သတိထားမိတယ်"

သူရကပါ ဝင်ထောက်ခံသည်။ နောက်ပြီး သူရကပင်ဆက်၍

"ငါတို့တွေကို အပေါ်ယံမှာသာပြုံးပြနေတာကွ၊ သူ့မျက်လုံးကိုကြည့်ရင်သိတယ် . . . ဒီလူကြီးမရိုးဘူး"

စကားတွေက သေချာလို့နေပါ၏။ သံစဉ် ခေါင်းရှုပ်သွားသည်။ ရွာသူကြီးပုံစံကို အနည်းငယ်တော့ဖြင့် သူလည်းရိပ်မိပါ၏။ ဒါပေမယ့် သူရတို့ပြောသလောက်ထိ သူမထင်ရဲ။

ဒီရွာသည် သူ့ရွာ၊ သူ့နယ်မြေပင် မဟုတ်ပါလား။

သံစဉ် ပတ်ဝန်းကျင်သို့ဝေ့ကြည့်၍ ထိုစကားစကိုဖြတ်လိုက်

www.burmeseclassic.com

သည်။ ယခု သူတို့ပြောနေသောစကားကို တစ်စုံတစ်ခုကြားသွားပါက သင့်တော်မည်မထင်ပေ။

ဒါပေမယ့် သံစဥ်စိတ်ထဲမှာတော့ တွေးစရာတစ်ချက်ဝင်သွားပါသည်။ ဒီလိုနှင့်ပင် မီးပုံမှမီးစွယ်တို့ကျိုးချိန်၌ သူတို့အိပ်ရာဝင်ခဲ့ကြတော့သည်။



၆

# IX

"အော် အိ အီး အွတ်"

တောင်ပေါ်ရနံ့ပါသော မနက်ခင်းတစ်ခုသည် ကောင်းကင်ဆီမှ လှပစွာခုန်ဆင်းလာခဲ့ပါပြီ။ မနက်လင်းပေပြီ။

ကျောင်းရှေ့၌ လူတွေတန်းစီကာ ရပ်နေကြပါ၏။ ထိုအထဲတွင် သံစဥ်လည်းပါသည်၊ ရနံ့လည်းပါသည်၊ ဖြူပြာလည်းပါသည်၊ သူရလည်းပါပါ၏။ ထိုလူတန်းကြီးရှေ့၌ ဆရာမတစ်ယောက်က စာရွက်တစ်ရွက်ကိုကိုင်ကာ နာမည်တွေအော်ခေါ်နေသည်။

လေ့လာရေးထွက်လာသော ကျောင်းသားများကို လူစုခွဲနေခြင်းပင်ဖြစ်ပါ၏။ အုပ်စုဖွဲ့နေခြင်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သံစဉ်၊ ဗညား၊ ရန့်နှင့် နောက်မိန်းကလေးနှစ်ယောက်ကတစ်ဖွဲ့၊ သူရ၊ ဖြူပြာနှင့် ချိုလဲ့တို့ကတစ်ဖွဲ့ကျသည်။ သံစဉ်တို့အဖွဲ့က နံပါတ် (၅)အဖွဲ့၊ ထိုစဉ်မှာပင် . . . ဆရာမဆီမှ အမိန့်သံတစ်သံကျလာပါသည်။

"ကဲ . . . အဖွဲ့ (၁) ဒီနေ့တစ်နေ့စာလုံးအတွက် စားဖို့သောက်ဖို့တာဝန်ယူရမယ်။ မင်းတို့ငါးယောက် ငါတို့နဲ့ဈေးလိုက်ရမယ်။ ဝယ်ရခြမ်းရမယ်။ ချက်ပြုတ်ရမယ်။ အဲဒီအလုပ်ကို တစ်ဖွဲ့တစ်ရက်စီ အလှည့်ကျတာဝန်ယူရမယ်။ မနက်ဖြန် အဖွဲ့(၂) နောက်နေ့ အဖွဲ့(၃)။ ကျန်တဲ့အဖွဲ့တွေက ဒီရွာအတွင်းမှာ လွတ်လွတ်လပ်လပ် သွားလာလည်ပတ်နိုင်တယ်။ ဒီနေ့ လေ့လာရေးမလုပ်ဘူး . . . မနက်ဖြန်ကစမယ်။ ညနေမှာ မင်းတို့ ဒီပတ်ဝန်းကျင်တောတောင်တွေကို ကွင်းဆင်းလေ့လာဖို့အတွက် အရေးကြီးတဲ့အချက်တွေ၊ လိုအပ်တဲ့အကြောင်းအရာတွေကို ရွာသူကြီးက ပြောပြလိမ့်မယ်"

ဆရာမက စကားကိုခဏနားသည်။ နောက် အားလုံးကို ဝေ့ကြည့်၍ . . .

"အားလုံး ဘာမရှင်းတာရှိသေးလဲ"

"မရှိပါဘူး . . ."

ထိုအသံမှာ ကျောင်းဝန်းအတွင်း၌ ဟိန်းထွက်သွားလေတော့သည်။

• • •

သံစဉ်တို့အုပ်စုမှာ နံပါတ် (၅)ဖြစ်သည့်အတွက် မီးဖိုချောင်တာဝန်ကဝေးသေးသည်။ သူရတို့အဖွဲ့က နံပါတ်(၇)ဆိုတော့ ပိုလို့ပင်အေးဆေးပါ၏။ ထို့ကြောင့် သူတို့တစ်အုပ်စုလုံး အေးအေးဆေးဆေးပင် သူတို့အမည်မဖော်တတ်သော ရှမ်းရွာအတွင်းသို့ ခြေဆန့်ခဲ့တော့သည်။

ရွာထဲဝင်မိတော့မှပင် ထိုရွာ၏ထူးခြားမှုကို သံစဉ် တစ်စထက်



တစ်စ ရိပ်မိလာရသည်။ ရွာလမ်းတစ်လျှောက်တွင် လူတွေရှင်းလို့နေပါ၏။ အိမ်ခြံဝန်းတွေထဲတွင်လည်း လူတွေမတွေ့၊ အိမ်ထဲက အိမ်ပြင်ပင် ထွက်ကြရဲ့လားမသိ။ တစ်ယောက်စနှစ်ယောက်စ တွေ့မိတော့လည်း အကြည့်တွေကို သိပ်မသင်္ကာချင်။ သံစဉ်တို့အုပ်စုကိုတွေ့၍ ကြည့်သွားသောအကြည့်ထဲ၌ အဓိပ္ပာယ်တွေ၊ လျှို့ဝှက်ချက်တွေ များစွာပါဝင်နေသလို ခံစားရသည်။

ဒီရွာက ဘာရွာနည်း၊ ဒီရွာကလူတွေက ဘယ်လိုနည်း။

ဘယ်လိုအကြောင်းအရာတွေကို ဖုံးကွယ်ထားချင်ရသနည်း။ စသောအတွေးတို့က သံစဉ့်ခေါင်းထဲမှာ ရှုပ်ထွေးနေသည်။ ဒါပေမယ့် သူတို့တည်းခိုရာ ကျောင်းသို့ပြန်ရောက်လာတဲ့အချိန်အထိ သံစဉ် စဉ်းစား မရခဲ့ပါ။

ဒီလိုနှင့် နေမင်းကြီးအလိုကျ ဝိုက်စင်းမေးတင်သွားသည့် အချိန်တွင် . . .

• • •

လူတစ်စုရှေ့၌ ရှမ်းဘောင်းဘီနှင့် ခေါင်းပေါင်းပေါင်းထားသော လူကြီးတစ်ယောက်ရပ်ကာနေသည်။ လူတစ်စုမှာ သူတို့လေ့လာရေးကျောင်းသားတွေဖြစ်၍ ရှမ်းဘောင်းဘီနှင့် ခေါင်းပေါင်းပေါင်းထားသော လူကြီးမှာ ရွာသူကြီးဖြစ်ပါသည်။

ဆရာမ မနက်ကပြောခဲ့သည့်စကားအတိုင်း သူတို့ကျေးရွာပတ်ဝန်းကျင်မှ တောတောင်၊ ရေမြေ၊ ချောက်ကမ်းပါး၊ လျှိုမြောင်စသည်တို့၏ အလေးဂရုပြုဖွယ်၊ လိုက်နာဖွယ်အချက်အလက်များကို ပြောဆိုနေခြင်းဖြစ်ပါသည်။

ကျောင်းသားတစ်အုပ်စုလုံး ဂရုတစိုက် ငြိမ်ကာနားထောင်နေသည်။ ရှမ်းလေသံဖြစ်သဖြင့် နားလည်ရန် အာရုံစိုက်နေရခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်ပါ၏။

ပထမ ပြောသွားသောစကားတို့မှာ သာမန်မျှပင်ဖြစ်ပါသည်။ ထူးထူးခြားခြားမရှိ။ ဒါပေမယ့် နောက်ဆက်တွဲပြောသွားသည့်စကားတွေမှာတော့ အာရုံစိုက်စရာတွေ ဖြစ်လာသည်။ စဉ်းစားစရာတွေဖြစ်လာသည်။ သူတို့ရွာ၏လှို့ဝှက်ချက်ဟုထင်ရမည့်စကားတွေ တစွန်းတစ်စ ပါလာသည်။

"အခိက ကျုပ်ပြောချင်တာက ရွာတောင်ဘက် (၅)မိုင်လောက်အကွာမှာ လှိုဏ်တစ်ခုရှိပါတယ်။ အဲဒီလှိုဏ်ထဲကို လုံးဝမဆင်းပါနဲ့။ အားလုံးပဲ . . . အဲဒီတစ်ချက်ကို ကျုပ် ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်။ ဖြစ်နိုင်ရင် အဲဒီလှိုဏ်နားကိုတောင် မသွားကြပါနဲ့။ ကျုပ်တို့ရွာသားတွေဆောင် အဲဒီဘက်ကို ရှောင်ကြတယ် . . . မသွားဘူး။ အရေးတကြီးကိစ္စပေါ်ရင်လည်း ဒီပြင်လမ်းကသွားတယ်။ အဲဒီဘက်ကမသွားဘူး . . ဘာဖြစ်လို့လဲဆိုတော့ အဲဒီလှိုဏ်ဟာ ရိုးမနဲ့ဆက်နေတယ်။ နောက် အဲဒီလှိုဏ်ထဲကိုဆင်းမိသူမှန်သမျှ ပြန်တက်လာတယ်ဆိုတာမရှိဘူး"

"ဟာ . . ."

"ဟင် . . ."

"အို . . ."

အကုန်လုံး အာမေဍိတ်သံတွေ ထွက်ကုန်သည်။

"ဘာဖြစ်လို့လဲလို့ ကျုပ်ကိုမမေးနဲ့ ကျုပ်လည်းမသိဘူး။ ဒါပေမယ့် လှိုဏ်ထဲဆင်းသွားသူမှန်သမျှ ပြန်တက်မလာနိုင်တာတော့ အမှန်ပဲ"

ကြားရတဲ့စကားတွေက ကိုယ့်နားကိုယ်ပင်မယုံချင်။ ဒီရွာသူကြီး သက်သက်မဲ့ခြောက်ပြောနေတာဟုလည်း မထင်မိ။ တကယ်အတည်ပြောနေခြင်းဆိုတာ သူသိသည်။

ဒါဆို ဘာကိစ္စလှိုဏ်ထဲဆင်းသွားသူတွေ ပြန်မတက်လာနိုင်သနည်း၊ သူတော်တော်စိတ်ဝင်စားသွားသည်။ သံစဉ်အတွက် စိန်ခေါ်မှုတွေကတော့ နေရာတိုင်းမှာစောင့်လို့နေပါ၏။ ဒါမျိုး Feel ကို သူအရမ်းကြိုက်သည်။ ဒီ Feel က အသစ်ဖြစ်နေသည်။ မဟုတ်ပါလော . . .

"ဒီတော့ . . . အခုတည်းက ကျုပ်အားလုံးကို ကြိုပြောထားပါတယ် . . . လှိုဏ်နားကို ဘယ်သူမှမသွားပါနဲ့။ အကယ်၍သွားမိခဲ့သော် . . . လှိုဏ်ထဲကို ဆင်းမိခဲ့သော် . . . ကျုပ်တာဝန်ကင်းပါတယ်"

ထို့နောက် စကားကိုဖြတ်၍ ရွာသူကြီးမှာ လှည့်ပြန်သွားလေတော့သည်။

စိန်ခေါ်မှုတွေ၊ ပဟေဠိတွေ၊ အတွေးတွေဖြင့် လုံးထွေးရင်း ကျန်ခဲ့သူများကတော့ သူတို့တွေအကုန်လုံးသာ . . .





www.burmeseclassic.com

www.burmeseclassic.com

# X

နောက်တစ်နေ့မနက်မှပင် သူတို့လေ့လာရေးခရီးစကြတော့သည်။ သူများအဖွဲ့တွေက တစ်ဖွဲ့ကိုခေါင်းဆောင်တစ်ယောက်စီ သတ်မှတ်ကြသော်လည်း သူတို့အုပ်စုကတော့ ခေါင်းဆောင်မထား။

ညီညွတ်မှုနှင့် နားလည်မှုသည်သာ အကောင်းဆုံးခေါင်းဆောင်အဖြစ် သူတို့တစ်ဖွဲ့လုံးခံယူထားသည်။

ရေဘူး၊ ထမင်းချိုင့်၊ လေ့လာရေးအတွက် လိုအပ်သည့်တန်ဆာပလာများ ထည့်ပိုးထားသည့်ကျောပိုးအိတ် စသည်တို့ကို ကိုယ်စီကိုယ်စီ သယ်ဆောင်ကြသော်လည်း ရန့်ကတော့ တစ်ခုပိုနေသည်။ အဲဒါက ဟမ်းဖုန်း . . . နောက်ပြီး . . .

"ရန့် . . . မင်းဝတ်ထားတဲ့ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ ဟမ်းချိန်းတွေကို ကျောင်းမှာထားခဲ့ပါလားကွာ။ တောလမ်းခရီးသွားတာ အဲဒါတွေပါတော့ ဝန်တာပိုတာပေါ့"



သူ့စကားကို ရန့်ကဘာမှမတုံ့ပြန်ပါ။ သူပြောသလိုလည်း ကျောင်းမှာချွတ်မထားခဲ့ပါ။ ဒီအတိုင်းပင်ပါလာသည်။ သံစဉ်ကလည်း နောက်ထပ်မပြောတော့ . . .

လူတစ်ယောက်ရဲ့ဗီဇဆိုတာ ပတ်ဝန်းကျင်စိန်ခေါ်မှုလောက်နဲ့တော့ မပြောင်းလဲနိုင်ကြောင်း သူယုံကြည်ထားသည်လေ။ ဒါပေမယ့် တစ်နေ့မှာတော့ ရန့်ရဲ့အယူအဆတွေ၊ မွေ့လျော်ရာဂုဏ်မနေတွေကို ပြောင်းလဲပေးနိုင်လိမ့်မည်ဟု သူ့ကိုယ်သူယုံကြည်ထားသည်။

နေရာရွေးကြတော့လည်း သူများတွေရွေးသလိုပင် လျှိုရိုရာတောင်ဘက်ကိုပယ်၍ ကျန်သည့်နေရာတွေကို ဦးစားပေးရွေးကြသည်။ သံစဉ်စိတ်ထဲမှာတော့ ရှိသည်။ ဒါပေမယ့် လေ့လာဖို့လိုအပ်နေသေးသည်ကြောင့် ခေတ္တမျှစူးစမ်းလိုစိတ်ကို ချုပ်တည်းထားလိုက်ပါ၏။

တောတောင်၊ လျှိုမြောင်တွေထဲသွားရတာ အမြင်အေးချမ်းပါသည်။ လတ်ဆတ်သော လေကလည်း တက်ကြွမှုကိုပေးပါ၏။ ကျောက်တောင်တွေပေါ် တက်ကြ၊ ထိုင်ကြ၊ သွားကြ၊ မှတ်တမ်းရေးရနှင့် အချိန်တွေ မည်သို့မည်ပုံ၊ ကုန်လွန်လေမှန်းပင်မသိ။

ထမင်းစားကြတော့လည်း မြက်ခင်းပေါ်ထိုင်၍ လက်ရည်တစ်ပြင်တည်း၊ ပျော်ဖို့ကောင်းပါသည်။ ရန့်တစ်ယောက်ကတော့ ဒီလိုမျိုးစားနေကျမဟုတ်သည့်အတွက် စားလို့သိပ်မဝင်မှန်း သံစဉ်ရိပ်မိသည်။

ထမင်းစားပြီးသွားတော့ တအောင့်တနား နားကာ သူတို့ငါးယောက်အုပ်စု ဓာတ်ပုံရိုက်ကြသည်။ မှတ်မှတ်ရရ သူနှင့်ရန့် နှစ်ယောက်တွဲပုံကို ပထမဆုံးအကြိမ်အဖြစ် ရိုက်ဖူးခဲ့ပါသည်။

အပြန်လမ်းမှာတော့ အားလုံးပင်ပန်းကုန်ကြပါပြီ။ ခြေတွေလက်တွေမသယ်ချင်တော့။ ဟမ်းဖုန်းမှလွဲ၍ ရန့်ဝန်စည်စလည်တွေအားလုံးသူ့ဆီမှာ။ ဗညားကြည့်မိတော့ သူ့ထက်ပင် ပိုဆိုးလို့နေပါ၏။ ဗညားက နှစ်ယောက်စာ။

ဒီလိုနှင့်ကျောင်းသို့ ပြန်ရောက်ခဲ့ကြသည်။ သူနှင့်ဖြူပြာတို့

www.burmeseclassic.com

အုပ်စုက ကြိုလို့ပင်ရောက်နှင့်နေကြပြီဖြစ်သည်။ တအောင့်တနား နားကာ ရေမိုးချိုးပြီးကာမှ ခန္တာကိုယ်မှာပြန်လတ်ဆတ်လို့ လာလေသည်။

ထမင်းစားဖို့အချိန်လည်း လိုနေသေးသည့်အတွက် သူတို့ သုံးယောက်ကျား၊လေးသုံးယောက် လက်ဖက်ရည်ဆိုင်ထွက်ခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်ဆိုသော်လည်း ကော်ဖီမစ်သာရသည့် ခနော်ခနဲ့ဆိုင်ကလေး ပါ။

သူတို့သုံးယောက်တစ်ဝိုင်းထိုင်၍ ကော်ဖီတစ်ယောက်တစ်ခွက်စီနှင့် အတွေ့အကြုံချင်းဖလှယ်နေစဉ်မှာပင် ထူးဆန်းသောစကားသံ အချို့ကို စကြားရတော့သည်။

"အလကားပါကွာ . . . လျှောက်ဖြဲခြောက်နေတာ။ ငါတို့ ဒီနေ့တင်ရောက်ခဲ့တာ ဘာမှမဖြစ်ဘူး"

"ရှူး . . . တိုးတိုး . . . သူများတွေကြားကုန်ဦးမယ်"

တစ်စွန်းတစ်စ ကြားလိုက်ရသောစကားတို့ကြောင့် သံစဉ်တို့ သုံးယောက် စိတ်ဝင်စားသွားသည်။

"မကြားပါဘူးကွာ . . . မင်းကလည်း၊ ငါလှူကြည့်ပြီးမှပြော တာ။ ဆိုင်ရှင်တွေမရှိဘူး . . . အနောက်ဘက်ထွက်သွားတယ်"

လေသံက တိုးပါသည်။ ဒါပေမယ့် ဆိုင်ထဲမှာ သူတို့နှစ်ဝိုင်း ပဲရှိသည်မို့ ကြားနေရပါသည်။

"မင်းတို့အဖွဲ့လိုက်ဆို ကောင်မလေးတွေလည်းပါတာပေါ့"

"ပါတာပေါ့ . . . သူတို့ကပိုတောင်ဆိုးသေးတယ်။ အဲဒီတစ်ဝိုက် က view တော်တော်ကောင်းတယ်ကွ။ နောက်ပြီး သစ်ခွပန်းတွေလည်း အများကြီးပဲ"

"ဟုတ်လား . . . အဲဒါဆို မင်းတို့လှူထဲရောဆင်းသေးလား"

"အချိန်မရလို့တော့လို့ မဆင်းဖြစ်ဘူးကွ။ နောက်တစ်ခါပေါ့"

ကြားနေရသောစကားတို့ကြောင့် တားမြစ်နယ်မြေကို ကျူးကျော် ခဲ့သော သူရဲကောင်းအဖွဲ့ဖြစ်ကြောင်း သိလိုက်ရသည်။



"အဲဒီနေရာကို သာယာတဲ့နေရာတောင် ရွာသူကြီးက ဘာဖြစ်လို့ ပေးမသွားချင်ရတာလဲ မသိဘူး"

"အေးပေါ့ကွာ . . . အကြောင်းရှိလို့နေမှာပေါ့"

ထို့နောက် စကားစကိုသိမ်းကာ ထိုအဖွဲ့ပြန်သွားသည်။ သံစဉ် တို့တစ်ဝိုင်းသာ စဉ်းစားရင်းကျန်ခဲ့ပါ၏။

"အကြောင်းရှိလို့ . . ."

ဘာအကြောင်းဖြစ်မည်နည်း၊ သံစဉ်သိချင်နေပါသည်။ နောက် ပြီး သူတို့ပြောသောလှူဆီသို့လည်း သွားချင်စိတ်တွေ ဖြစ်ထွန်းလာ သည်။

သူများအဖွဲ့တွေတောင် ရောက်ခဲ့ဖူးသွားလေပြီ။ သူတို့အဖွဲ့ ကရော . . .

သံစဉ် ဗညားဆီသို့ အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ ဗညား ကလည်း သဘောပေါက်ပါ၏။

နှစ်လိုဖွယ်တစ်ချက်ပြုံးကာ ခေါင်းညိတ်ပြသည်။

နောက်တော့ . . .

သူတို့သုံးယောက်လည်း ကျောင်းဆီသို့ ပြန်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# XI

နောက်တစ်နေ့ရောက်တော့ သူနှင့်ဗညားတို့ ကြိုတင်တိုင်ပင်ထားသည့်အတိုင်း လုပ်ကြသည်။

ကျောင်းမှထွက်လျှင်ထွက်ချင်းတော့ မနေ့ကသူတို့သွားခဲ့သော လမ်းကြောင်းအတိုင်းလိုက်၍ တဖြည်းဖြည်းနှင့် တောင်ဘက်သို့သွားရန် ဖြစ်သည်။

အခက်အခဲမရှိတော့ပါ။ သူတို့လုပ်ရပ်ကို ရန့်အပါအဝင် မည်သူမျှသတိမထားမိ။ သူတို့နှစ်ဦးသာသိလေသည်။ တဖြည်းဖြည်းနှင့် ရွာတောင်ဘက်ကိုရောက်မှန်းမသိ ရောက်လာနေပြီဆိုတာလည်း သတိထားမိသည်။



လမ်း[illegible]သော ကျောက်တောင်၊ ကျောက်တုံးတို့ကိုလည်း တိုင်းထွာမှတ်တမ်းတင်သည်ကြောင့် သူမတို့မိန်းကလေးအုပ်စု မရိပ်မိခြင်းလည်း ဖြစ်နိုင်သည်။ တစ်စထက်တစ်စတိုး၍တိုး၍ ရောက်လာခဲ့ပါသည်။

တောမှာလည်း အနည်းငယ်နက်လာနေပြီဆိုတာ ပတ်ဝန်းကျင်သစ်ပင်အနေအထားအရသိသည်။ ဒါပေမယ့် သူတို့ဦးတည်သွားလာနေသည့်လှိုဏ်ဆီသို့တော့ မရောက်သေး။ အခုအချိန်ထိတော့ အားလုံးအေးချမ်းနေပါသည်။ မသင်္ကာစရာ၊ ဘာတစ်ခုမှမတွေ့၊ ရွာသူကြီးပြောသည့်စကားတွေကိုပင် မယုံကြည်ချင်သလိုဖြစ်လာရသည်။

ဒီလိုနှင့် အနည်းငယ်မြင့်သော တောင်ကုန်းလေးတစ်ခု၏ အောက်ခြေအထက်မှာ . . .

“ဟယ် . . . ဒီမှာ . . . သစ်ခွပန်းလေးတော့ . . .”

သူတို့အဖွဲ့မှာ မိန်းကလေးတစ်ယောက်က အားရဝမ်းသာပြောသည်။

“ဟုတ်တယ် . . . ဒီအပင်မှာရောပဲ . . .”

ရန့် သူမရှေ့မှသစ်ပင်ပေါ် လက်ညှိုးထိုးပြရင်း ဆိုပြန်ပါ၏။ သံစဉ်လည်း မော့ကြည့်မိသည်။ ဟုတ်ပါသည်။ သူတစ်ခါမှမမြင်ဖူးသော သစ်ခွပန်းမျိုးစိတ်တစ်ခု၊ တော်တော်လှသည်။

ထိုစဉ်မှာပင် ဗညားက သူ့နားသို့လာကာ တစ်စုံတစ်ခုကပ်ကာ ပြောသည်။

“ဟေ့ကောင် . . . သံစဉ် . . . ငါတို့အခုရောက်နေတာ ရွာသူကြီးတားထားတဲ့လှိုဏ်ပဲ။ ငါဟိုကုန်းလေးပေါ် သွားတက်ကြည့်ပြီးပြီ။ ဟိုဘက်မှာ ဘာမှမရှိဘူး . . . ချောက်ကြီး။ ပြီးတော့ မနေ့ကဟိုကောင်တွေပြောစကားအရ သစ်ခွပန်းတွေပေါတယ်လို့ကြားတယ်။ အခုနေရာနဲ့ ကွက်တိပဲ”

ဗညားစကားဆုံးတော့ သံစဉ်ပတ်ဝန်းကျင်ကို ဝေ့ကြည့်မိသည်။

www.burmeseclassic.com

ဟုတ်သည်၊ သစ်ခွပန်းပေါ်သည်။ view လ[illegible]။ [illegible]

သံစဉ် ဗညားညွှန်ပြသော ကုန်းကမူလေးပေါ်သို့ ပြေးတက်သွားလိုက်ပြီးသည့်နောက် . . .

"ဟုတ်တယ် . . . ဗညား . . . အသေအချာပဲ။ ငါတို့လျှိုပေါ်ကိုရောက်နေပြီ။ ဒါပေမယ့် မိန်းကလေးတွေကိုတော့ သွားမပြောနဲ့"

"အေးပါ . . ."

ဗညားက ခေါင်းညိတ်ကာဆိုသည်။ ပြီးတော့ ပတ်ဝန်းကျင်အခြေအနေကိုလည်း သူတို့နှစ်ယောက် သတိထားပြီးကြည့်မိကြပါ၏။ ပြင်းပြင်းထန်ထန် တားမြစ်ရလောက်အောင် မသင်္ကာစရာ ဘာတစ်ခုမှ မရှိပါ။

မိန်းကလေးတွေကတော့ ဓာတ်ပုံရိုက်လိုက်၊ ပန်းခူးလိုက်နှင့် အလုပ်ရှုပ်နေသည်။ သံစဉ် နာရီကိုပင့်ကြည့်လိုက်ပါသည်။ အချိန်တောင်တော်တော်ရောက်နေပြီဖြစ်ပါ၏။ သံစဉ်နှင့်ဗညား သစ်ပင်တစ်ပင်အောက်တွင်ထိုင်ကာ နားလိုက်ကြသည်။

သူတို့နှစ်ယောက်စလုံး တစ်ဦးနှင့်တစ်ဦး စကားမဆိုဖြစ်ကြ၊ တစ်ဦးအတွေးကို တစ်ဦးမနှောင့်ယှက်ချင်၍လည်း ဖြစ်နိုင်ပါသည်။

လေလေးကလည်း တဖြူးဖြူးတိုက်ကာ ပတ်ဝန်းကျင်ကလည်း သာယာနေသည့်အတွက် စိတ်ချလက်ချ သံစဉ်ပက်လက်လှန်လှဲချလိုက်သည်။ သူ့မျက်စိတည့်တည့်ပေါ်တွင် အုပ်မိုးထားသော သစ်ပင်ကြီးထိပ်ဖျား၌ သစ်ခွပင်တစ်စုက နှောင့်ယှက်သူမဲ့စွာ ဝင့်ကြွားလို့နေပါ၏။

မကြာပါ။ သံစဉ်မျက်လုံးတို့ ကျိန်းစပ်လာသည်။ မျက်ခွံနှစ်ခုကို အတင်းကန်ကျောက်တားရပါ၏။ သူအိပ်ချင်နေပြီဖြစ်သည်။ သူ့နားထဲတွင်ကား ရန့်တို့မိန်းကလေးအုပ်စု၏ရယ်သံတွေ ကြားနေရပါသည်။ ဒီလိုနှင့် တစ်စထက်တစ်စ . . .

သူအိပ်ပျော်သွားသည်လား၊ စိတ်တို့လွင့်မျောသွားသည်လား သေချာမသိတော့ပါ။ သူ့စိတ်ထဲတွင် မပီဝိုးတဝါးမြင်နေသည်ကား . .



ရန့် တောင်ခါးပမ်းမှာ သစ်ခွပန်းတစ်ပွင့်ကို မမီမကမ်းခူးနေသည်။ ခြေဖျားကိုထောက်ကာ လက်ကိုဆန့်နိုင်သမျှ ဆန့်၍လှမ်းသည်။ မီလုမီခင်နည်းနည်းလေးလိုနေပါ၏။ ရန့်ပိုအားစိုက်ကာ ခြေဖျားကိုမြေကြီးနှင့်ထိရုံမျှလေးထောက်၍ နောက်တစ်ခါထပ်လှမ်းသည်။ ဒီတစ်ခါတော့ ပန်းကိုလက်နှင့်ထိသွားပါသည်။ ဒါပေမယ့် ခူးလို့ရလောက်အောင် သေချာမမိသေး။ ဒီလိုနှင့် ထပ်မံအားစိုက်ကာ လှမ်းရင်းကမ်းရင်း . . .

'ဗုန်း'ခနဲဆို တစ်စုံတစ်ယောက်၏ ပယောဂကြောင့်လား၊ သူမကိုယ်သူမ မထိန်းနိုင်တော့ဘဲ အရှိန်လွန်သွားသည်လားမသိ၊ ရန့်ချောက်ထဲသို့ ထိုးကျသွားပါတော့သည်။

• • •

"အား . . ."

သံစဉ် တစ်ကိုယ်လုံးထူပူသွားကာ ထထိုင်မိရက်သားဖြစ်သွားသည်။ ဝရုန်းသုန်းကား ဘေးမှဗညားထပြေးသွားသည်ကြောင့် သံစဉ်ကြောင်အ,စွာ ဗညားသွားရာဆီလိုက်ကြည့်မိတော့ . . .

သူ့ရင်ဝမှ အလုံးကြီးကျသွားရလေသည်။ ရန့်ချောက်ထဲသို့ပြုတ်မကျသွားပါ။ ဒါပေမယ့် ချောက်ကမ်းပါးစွန်းတွင် ရှုံ့မဲ့နေသောမျက်နှာနှင့် ရပ်ကာနေသည်။ ဒါဆို သူအိပ်မက်မက်နေခြင်းပေါ့။

သံစဉ် အချိန်အကြာကြီး စဉ်းစားချိန်မရလိုက်ပါ။ အလျင်စလိုပင် ရန့်ရှိရာဆီပြေးသွားလိုက်သည်။

"ရန့် . . . ဘာဖြစ်လို့လဲ . . ."

ရန့် ချက်ချင်းမဖြေနိုင် ပါးစပ်ထဲသို့လက်ညှိုးထည့်ကာ ငုံနေသည်။ နောက် တအောင့်ကြာမှလက်ညှိုးကိုထုတ်၍ . . .

"ဟိုအပင်ပေါ်က သစ်ခွပန်းကိုလှမ်းခူးတာ ပန်းကိုမမိပဲ သားကဆူးကိုင်နဲ့ ခြစ်မိသွားလို့ . . . နောက်ပြီး . . ."

www.burmeseclassic.com

ရန့်စကားကိုရပ်ကာ လှိုဏ်အတွင်းသို့ငုံ့ကြည့်သည်။

"ရန့် . . . ဟမ်းချိန်း . . . ဒီထဲကိုကျသွားတယ်"

"ဟင် . . ."

သံစဉ် အံ့သြသွားရလေသည်။ သံစဉ်ပင်မဟုတ် အကုန်လုံး၊

"ဟမ်းချိန်းက ဘယ်လိုဘယ်လို ကျသွားတာလဲ"

"ဟိုငုတ်နဲ့ချိတ်ပြီး ပြုတ်ကျသွားတာ"

ရန့် လက်ညှိုးထိုးပြရာနေရာက သစ်ခွပန်းပင်ပေါက်ရာခွဆုံ၏ အောက်ဖက်အနည်းငယ်မှငုတ်လေး . . .

"ဒါ . . . ဒါဆို ရန့်ဘယ်လိုလုပ်"

"ရန့် . . . ဆင်းရှာမယ်"

"ဟင် . . ."

သံစဉ် တော်တော်ထိတ်လန့်သွားသည်။ အကြောင်းက သူ့အိပ်မက်နှင့်သွယ်ဝိုက်စွာ တိုက်ဆိုင်နေခြင်း။

"ဆင်းမနေပါနဲ့တော့ရန့်ရယ် . . . ချောက်ကတော်တော်နက်တယ်နဲ့တူတယ်။ တွေ့မှာလည်း မဟုတ်ပါဘူး"

"ဟင့်အင်း . . . မရဘူး၊ ရန့် မရရအောင်ဆင်းရှာမှာ။ ရန့်နမျောတယ်။ အဲဒါ ရန့်မွေးနေ့တုန်းက ဖေဖေလက်ဆောင်ပေးထားတဲ့ ဟမ်းချိန်းလေး"

ရန့်က ဇွတ်ငြင်းပါ၏။ သံစဉ်စိတ်ပျက်စွာ ဗညားကိုကြည့်မိသည်။ ဗညားမျက်နှာကလည်း ဆင်းချင်စေပုံမပေါ်။ ဒါပေမယ့် ခက်တာက ရန့်။ သံစဉ် ရန့်အကြောင်းကို ကောင်းကောင်းသိသည်။ ရွှေဆိုလျှင် သူများထက်ပိုကြိုက်တတ်သောဗီဇက ရန့်မှာ ရာခိုင်နှုန်းတော်တော်များသည်။

"ကိုယ်ပြောသားပဲကွာ . . . အရင်ထဲက ဒါတွေဝတ်မလာပါနဲ့လို့။ အခုတော့ . . . ဘယ်လိုလုပ်မလဲ။ ဒီလောက်တောနက်တာ ဘယ်လိုမှရှာတွေ့မှာမဟုတ်ဘူး။ ပြောစကားမှနားမထောင်တာ"



"ကိုနော် . . . ရန့်ကိုမဆူနဲ့။ ကိုယ်ဆင်းမလိုက်ချင်လည်းနေ ရန့်ဘာသာဆင်းရှာမယ်"

ပြောပြောဆိုဆိုပင် ရန့်မှာ မြေကြီးပြေသည့်ဘက်မှပတ်၍ ဆင်းသွားသည်။

"ဟာ . . . ရန့် . . . ရန့် . . . ခဏနေဦး . . . ကိုယ်လိုက်မယ်"

ဒီလိုကျတော့လည်း သူ့လွှတ်မပေးရက်နိုင်။

"ဟေ့ကောင် . . . ဗညား . . . မင်းတို့အပေါ်မှာ ခဏစောင့်နေ။ ငါရန့်နောက်ကိုလိုက်သွားမှဖြစ်မယ်"

သံစဉ် ရန့်နောက်ကိုပြေးလိုက်ခဲ့ရပါတော့သည်။ ရန့်ကတော့ နောက်ကိုလုံးဝလှည့်မကြည့်။ ဆင်ခြေလျှောအတိုင်း ဆင်းသွားသည်။

နောက် . . . ဟမ်းချိန်းပြုတ်ကျရာဘက်သို့ပြန်သွား၍ ဟမ်းချိန်းရှာပုံတော်ဖွင့်ပါတော့သည်။ သံစဉ်လည်း အနီးနားတစ်ဝိုက် ပတ်ရှာကြည့်သည်၊ မတွေ့။ ရန့်ကတော့ ဘာတွေဓောကပ်နေသည်မသိ။ နောက်ဝင်တစ်ချက်လှည့်မကြည့်ဘဲ ဆက်ဆင်းသွားသည်။ သံစဉ်လည်း နောက်မှလိုက်ရပါ၏။

ဆင်းရင်းနှင့်ရှာသွားကြသော်လည်း ဒီလိုထူထပ်သောတောအုပ်မျိုး၌ အဘယ်မှာရှာလို့တွေ့မည်နည်း။ ကောက်ရိုးပုံထဲ အပ်ပျောက်တာကမှ ကောက်ရိုးမီးရှို့ပြီး ဓာကာနှင့်စစ်တိုက်လျှင် ပြန်တွေ့နိုင်ဦးမည်။ ယခုသည်ကား . . .

"ရန့် . . . တို့လှိုဏ်အောက်ထဲကို တော်တော်ရောက်လာပြီ၊ ပြန်တက်ကြရင်ကောင်းမယ်"

ဟုတ်သည်။ သူတို့အောက်ဆင်းလာတာ ဆယ့်ငါးမိနစ်လောက်ပင်ရှိပြီဖြစ်ရာ လှိုဏ်အောက်တွင်းသို့ တော်တော်ပင်ရောက်နေပြီ။ နောက်ပြီး အပေါ်မှ ဗညားတို့စိတ်ပူနေမှာစိုးသည်လည်း ပါပါ၏။

ရန့် လှည့်မကြည့်ပါ။ ပုံမှန်အတိုင်း ဆက်ဆင်းမြဲ။

www.burmeseclassic.com

"ရန့် . . . ဒီနေ့မတွေ့လည်း နောက်နေ့ကျ လာရှာလို့ရတာပဲကွာ။ လာပါ . . . အပေါ်တက်ရအောင်"

သံစဉ်စိတ်က တစ်ခုခုကို စိုးရိမ်စပြုလာပြီဖြစ်သည်။

သူ့စကားကြောင့် ရန့်က ခပ်ဆတ်ဆတ်လှည့်ကြည့်ပါသည်။

"ဆက်မလိုက်ချင် ဒီမှာပဲနေခဲ့။ ကိုယ့်ဘာသာ ဆင်းရှာမယ်"

"ကျွတ် . . ."

သံစဉ် စုတ်သပ်လိုက်မိသည်။ ဒီအခြေအနေကြီးကို သံစဉ်သဘောမကျတော့ပါ။ သူ့နားထဲသို့လည်း ရွာသူကြီး၏သတိပေးစကားသံ ပြန်လည်ဝင်ရောက်လာသည်။

"ရန့် . . ."

". . . . ."

"ရန့် . . ."

သံစဉ်ပြေးသွားကာ ရန့်လက်ကို ဆွဲလိုက်သည်။ ရန့်က ချက်ချင်းပင်ရုန်းထွက်သည်။ သံစဉ်နောက်တစ်ဖက်ကို ဆွဲကိုင်လိုက်ကာ . .

"မင်း ဆက်မဆင်းရတော့ဘူး"

မရပါ။ ရန့်က အတင်းပြန်ရုန်းပါ၏။

သံစဉ် စိတ်မရှည်တော့စွာ ရန့်ပခုံးနှစ်ဖက်ကို အတင်းဆွဲကိုင်လှုပ်ရမ်းလိုက်ရင်း . . .

"မင်းကို ဆက်မဆင်းရတော့ဘူးလို့ ပြောနေတယ်။ မင်းဘာသိလို့လဲ . . . ဒါ . . . ငါတို့အားလုံးကိုမဆင်းဖို့တားထားတဲ့ . . . ဟာ . ."

"ဟင် . . ."

"လျော . . . ဝေါ . . ."

"ဝုန်း . . ."

သူတို့နှစ်ယောက် ရုန်းရင်းဆန်ခတ်နှင့်ခြေချော်ကာ လှိုဏ်အောက်သို့လျှောတိုက်၍ ကျသွားပါတော့သည်။



"လျော . . ."

"ဝေါ . . ."

"ဝုန်း . . ."

"အင့် . . ."

မြေပြင်နှင့်ကျောတို့ ထိခတ်မိသွားကြကာ ပထမတော့ နှစ်ယောက်စလုံး ငြိမ်သက်သွားကြသည်။ နောက် မကြာခင်မှာပင် နှစ်ယောက်စလုံးကုန်းရုန်းထ,ကာ ပတ်ဝန်းကျင်ကိုကြည့်လိုက်မိတော့ . . .

"ဟင် . . ."

မြေပြင်ပေါ်မှအရာတစ်ခုဆီတွင် သူတို့နှစ်ဦးစလုံး၏အကြည့်တွေ ဆုံသွားမိချိန်မှာတော့ . . .

"ဟယ် . . . ဟမ်းချိန်းလေးပြန်တွေ့ပြီ . . ."

"ဟာ . . . ဟိုမှာ . . ."

နှစ်ဦးစလုံး အံ့သြဝမ်းသာစွာပြေးကောက်ရန် ပြင်စဉ်မှာပင် . .

"ရပ်လိုက် . . ."

"ဂျောက် . . ."

"ဂျောက် . . ."

ကျောပြင်သို့ထိသွားသော အေးစက်စက်အရာဝတ္ထုတစ်ခုနှင့်အတူ အမိန့်အာဏာသံပါသော စကားတစ်ခွန်းက သူတို့ကိုကြက်သီးထသွားစေသည်။

ကြောင်အ,စွာ ရန့်ကသူ့ကိုမော့ကြည့်သည်။ သံစဉ် ရန့်လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်မိပါ၏။ သူတို့နှစ်ယောက်စလုံး ကျောသို့ထောက်ထားသော အရာကဘာလဲ၊ ဒီလူတွေကရောဘာလဲ။။

"လှည့်ကြည့်ဖို့မကြိုးစားနဲ့ . . . သေနတ်မှန်ရင် သေတတ်တယ်ဆိုတာတော့ ကြားဖူးမှာပေါ့"

ရန့်မျက်နှာ သွေးဆုတ်ဖြူလျော်သွားလေသည်။ သံစဉ်သည်လည်း အနည်းငယ်တော့ထိတ်လန့်သွားသည်။ ဒီလူတွေ နောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com

လား၊ အတည့်ပြောနေတာလား။ ဒါမှမဟုတ် သူ[illegible] ဖွဲ့ကများ သူတို့အရင်ကြိုရောက်ပြီး အပျော်သက်သက် ဟာသလုပ်တာလား . . .

ဒါပေမယ့် ဒီလိုအသံမျိုးကိုတော့ သံစဉ်မကြားဖူး။ အသံက အက်တက်တက်နှင့် ထိတ်လန့်ဖို့ကောင်းသည်။

"မင်းတို့ ဒီကိုဘာလာလုပ်တာလဲ . . ."

ရန့်ကတော့ တစ်ကိုယ်လုံး တုန်ရီနေသည်။

"ကျွန်တော် . . . ကျွန်တော်တို့ လမ်းမှားလာတာပါ"

မကြုံဖူးသော အတွေ့အကြုံတို့ကြောင့် သံစဉ်စကားတို့ပင် ထစ်သွားသည်။

"မင်းတို့ကို ဒီနယ်မှာ မမြင်ဖူးပါဘူး"

နောက်တစ်ယောက်အသံ ဖြစ်ပါ၏။ ထိုအသံက နောက်ခပ်လှမ်းလှမ်းမှထွက်လာခြင်းဖြစ်ရာ သံစဉ်စိတ်ကူးနှင့် သူတို့လှူဦးရေကိုတွက်ကြည့်လိုက်သည်။

သူနှင့်ရန့်ကို သေနတ်ထောက်ထားတာက နှစ်ယောက်၊ ယခုနောက်ခပ်လှမ်းလှမ်းမှ တစ်ယောက်ဆိုတော့ အနည်းဆုံး သုံးယောက်ဖြစ်ပေမည်။ ကျော်ချင်လည်း ကျော်ပေမည်။

"ဘာပဲဖြစ်ဖြစ်၊ သူတို့ကိုတော့ခေါ်သွားရမှာပဲ"

ရန့်နောက်ကျောမှလူဆီက ထွက်လာသည်။

"ဟုတ်တယ် . . . သူတို့ကိုကြိုးတုပ်လိုက်"

နောက်တော့ သူနှင့်ရန့်နှစ်ယောက်မှာ လက်ပြန်ကြိုးတုပ်ခြင်းကိုခံရပါတော့သည်။ ပြီးတော့ အဝတ်စတွေနှင့် မျက်လုံးတွေကိုပိတ်စည်းခြင်းခံရပါ၏။

ထို့နောက်မှာတော့ သူတို့ခေါ်ဆောင်ရာ နောက်သို့ သံစဉ်နှင့် ရန့်နှစ်ယောက်မှာ . . .



## XII

တောင်ကုန်းတွေကိုလည်း တက်ရသည်။ ဆင်ခြေလျှောတွေကိုလည်း ဆင်းရသည်။ မြေပြန့်ကိုလည်း လျှောက်ရသည်။ စမ်းချောင်းတွေထဲသို့လည်း ဖြတ်နင်းရပါ၏။

သူတို့နှစ်ယောက်ကို ဘယ်ခေါ်သွားနေတာလဲ။ ပြန်ပေးဆွဲသွားခြင်းလား။

ရွာသူကြီးစကားကို နားမထောင်မိသည့်အတွက် အခုမှ နောင်တရချင်သလိုဖြစ်လာသည်။ နောက်ပြီး လျှို့ထဲသို့ဆင်းဖြစ်အောင် ဖန်တီးပေးခဲ့သည့် ရန့်ခုံမင်သော ရွှေထည်ပစ္စည်း၊ နောက်ထိုပစ္စည်း၊ ဂုဏ်၊ ပကာသနတွေကို ချစ်မြတ်နိုးသည့်ရန့်။



www.burmeseclassic.com

www.burmeseclassic.com

စသည့်စသည့်အတွေးတွေ အပြန်ပြန်အလှန်လှန် ဖြစ်နေရာက နေခြင်းနှင့်သာ သူ့ဦးနှောက်သည် မူးနောက်လို့လာရသည်။ သူတို့ လျှောက်ရသည့်လမ်းမှာ ညီညာပြေပြစ်ခြင်းကင်းလှပါ၏။ စစ်ဖိနပ်စီးထား၍သာ တော်တော့သည်။ ရန့်သည်လည်း တောစီးဖိနပ်တစ်ရံတော့ စီးထားပေသည်။ သူမသည်လည်း . . .

အဆင်ပြေပါရဲ့လား . . .

လမ်းခရီးတစ်လျှောက်လုံးတွင်လည်း မည်သူမျှ စကားမပြော၊ သူနှင့်ရန့်သာ မပြောသည်မဟုတ်။ သူတို့ကိုဖမ်းလာသော လူသုံးယောက်သည်လည်း စကားမပြော။

ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းပင် မသိတော့ပါ။ သံစဉ်တစ်ကိုယ်လုံး ချွေးတို့ဖြင့်ရွှဲနစ်လာသည်။ အပေါ်တွင်ကျန်ခဲ့သော ဗညားတို့သုံးယောက်သည်လည်း အခုချိန်ဆို ခေါင်းတောက်နေလောက်ပြီဖြစ်ကြောင်းတွေးမိသည်။ မတတ်နိုင်တော့ . . .

ယခုလောလောဆယ်တော့ ထိုအုပ်စုလက်ထဲမှ လွတ်မြောက်ဖို့ရန် ခက်လှပါသည်။ လူချည်းပဲဆိုလျှင် အကြောင်းမဟုတ်။ အခုဟာက သူတို့လက်ထဲ၌ သေနတ်တွေနှင့်။

ဒီလိုနှင့် တစ်နာရီဝန်းကျင်လောက် ကြာသွားမည်ထင်သည်။ စမ်းချောင်းလေးတစ်ခုကို ဖြတ်ကျော်ပြီးသွားချိန်၌ ခေါ်လာသောလူတွေသည် သူတို့နှစ်ဦး၏ခြေထောက်များအား ရပ်နားခွင့်ကိုပေးလိုက်ပါတော့သည်။

နှာခေါင်းထဲသို့ ဆေးရုံနံ့လိုလို၊ ပိုးသတ်ဆေးနံ့လိုလို၊ အနံ့တွေ စူးခနဲဝင်လာပြီးသွားသည့်နောက်မှာတော့ . . .

"Check . . ."

ဆိုသော အသံတစ်သံကို ကြားလိုက်ရပါတော့သည်။ ထိုအသံသည် တည်သည်၊ ငြိမ်သည်၊ အေးဆေးသည်၊ သြဇာအာဏာ အပြည့်ပါသောအသံမျိုး။



သူတို့ ရပ်နေရာနှင့် မဝေးလှသော မျက်နှာချင်းဆိုင်နေရာဆီမှ ထွက်လာခြင်း ဖြစ်ပေသည်။ မျက်လုံးနှစ်ဖက်ကို စည်းနှောင်ထားခြင်းခံရသည့်အတွက် မည်သူတွေဖြစ်သည်ကိုတော့ မတွေ့ရ။

သူတို့ ရပ်မြဲအတိုင်းရပ်နေစဉ်မှာပင် မျက်နှာချင်းဆိုင်အရပ်ဆီမှ နောက်ထပ်စကားသံတွေ ထပ်ကြားရပါ၏။

"ကဲ . . . မင်းရှုံးသွားပြီ။ ဒီတော့ မင်းရဲ့ရွေးချယ်မှုအတိုင်း ဒီမှာသာ တစ်သက်လုံးနေပေတော့။ ဒါငါဆုံးဖြတ်ပေးတာ မဟုတ်ဘူးနော်။ မင်းကိုယ်မင်းဆုံးဖြတ်တာ"

စကားသံတို့ ခဏဆိတ်သွားသည်။ သိပ်မကြာလိုက်ပါ။

"ကဲ . . . ဖော်ကြီး . . . သူ့ကို မင်းနဲ့အတူနေခိုင်းလိုက်"

လူတစ်ယောက် လမ်းလျှောက်လာသံကို ကြားရသည်။ နောက်ပြီး ပြန်ထွက်သွားသံကိုပါ တစ်ဆက်တည်းကြားလိုက်ရပါ၏။

ပြီးတော့ . . .

"သူတို့ကရော . . ."

သံစဉ် သူတို့ကိုမေးနေပြီဖြစ်မှန်းသိသည်။ ဘာရယ်ညာရယ် မဟုတ်။ ရင်ခုန်သွားသလို ခံစားလိုက်ရပါ၏။

"လမ်းမှားလာတာလို့ ပြောတာပဲ"

ပြောလည်းပြော မျက်လုံးမှအဝတ်ကိုလည်း ဖြည်ပေးနေသည်ကြောင့် သံစဉ်ငြိမ်နေလိုက်မိသည်။ ဖြည်ပြီးသွားလေပြီ။ သံစဉ် မျက်ခမ်းနှစ်လွှာကို ဖွင့်ကြည့်လိုက်ပါ၏။

စူးခနဲဝင်လာသော အလင်းရောင်ကြောင့် မျက်လုံးကအလိုလို ပြန်မှိတ်မိရက်သားဖြစ်သွားသည်။ နောက်တစ်ကြိမ်ဖြည်းညင်းစွာဖွင့်လိုက်မိသည်။ ပထမတော့ မျက်လုံးတို့ပြာဝေသွားပါ၏။ မျက်တောင်ကို နှစ်ချက်သုံးချက် ပုတ်ခတ်လိုက်ပြီးချိန်တွင်မတော့ . . .

သူပထမဆုံး သတိတရ ကြည့်မိသည်ကား ရန့်။ ရန့်သည်ဘေးတွင်ရှိနေပါသည်။ သူမသည်လည်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်



www.burmeseclassic.com

www.burmeseclassic.com

ကာ သူ့ကိုကြည့်နေသည်။ သံစဉ် စိတ်အေးသွားရပါ၏။ ထိုအချိန်မှာ ပင် . . .

"မင်းတို့က ဘယ်ကလဲ"

ဩဇာလှိုင်းပြည့်ကာ ရိုက်ခတ်လာသောအသံကြောင့် သံစဉ် ရှေ့တည့်တည့်ကို ကြည့်လိုက်မိချိန်တွင် . . .

ပထမတော့ သံစဉ်အံ့ဩသွားသည်။ နောက် လေးစားသလိုလို ဖြစ်သွားသည်။ အံ့ဩသွားရသည်ကား . . . တစ်ခေါင်းလုံး ဆွတ်ဆွတ် ဖြူအောင်ဖွေးနေသော အဘိုးအိုတစ်ယောက်။ ဒါပေမယ့် သူ့ပုံစံက ဆံပင် ဖြူတွေနှင့်မလိုက်စွာ အရွယ်တင်နေသည်။ ဝတ်ထားသောအဝတ်အစား ကလည်း အဖြူရောင်ထက်အောက်၊ ဘိုးတော်လိုလို၊ ဝိဇ္ဇာလိုလို။

လေးစားသွားရသည်ကား ထိုအဘိုးအို၏ ဥပမိရုပ်နှင့်မျက်လုံး။ ပြီးတော့ ကိုယ်နေဟန်ထား။

ဥပမိရုပ်ကား လွန်စွာခံ့ညားနေသည်။ မျက်လုံးအရောင် တောက်တောက်မှာလည်း စူးရှသည့်လက္ခဏာတွေ ပေါ်နေသည်ကြောင့် သံစဉ် ဖြုသလိုလိုတော့ ဖြစ်သွားသည်။ ဒီလိုမျက်လုံးမျိုးက ရှားသည် မဟုတ်ပါလား . . .။

နောက် ခြင်္သေ့တစ်ကောင်လို မိမိကိုယ်မိမိယုံကြည်မှုမျိုးဖြင့် ထိုင်ခုံပေါ်တွင်ထိုင်နေသည့် ကိုယ်ဟန်ကအစ ခံ့ညားလွန်းနေသည်။

ရန့် ပခုံးချင်းလှမ်းတိုက်လိုက်ပါမှ သံစဉ်သတိပြန်ဝင်သွားကာ

"ဗျာ . . . ဟို . . . ဟို . . . ရန် . . . ရန်ကုန်ကပါ"

ရန်ကုန်ဟူသောစကားကြောင့် ထိုအဘိုးအိုသည် တစ်နေရာ ဆီသို့ငေးသွားသည်။ သူ့မျက်လုံးတွေကိုကြည့်ရသည်မှာလည်း ဆွေး ဆွေးမြည့်မြည့်။ ဒါပေမယ့် ထိုသဏ္ဍာန်သည် ခဏသာကြာပါသည်။ ချက်ချင်းပင် ပုံစံကိုပြောင်းပစ်ကာ . . .

"ရန်ကုန်ကနေ ဒီကိုမင်းတို့က ဘာလာလုပ်ကြတာလဲ"

"ကျွန်တော်တို့က ကျောင်းသားတွေပါ။ လေ့လာရေးခရီးထွက်



လာကြတာပါ။ ဒီနယ်မှာတော့ ရှမ်းရွာတစ်ရွာမှာ တည်းပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ကတော့ အုပ်စုလိုက်ကျောက်တောင်တွေကို လေ့လာမှတ်တမ်း တင်ရင်း လူစုကွဲပြီးလမ်းမှားလာတာပါ"

သံစဉ် သေသေချာချာရှင်းပြရင်း အကျီကျောကုန်းမှ တံဆိပ် နှင့်ကျောင်းနာမည်ကိုပါလှည့်ပြသည်။ သံစဉ်စကားကြောင့် ထိုအဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ပါ၏။

ပြီးတော့ ဆက်ပြောသည်။

"ငါက ရုက္ခဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး ဒေါက်တာဘွဲ့ရ ထားတဲ့ ပါရဂူတစ်ယောက်ပဲ။ နာမည်ကိုတော့ သိချင်မနေပါနဲ့တော့ ကွာ။ ဒါပေမယ့် လွယ်လွယ်မှတ်ထားချင်ရင်တော့ . . . မှတ်ထား Orchid တဲ့"

"Orchid"

မင်းသံစဉ် သံယောင်လိုက်မိသွားသည်။ ပြီး ရန့်ဘက်သို့လည်း လှည့်ကြည့်မိပါ၏။

"ဟုတ်တယ် . . . Orchid . . . ငါပန်းတွေထဲမှာ သစ်ခွကို အရမ်းကြိုက်တယ်။ ဖြစ်နိုင်ရင် သစ်ခွပန်းတွေကိုညှိုးသွားတာ၊ ကြွေသွား တာ ငါမလိုချင်ဘူး။ ဒါကြောင့်မို့လို့ သစ်ခွပန်းတွေ ထာဝရမညှိုးအောင် လုပ်လို့ရတဲ့ သီအိုရီတစ်ခုကို အခုလို တောတောင်ထဲမှာလာပြီး စမ်းသပ် ရှာဖွေနေတယ်ဆိုပါတော့"

ထိုအဘိုးကြီးစကားကြောင့် သံစဉ်အံ့ဩသွားသလို စိတ်လည်း တော်တော်ဝင်စားသွားသည်။ ပြီး ပတ်ဝန်းကျင်ကိုလည်း ကြည့်လိုက် မိပါ၏။ သူတို့၏ပတ်ပတ်လည်တွင် အမိုးအစိမ်းနှင့် မိုးကာချိတ်ဆွဲ ထားသည့်သစ်ခွတွေမှာ မနည်းမနော။ နောက်ပြီး မှန်အလုံပိတ်ထားသော အခန်းတစ်ခန်းကိုလည်း တွေ့ရသည်။

ဓာတ်ခွဲခန်းတစ်ခုဖြစ်မည် ထင်ပါ၏။ ထို့ကြောင့် ခုနဆေးနံ့ လိုလို၊ ပိုးသတ်ဆေးနံ့လိုလို ရလိုက်မိခြင်းဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လူတိုင်းမှာ ရူးသွပ်မှုတစ်ခုစီတော့ ရှိတတ်ကြတယ်ကွ။ အနည်းဆုံးပေါ့လေ မင်းမှာလည်း ရူးသွပ်မှုရှိနိုင်သလို၊ မင်းဘေးက မိန်းကလေးဆီမှာလည်း ရူးသွပ်မှုတွေရှိနိုင်သလို ငါ့မှာလည်းရှိတယ်။ ငါ့ရဲ့ရူးသွပ်မှုကတော့ သစ်ခွပန်းပေါ့။ ဒါ ငါရဲ့ကိုယ်ပိုင်ရူးသွပ်မှုပဲ"

ဒီအဘိုးကြီးစကားတွေက စိတ်ဝင်စားဖို့ကောင်းနေသည်ကြောင့် သံစဉ်ငြိမ်ကာ နားထောင်နေလိုက်သည်။

"ကမ္ဘာကျော်သွားတဲ့ပုဂ္ဂိုလ်တွေလည်း ဘယ်ကစခဲ့တာလဲ သိလား . . . ရူးသွပ်မှုတွေကစခဲ့ကြတာပဲ။ ရူးသွပ်မှုပေါ်ကိုမှ ဝီရိယရယ်၊ ဉာဏ်ရယ်၊ ဖွဲ့ရယ် ထပ်ပေါင်းပြီး ကမ္ဘာကျော်သွားကြတာ။ အဲဒီအယူအဆကို မင်းလက်ခံလား"

"ဟုတ်ကဲ့ . . . လက်ခံပါတယ်"

ဒီအဘိုးကြီးကိုတော့ သံစဉ်လေးစားသွားရလေပြီ။ အသံနှင့်ပတ်သက်၍ ဩဇာအာဏာရှိရုံတင်မဟုတ်ဘဲ သူတစ်ပါးလက်ခံ ခေါင်းညိတ်အောင်လည်း စည်းရုံးပြောဆိုနိုင်စွမ်းရှိပါ၏။

"ရူးသွပ်မှုရှိပြီး ဝီရိယ၊ ဉာဏ်၊ ဖွဲ့ဆိုတဲ့ သုံးခုမရှိရင်လည်း မဖြစ်ဘူးကွ။ အဲဒီသုံးခုဟာလည်း တော်တော်အရေးပါတယ်။ ဘယ်အလုပ်ကိုပဲမဆို အဲဒီ ဝီရိယ၊ ဉာဏ်၊ ဖွဲ့ဆိုတဲ့ သုံးခုသာပေါင်းပြီးလုပ်၊ မဖြစ်ဘူးဆိုတာမရှိဘူး။ လိုရင်းပြောရရင်တော့ ဒါလူတစ်ယောက်ဆီမှာ ရှိထားသင့်တဲ့ အခြေခံအချက်ကြီးသုံးချက်ပေါ့ကွာ။

ဒါကြောင့်မို့လို့ ငါ့ဆီကို အကြောင်းတိုက်ဆိုင်လို့ပဲဖြစ်ဖြစ်၊ လမ်းပျောက်လို့ပဲဖြစ်ဖြစ်၊ လမ်းမှားလို့ပဲဖြစ်ဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့် ရောက်လာတဲ့လူတွေအကုန်လုံးကိုလည်း အဲဒီအချက်သုံးချက်နဲ့ ပတ်သက်ပြီး စမ်းသပ်လေ့ရှိတယ်"

သံစဉ် ခါးမတ်သွားသည်၊ သံစဉ်ပင်မဟုတ် ရန့်သည်လည်း တုန်လှုပ်သွားပါ၏။ ဘာတွေစမ်းသပ်ဦးမည်နည်း ?

အဘိုးကြီးက စကားကိုခဏနားကာ ခန္ဓာကိုယ်ကိုပြင်ထိုင်သည်။



ပြီးတော့ တစ်နေရာသို့ လက်ညှိုးထိုးပြရင်း . . .

"မင်းတို့ရှေးဖို့ ဟိုမှာလမ်းနှစ်လမ်းရှိတယ်"

အဘိုးကြီးညွှန်ပြရာဆီ သံစဉ်နှင့်ရန့် လိုက်ကြည့်မိကြသည်။ ဟုတ်သည်၊ လမ်းနှစ်လမ်း။ တောင်ပေါ်သို့တက်သွားသောလမ်းနှင့် တောင်အောက်သို့ ဆင်းသွားသောလမ်း။

"တောင်ပေါ်လမ်းအတိုင်း တက်သွားမယ်ဆိုရင် ဒီတောင်ဟိုဘက်မှာ ရေတံခွန်တစ်ခုကိုတွေ့လိမ့်မယ်။ အဲဒီရေတံခွန်ကိုဖြတ်ပြီး ဆယ့်ငါးမိနစ်လောက် လမ်းဆက်လျှောက်မယ်ဆိုရင် ကားလမ်းကို ရောက်ပြီကွ။ အဲဒါက တစ်လမ်း . . .

နောက်တစ်လမ်းက တောင်အောက်ကိုဆင်းသွားတဲ့လမ်း၊ အဲဒီလမ်းကတော့ ကားလမ်းဆီကိုမရောက်ဘူး။ ဒီနေရာကိုပဲ ပြန်ရောက်လိမ့်မယ်"

အဘိုးကြီးကစကားကိုရပ်၍ သံစဉ်တို့နှစ်ယောက်ကို ကြည့်သည်။ သံစဉ်တို့နှစ်ယောက်မှာ မျက်တောင်ပင်မခတ်ရဲ၊ စိတ်ဝင်တစား နားထောင်နေရပါ၏။

"ငါပြောခဲ့တဲ့ အရည်အချင်းသုံးရပ်နဲ့ ပြည့်စုံသူတစ်ယောက်အဖို့ပေါ့ကွာ . . . မနက်နေထွက်ချိန်ကနေစပြီး တောင်အောက်လမ်းအတိုင်းဆင်းသွားရင် ညနေနေမဝင်ခင် . . . ဒါမှမဟုတ် မမှောင်ခင်အချိန်အတွင်း ဟောဟိုလမ်းကပြန်ရောက်လာနိုင်တဲ့အခြေအနေရှိတယ်"

အဘိုးကြီး လက်ညှိုးထိုးပြရာလမ်းက ဆင်းသွားသောလမ်း၏ ဆန့်ကျင်ဘက်အရပ်မှ လမ်းတစ်လမ်း။

"အပျင်းပြေ လမ်းလျှောက်သလိုသဘောမျိုးသွားလို့တော့ မဖြစ်ဘူးပေါ့။ စိမ်ခေါ်မှုတစ်ခုအတွက် လုံလောက်တဲ့အခက်အခဲတွေတော့ ရှိနေမှာပဲ။ ဒီလမ်းနှစ်လမ်းကို မင်းတို့နှစ်ယောက် ဘယ်လိုသဘောရလဲ"

"ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ရှင် . . ."

နှစ်ယောက်စလုံး ဆွံ့အသွားသည်။ ဒီအဘိုးကြီးပြောသည့် အဓိပ္ပာယ်ကို သူတို့နှစ်ယောက်နားမလည်။ သူတို့ပုံစံကိုကြည့်၍ အဘိုးကြီးက သဘောပေါက်စွာ . . .

"ဆိုလိုတာက . . . မင်းတို့အမြင်မှာ ပထမလမ်းက အရမ်းလွယ်နေတယ် မထင်ဘူးလား"

"ထင်ပါတယ် . . ."

နှစ်ယောက်စလုံးဆီမှ ပြိုင်တူလိုထွက်သွားသည်။ တကယ်လည်းလွယ်လွန်းနေပါ၏။

"အဲဒီတော့ နှစ်လမ်းစလုံးအတွက် ညီညီမျှမျှဖြစ်အောင် ငါက ဒီလိုစီစဉ်ထားတယ်"

ပထမလမ်း (သို့) အပေါ်လမ်းကို ရွေးမယ်ဆိုရင် ငါနဲ့ စစ်တုရင်တစ်ပွဲအရင်ကစားရမယ်။ ငါ့ကိုနိုင်မယ်ဆိုရင် အပေါ်လမ်းကို သွားခွင့်ရှိမယ်"

"ရှုံးသွားရင်ရော . . ."

သံစဉ် အလျင်စလိုမေးမိသည်။

"ရှုံးသွားရင်တော့ ငါနဲ့အတူ ဒီမှာပဲတစ်သက်လုံးနေရမယ်။ ငါ့ရဲ့စမ်းသပ်မှုတွေကို ကူညီရင်းပေါ့"

သံစဉ် ကြက်သီးတွေပင် ဖျန်းခနဲ ထသွားသည်။ ပြီး . . . ရန့်လက်ကိုလည်း ဖျစ်ညှစ်မိပါ၏။ ရန့်လက်ဝါးတို့ကား အေးစက်နေကာ ချွေးစေးတွေနှင့်ရွှဲနေသည်။

"ငါ့ဆီကိုရောက်လာတဲ့လူတွေအကုန်လုံး တစ်ယောက်မှဒုတိယလမ်းကို မရွေးဖူးဘူးကွ။ အကုန်လုံး ပထမလမ်းကို ရွေးကြတယ်။ ဒါပေမယ့် ဘယ်သူမှလည်းငါ့ကိုနိုင်အောင် မကစားနိုင်ကြပါဘူး။ နောက်ဆုံးတော့ သူတို့ရွေးချယ်မှုအတိုင်းပဲ ဒီမှာနေလိုက်ရတာများတယ်။ အခု ငါ့မှာရှိနေတဲ့ လူတွေအကုန်လုံးလည်း ပထမလမ်းလိုက်တဲ့လူတွေချည်းပဲ။



ထွက်ပြေးသွားတဲ့လူတွေလည်း ရှိတယ်။ အဲဒီလူတွေအကုန်လုံးကို ငါ နာမည်တစ်ခုပေးထားတယ်ကွ။ ဘာနာမည်ပေးထားလဲသိလား"

သံစဉ် ခေါင်းရမ်းပြလိုက်သည်။

"အလွယ်တွေလို့ . . . ကိုယ့်ရဲ့ကျွမ်းကျင်မှုဟာ ဘာမှန်းမသေချာပဲ အလွယ်လိုက်လို့"

သံစဉ် ခေါင်းညိတ်လိုက်မိသည်လားမသိ။

"ထားပါ . . . ခုနစကားပြန်ဆက်ရရင် လမ်းနှစ်လမ်းက တန်ဖိုးတူသွားတာပေါ့ကွာ။ ပထမလမ်းကိုရွေးရင် ငါနဲ့စစ်တုရင်တစ်ပွဲ ကစားရမယ်၊ နိုင်ရင် သွားခွင့်ရှိမယ်။ ဒုတိယလမ်းကိုရွေးရင် စစ်တုရင်ကစားစရာမလိုဘူး။ ဒါပေမယ့် မိုးမချုပ်ခင် ဒီပေါ်ကိုပြန်တက်လာနိုင်ရမယ်"

"တက်လာနိုင်ခဲ့ပြီဆိုရင် . . ."

သံစဉ် စကားထောက်ပေးလိုက်သည်။

"တက်နိုင်လာခဲ့ရင် နောက်တစ်နေ့မှာ ငါ့တပည့်တွေက မင်းတို့ကိုတွေ့လာခဲ့တဲ့နေရာအထိ လိုက်ပို့ပေးမယ်။ ပြီးရင် လမ်းမှန်ရောက်အောင်လည်း ပြပေးလိမ့်မယ်"

"မတက်လာနိုင်ခဲ့ဘူးဆိုရင်ရော . . ."

"မိုးချုပ်သွားလို့မှ ဒီအပေါ်ကိုပြန်မရောက်လာနိုင်ခဲ့ရင်တော့ ပထမလမ်းကအရှုံးလိုပဲ . . . ဒီမှာတစ်သက်လုံး နေရလိမ့်မယ်"

သံစဉ် ရွေးရခက်သွားလေပြီ။ မည်သည့်လမ်းကိုရွေးရမည်နည်း၊ စစ်တုရင်ထိုးရမည်လား? ဝီရိယ၊ ဉာဏ်၊ ခွန်အားကို သုံးရမည်လား?

"ခုန မင်းတို့ရှေ့ကထွက်သွားတဲ့တစ်ယောက်ကို တွေ့လိုက်လား"

သူတို့ရောက်ရောက်ချင်း 'မင်း . . . ရှုံးသွားပြီ' ဟု ပြောလိုက်သောတစ်ယောက်ကို ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။

"သူကတော့ ခုနမှတိုးသွားတဲ့ ငါ့တပည့်အသစ်တစ်ယောက်ပေါ့ကွာ။ သူငါ့ကို သုံးကွက်နဲ့တင်ရှုံးသွားတယ်။ ကဲ . . . မင်းတို့ရော



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လမ်းကိုရွေးမလဲ"

ထိုအဘိုးကြီးစကားကြောင့် သံစဉ်အနည်းငယ်တော့ ထိတ်လန့်သွားသည်။ သုံးကွက်နဲ့တင် ပြိုင်ဘက်ကိုကျအောင် တိုက်နိုင်သောအဆင့်က သာမန်စစ်တုရင်သမားတစ်ယောက်တော့မဟုတ်။

အခုမှပင် ထိုအဘိုးကြီးထိုင်ခုံဘေးမှ ကစားရုပ်တွေ နေရာမပျက်ရှိနေသေးသည့် စစ်တုရင်ခုံကိုကြည့်လိုက်မိသည်။

ဟုတ်သည်။ ထိုအဘိုးကြီးသုံးကွက်နဲ့ပင် ပြိုင်ဘက်ကို အနိုင်ယူသွားခြင်းဖြစ်ပေသည်။ ကြည့်နေရင်းမှပင် ထိုအဘိုးကြီး၏တိုက်ကွက်တွေဆန်းနေသည်ကို သတိပြုမိသည်။ အကြောင်းကား . . .

ကွင်းန်ကို စောစီးစွာထုတ်၍ တိုက်ထားခြင်း။

ဒီကစားကွက်မျိုးကို သံစဉ်လေ့လာဖူးသည်။ ၁၉၀၄ ခုနှစ်ဝန်းကျင်လောက်က အမေရိကန်ကမ်းဘရစ်စပရင်း ပြိုင်ပွဲမှာနာမည်ရသွားခဲ့သော ကမ်းဘရစ်စပရင်း တိုက်စစ်အဖွင့်။

ဒီအဖွင့်ရဲ့သဘောတရားက ကွင်းန်ကို စောစီးစွာထုတ်လိုက်၍ တစ်ဖက်ကစားသမား၏ အစိုးရိမ်ပိုကာကွယ်မှုအပေါ်မှာ ထောင်ချောက်ကွက်ဆင်ကစားခြင်း။

ဒါပေမယ့် ဒီအဖွင့်ကို လက်တွေ့ကစားပွဲတွေမှာတွေ့ရ တော်တော်နည်းသည်။ ယခု ထိုအဘိုးကြီးက ကမ်းဘရစ်စပရင်းအဖွင့်ဖြင့် ကွင်းန်ကို စောစီးစွာထုတ်တိုက်ကာ အနိုင်ယူထားပါ၏။

သံစဉ်လျှော့မတွက်ရဲတော့ . . . ဒီအကွက်လောက်နဲ့ပင် ထိုအဘိုးကြီးအဆင့် ဘယ်လောက်ရှိကြောင်း ခန့်မှန်းလို့ရသည်။ နောက်ပြီး သံစဉ့်စိတ်ထဲမှာ စစ်တုရင်ထိုးချင်စိတ် ကုန်ခမ်းနေပါ၏။ ဖြစ်နိုင်လျှင် ဘယ်တော့မှစစ်တုရင်မထိုးတော့ဟုပင် ကိုယ့်ကိုယ်ကိုယ်ကတိပေးထားလိုက်ချင်သည်။

ယခုရော သူဘာလုပ်ရမည်လဲ၊ အပေါ်လမ်းကို ရွေးရမည်လား၊ အောက်လမ်းကိုရွေးရမည်လား၊ ရန့်ကိုကြည့်မိတော့လည်း မျက်လုံး



[illegible]ဖြင့် သူ့ကိုပြန်မော့ကြည့်သည်။

ပါရဂူအဘိုးကြီးအပါအဝင် ရှိနေသူအားလုံးကလည်း သူ၏ဆုံးဖြတ်ချက်ကို ငံ့လင့်လို့နေပါ၏။ သံစဉ်မျက်စိကို စုံမှိတ်လိုက်ကာစိတ်ကိုအတည်ငြိမ်ဆုံးအနေအထားသို့ရောက်အောင် စုစည်းလိုက်သည်။ ပြီးတော့ အံတစ်ချက်ကိုတင်းတင်းကြိတ်လိုက်၍ နှုတ်ခမ်းမှတစ်လုံးချင်းတို့ကျစွာ ဆုံးဖြတ်လိုက်မိသည်ကား . . .

"ကျွန်တော် . . . ဒုတိယလမ်းကိုရွေးမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com

# XIII

ဗညားတို့ဆီမှ ကြားလိုက်ရသောသတင်းကြောင့် ဖြူပြာ၊ ချိုလဲ့နှင့်သူရတို့ထူပူသွားသည်။ ဘာတွေများဖြစ်ကုန်ပြီလဲ . . .

လှိုဏ်ထဲဆင်းသွားကာ ပြန်တက်မလာကြတော့ဘူးဟူသည်ကား သာမန်သွေးရိုးသားရိုး ကိစ္စတော့မဟုတ်နိုင်။

ဗညားမှာ မျက်နှာအကြီးအကျယ် ပျက်လို့နေပါသည်။ သူရကရော၊ သူရသည်လည်း ကိုယ်တွေ့မဟုတ်ပေမယ့် အချစ်ဆုံးသူငယ်ချင်းအတွက်စိုးရိမ်စိတ်မီးတွေ တောက်လောင်နေသည်။ ဖြူပြာနှင့်ချိုလဲ့မှာ ပိုလို့ပင်ဆိုးပါ၏။ ဖြူပြာမှာ ငိုမဲ့မဲ့ဖြစ်နေသလို ချိုလဲ့ကရှိုက်သံပင်ပါနေပြီဖြစ်ပါ၏။



ငါတို့အပေါ်မှာ အကြာကြီးစောင့်တယ် . . . ပြန်တက်မလာနိုင်တဲ့အဆုံး လှိုဏ်ထဲဆင်းရှာတော့လည်း မရှိဘူး။ လှိုဏ်အောက်ထဲမှာ ငါတို့တော်တော်ဝေးဝေးထိလိုက်ရှာတာပဲ အရိပ်အယောင်မပြောနဲ့ အချက်ပေးသံတောင်မကြားရဘူး။ လှိုဏ်ထဲမှာပဲ ငါတို့တော်တော်ကြာသွားတယ်။ သူတို့တွေ လမ်းပဲပျောက်နေသလား၊ တောလည်ပြီးတော့ပဲ ဟိုး . . . တောနက်ထဲထိရောက်သွားလား၊ အကောင်ပလောင်တွေနဲ့တိုးလို့ ရောက်မိရောက်ရာ ထွက်ပြေးသွားကြသလား၊ ဒါမှမဟုတ် ငါတို့ကိုနောက်ပြီးတော့ပဲ ရွာပြန်သွားကြတာလား၊ တွေးလိုက်တာဟာ စုံနေတာပဲ။ နောက်ဆုံးမတွေ့တော့တဲ့အဆုံး လက်မှိုင်ချပြီး ရွာမှာများရောက်နေမလားဆိုတဲ့ မျှော်လင့်ချက်လေးတစ်ခုနဲ့ပြန်လာတာ။ ဒီရောက်တော့ အမောပို့ဆို့သွားတယ်”

ဗညားက သူ့အတွေ့အကြုံ၊ အဖြစ်အပျက်တွေကို ဆွေးဆွေးမြည့်မြည့်ပြောပြသည်။ ထိုအခိုက် ချိုလဲ့မှာရှိုက်ကြီးတငင်ငိုချလိုက်ပါတော့သည်။ ပြီး . . . ငိုသံတစ်ဝက်နှင့်ပြောပါ၏။

“ရန့်တော့ ဒုက္ခတွေ့နေပြီနဲ့တူတယ်ဟာ သနားပါတယ် . . ဟီး . . . ရှုတ် . . . ဟီး ”

“မပူပါနဲ့ဟာ . . . သံ့စဉ်ပွါ ပါသွားတာပဲ”

“သံစဉ်ပါသွားတာ ဟုတ်တယ်၊ ဒါပေမယ့် ခုန ဗညားပြောသလို အကောင်ပလောင်တွေတွေ့လို့ ပြေးရင်းလွှားရင်း လူကွဲသွားတယ်ဆို ဘယ်လိုလုပ်မလဲ . . . ဟီး . . . ရန့်တစ်ယောက်တည်းတောထဲမှာ မျက်စိလည်နေမှာ . . . ဟီး”

သူတို့အားလုံး ကြေကွဲစွာခံစားနေရပါသည်။ ထိုစဉ်မှာပင် သူရက သူ့အထင်အမြင်တစ်ရပ်ကို ဝင်ကာပြောသည်။

“သူတို့နှစ်ယောက် ခိုးပြေးသွားတာရော . . မဖြစ်နိုင်ဘူးလား”

“မဖြစ်နိုင်ဘူး . . . လုံးဝမဖြစ်နိုင်ဘူး”

သူရစကားကို ဗညားက ကမန်းကတန်းကန့်ကွက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်စလုံး ငါတို့ရှေ့မှာတင် ရန်ဖြစ်ပြီး ဆင်းသွားကြတာ။ ခိုးပြေးတာတော့ လုံးဝမဖြစ်နိုင်ဘူး။ နောက်ပြီး . . . ခိုးပြေးချင်တယ်ဆိုလည်း ရန်ကုန်ရောက်မှ ခိုးပြေးမှာပေါ့ကွာ။ ဒီတောထဲခိုးပြေးပြီး သူတို့ဘယ်နေရာသွားနေမှာလဲ"

ဟုတ်တော့ဟုတ်သည်။ ခိုးပြေးတာတော့ လုံးဝမဖြစ်နိုင်ဘူး။ ဒါဆို ဘယ်လိုကိစ္စတွေကြောင့် သူတို့နှစ်ယောက်စလုံးပျောက်နေရသနည်း။

အငိုမတိတ်သေးသောချိုလှဲ့ကို နောက်ထပ်နှစ်သိမ့်သောသဘောဖြင့် သူရက . . .

"တိတ်ပါတော့ဟာ . . . မိုးမချုပ်ခင် ပြန်ရောက်လာရင်လည်း ရောက်လာမှာပေါ့။ အရေးကြီးတာက အခုအချိန်မှာ ငါတို့ဘာအကောင်းဆုံးလုပ်သင့်သလဲဆိုတာကိုပဲ စဉ်းစားရမှာ။ ငါ့သဘောကတော့ ဒီကိစ္စကို လောလောဆယ် ခဏလျှို့ဝှက်ထားရင် ကောင်းမယ်နဲ့တူတယ်"

"လျှို့ဝှက်ထားလည်း ညနေတန်းစီချိန်ရောက်လို့မှ ပြန်မလာရင် သိကုန်မှာပဲ"

"အဲဒီအချိန်ထိမှရောက်မလာဘူးဆိုတော့လည်း မီးစင်ကြည့်ကကြတာပေါ့။ အခုလောလောဆယ်ပွသွားရင် အကုန်လုံးအုတ်အော်သောင်းတင်းတွေ ဖြစ်ကုန်မှာစိုးလို့။ နောက်ပြီး ဒီကိစ္စသာရွာသူကြီးသိသွားလို့ကတော့ မလွယ်ကြောပဲ"

ဗညားစကားက ငြင်းစရာမရှိအောင် မှန်နေသည်။ ဒီကိစ္စကို ရွာသူကြီးသာသိသွားပါက . . . ဟုတ်သည်။ ဖြူပြာ ဆက်ပင်မတွေးရဲတော့ . . .

ချိုလှဲ့ကတော့ သံစဉ်တို့ထွက်သွားရာအရပ်ဆီသို့ မျှော်ကြည့်ရင်း မျက်ရည်တွေ တသွင်သွင်စီးကျလို့နေပါ၏။

"ငါတို့က ကိစ္စမရှိဘူး။ နှင်ကေခိုင်နဲ့ဇင်မာတို့ကိုရော ဘယ်သူ့မှမပြောဖို့တားပြီးသွားပြီလား"



သံစဉ်တို့အုပ်စုထံမှ မိန်းကလေးနှစ်ယောက်ကို ဆိုလိုခြင်းဖြစ်သည်။ ဗညား ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်ပါ၏။

"အေး . . . ငါပြောထားပါတယ်"

ထို့နောက်တော့ သူတို့တွေအကုန်လုံး စကားမဆိုဖြစ်ကြတော့ပါ။ အားလုံးက ရွာအဝင်လမ်းတစ်နေရာကို မျှော်ကြည့်ရင်း၊ မျှော်ကြည့်ရင်းဖြင့်သာ . . .

ရဲရဲနီနေသောနေလုံးကြီးက တစ်စထက်တစ်စ ငုပ်လျှိုးပျောက်ကွယ်ဖို့ အဆင်သင့်ဖြစ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# XIV

ရန့်တစ်ယောက် မှောင်ကြီးမည်းကြီးထဲတွင် တဲတစ်လုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန် အလုပ်ရှုပ်နေသည်။ သူမလက်ထဲမှ တစ်စုံတစ်ရာက လင်းသွားလိုက် မှိန်သွားလိုက် ဖြစ်နေသည်။

သူမ ဖုန်းခေါ်နေခြင်းပါ။ ဒါပေမယ့် . . . လုံးဝခေါ်လို့မရ။ Service မမိဖြစ်နေပါ၏။ သူမကိုတော့ တဲရှေ့ကွပ်ပျစ်ပေါ်တွင် တစ်စုံတစ်ယောက်က စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံးဖြင့် ထိုင်ကာကြည့်နေပါ၏။ သူက မင်းသံစဉ်။

သံစဉ် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်၍ ပါးစပ်မှစုတ်တသပ်သပ်ဖြစ်နေသောရန့်ကို ပြုံးကာ ကြည့်လိုက်သည်။



“ဘယ်လိုလဲကွ . . . မင်းအရမ်းခင်တွယ်တဲ့ G.S.M ဖုန်းကြီးက အားကိုးလို့မရတော့ဘူးလား”

သံစဉ်၏ရိတိတိစကားကို ရန့်ပြန်မဖြေနိုင်ပါ။ ဟိုမှသည်မှသာလျှောက်၍ Service မိမည့်နေရာကိုရှာနေသည်။ သံစဉ်ဆက်ပြောသည်။

“မင်းနားလည်သင့်ပြီရန့်။ ငါတို့အခု ဒီကိုဘာကြောင့်ရောက်လာရတာလဲသိလား။ မင်းရဲ့ ဂုဏ်တွေ၊ ခနေတွေရဲ့ပြယုဂ် ရွှေထည်ပစ္စည်းကြောင့် အခု ကျဉ်းထဲကြပ်ထဲရောက်နေချိန်မှာ အဲဒါတွေက မင်းကိုကယ်နိုင်လို့လား . . . ကယ်နိုင်ဖို့နေနေသာသာ ဒုက္ခတောင်တစ်ခုတည်းပေးလို့တော်သေးတာပေါ့။ အခု မင်းတောက်လျှောက်ခေါ်လို့ရတဲ့ဖုန်းက Service မမိလို့ ခေါ်မရတော့ဘူး။ တကယ်တော့ ဂုဏ်တွေ၊ ပကာသနတွေ၊ အဆင့်အတန်းတွေဆိုတာ လူတိုင်းအတွက် နေရာတိုင်းအတွက် အသုံးမဝင်ပါဘူး။

ရန့် မတုံ့ပြန်ပါ။ အံကိုတင်းတင်းကြိတ်၍သာ ဖုန်းကိုမရမကခေါ်နေသည်။ ကံကောင်းသွားသည်လား မပြောတတ်၊ ဖုန်းမှာတစ်ချက်ဝင်သွားသည်။ ရန့် လိုက်ခနဲဝမ်းသာသွားမှုနဲ့အတူ သံစဉ်ဘက်သို့လှည့်ကာ ဘယ်လိုလဲဟူသောအကြည့်ဖြင့် ကြည့်လိုက်ပါ၏။

ပြီးတော့ . . .

ဝမ်းသာအားရဖြင့် . . .

“ဟယ်လို . . .”

“. . . . . .”

“ဟယ်လို . . .”

“. . . . . .”

“ဟင် . . .”

ဖုန်းမှာ လိုင်းကျသွားလေပြီ။

သံစဉ် မဲ့ပြုံးတစ်ချက်ကိုပြုံးကာ စကားဆက်လိုက်သည်။

“လူတစ်ယောက်အတွက် နေရာတိုင်းမှာအသုံးဝင်တာ တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။ အဲဒါ ဘာလဲသိလား . . .”

ရန့်က သူ့ကို ခပ်ဆတ်ဆတ်လှည့်ကြည့်သည်။

“ကိုယ်ကျင့်တရားပဲ”

ခပ်လှလှမဲ့ပြုံးတစ်ခုကိုပြုံး၍ တဲထဲသို့ခြေကိုဆောင့်ကာ ရန့်ဝင်သွားပါ၏။

“မင်း စိတ်ချလက်ချ၊ လိပ်ပြာသန့်သန့်နဲ့အိပ်ပါ။ ငါ ဒီအပြင်ကွပ်ပျစ်ပေါ်မှာပဲ စောင့်အိပ်ပေးမယ်။ ငါနဲ့ပတ်သက်ပြီး ဘာမှမစိုးရိမ်နဲ့ . . .

ငါက ကိုယ်ကျင့်တရားနဲ့ပတ်သက်ရင် အဆင့်အတန်းရှိပါတယ်”

အပြင်မှာ လေက တဟူးဟူးတိုက်နေသည်။ ပါရဂူအဘိုးကြီးရှိရာတဲဘက်မှ မီးရောင်ကိုလှမ်းမြင်နေရပါ၏။

နောက်ပြီးတော့ သူကောင်းကင်ကိုမော့ကြည့်မိသည်။

ကောင်းကင်၌ကား . . .

ဝက်ပါဆန်သော စုတ်ချက်တွေနှင့် လှပသောကစားပွဲတစ်ခုကို သူကြယ်ရောင်ဖြင့် မပီဝိုးတဝါး မြင်တွေ့လိုက်ရပါတော့သည်။



# XV

“ဖုတ် . . .”

အနားနားကပ်၍ပစ်ချလိုက်သော တစ်စုံတစ်ရာ၏ပြုတ်ကျသံကြောင့် သံစဉ် ကျိန်းစက်နေသောမျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

“ဆရာကြီးက လမ်းခရီးမှာလိုအပ်မယ့်ပစ္စည်းတွေကို ပေးခိုင်းလိုက်လို့လာပေးတာပါ”

မနေ့က သူတို့ကိုဖမ်းလာသော တစ်ယောက်၊ သံစဉ် မြေကြီးပေါ်မှပစ္စည်းတွေကို ကြည့်လိုက်မိသည်။

“ကြိုးတစ်ခွေ၊ ဓားရှည်မကျ၊ ဓားတိုမကျသော ဓားတစ်လက်၊ နောက် ရေဘူးတစ်ဘူး”

ဤမျှသာဖြစ်သည်။

“ဆရာကြီးက ပြောလိုက်သေးတယ် . . . စလို့ရပြီတဲ့”



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သာပြော၍ ပစ္စည်းလာပေးသော သူမှာထွက်သွားပါတော့သည်။ သံစဉ် အခုမှပင် ရနံ့ရှိရာတဲဆီသို့ ကြည့်လိုက်မိသည်။

တံခါးကြီးမှာ ပွင့်လို့နေပါ၏။

"ဟင် . . ."

စိုးရိမ်သလိုဖြစ်သွားသော စိတ်တို့နှင့်အတူ သံစဉ်ဝရန်းသုန်းကား တဲထဲသို့ပြေးဝင်လိုက်သည်။

"ရနံ့ . . . ရနံ့"

ပြန်ထူးသံမကြား၊ ဘေးဘီဝဲ့ကြည့်လိုက်သည်။ လူငွေ့ရှင်းသော ဗလာရောင်တုန့်ပြန်မှုတွေမှလွဲ၍ ဘာမှမတွေ့ရ။

"ရနံ့ . . . ရနံ့"

သံစဉ် စိုးရိမ်စိတ်တို့ကြီးစိုးသွားလေသည်။ ရနံ့ ဘယ်များရောက်သွားပြီလဲ။ တစ်ကိုယ်တည်း ရောက်ရာပေါက်ရာ ထွက်သွားသလား၊ ဒါမှမဟုတ်တစ်ယောက်ယောက်ကများ . . .

သံစဉ် ဆက်မတွေးရဲတော့ . . .

ကမန်းကတန်းပင် တဲပြင်ပြန်ထွက်၍ သူအော်ခေါ်မိသည်။

"ရနံ့ . . . ရနံ့"

သူ့ရင်တွေ တလှပ်လှပ်ခုန်နေပါ၏။ စိတ်ထဲတွင်လည်း အစားထိုးမရသော တစ်ခုခုဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။ တဲပတ်ဝန်းကျင်တွင်လည်း ရနံ့အရိပ်အယောင်လုံးဝမတွေ့ရ။ လေတိုက်ခတ်၍ တရှပ်ရှပ်မြည်နေသောသစ်ရွက်စိမ်းများက သူ့ကိုလှောင်ပြောင်နေသည့်အလား၊ သူခံစားနေရပါသည်။

နေရောင်ရှူးရှူးက သူ့မျက်ဝန်းရှေ့သို့ ထိုးကျလာသည်။ အမှန်က သူ့ရွေးချယ်မှုလမ်းကို စတင်လျှောက်လှမ်းရတော့မည့် အချိန်ကောင်း၊ ဒါပေမယ့် သူ့ဘေးနားမှာ သူချစ်သောကောင်မလေးကရှိမနေတော့ . .

ထိုစဉ်မှာပင် . . .

"ရှပ် . . ."



သူ့နောက်ကျောဘက်တောင်ကုန်းဆီမှ ခြေသံလိုလို ဘာလိုလို သူကြားလိုက်ရသည်။

"ရှပ် . . .ရှပ်"

ဟုတ်သည်။ ခြေထောက်နှင့်သစ်ရွက်ဆုံမိသောအသံ။ သံစဉ် ကမန်းကတန်း နောက်လှည့်ကြည့်လိုက်အချိန်မှာပင် . . .

ဝင်းခနဲလက်သွားသော လျှပ်ပျော်လှိုင်းတွေနဲ့အတူ . . .

"ဟင် . . . ရနံ့"

ဟုတ်ပါသည်။ နောက်ကျောဘက်တောင်ကုန်းဆီမှ တစ်လှမ်းချင်းလျှောက်လှမ်းလာသော သူမ . . .

"ရနံ့ . . . မင်းဘယ်သွားနေတာလဲ . . ."

သူ၏အလျင်စလိုအမေးကို သူမကစိတ်မပါသလို တစ်ချက်ကြည့်၍ ဆိုပါ၏။

"တောင်ကုန်းပေါ်ကို ဖုန်းသွားဆက်တာ"

သံစဉ် အပြစ်မပြောရက်တော့ပါ။ မေးစရာလည်းထပ်လိုမည်မထင်တော့။

အကြောင်းကား . . .

"မင်းအစား ပင်ပန်းလိုက်တာ . . . ရနံ့ရယ်"

သံစဉ်ထိုသို့သာပြော၍ မြေပြင်ပေါ်မှကြိုးတွေကို ကောက်လွယ်လိုက်သည်။ နောက် ဓားကိုခါးကြားသို့ထိုးထည့်လိုက်ရင်း . . .

"အချိန်ကျပြီ ရနံ့၊ ငါတို့သွားရအောင်"

ရနံ့ကလည်း အလိုက်တသိပင် ရေဘူးကိုကောက်ယူလိုက်ရင်း . . .

"ဒီကစားပွဲမှာ . . . ကို့ဦးဆောင်မှုနောက်ကပဲ ရနံ့လိုက်မှာနော်"

www.burmeseclassic.com

www.burmeseclassic.com

# XVI

နေမင်းကြီးကတားမရစွာ သူတို့နှစ်ယောက်ကို ပညာပြနေသည်။ သူတို့နှစ်ယောက်စလုံး ချွေးတို့ဖြင့်ရွဲနစ်နေကြပြီ။ တောင်အဆင်းလမ်းဆိုပေမယ့် ထင်သလောက်မသက်သာ။

တချို့နေရာတွေကမတ်စောက်၍ အချို့နေရာတွေက ကမူထစ်တွေနှင့် မညီမညွတ်ရှိလှသည်။ တောကြီးတောင်ကြီးထဲတွင် သူတို့နှစ်ဦးတည်း ကူညီမယ့်သူမရှိ၊ အားပေးမည့်သူမရှိ၊ နေဝင်ချိန်ကိုစောင့်နေသည့်လူတစ်စုနှင့်အနောက်ဘက်သို့ အစဉ်မပျက်ရွေ့လျားနေမည့် နေမင်းကြီးသာရှိသည်။

စိန်ခေါ်မှုကို သဘောတူလက်ခံပြီးမှတော့ တွန့်ဆုတ်နေရန်အကြောင်းမရှိတော့ပေ။ ဘာပဲဖြစ်ဖြစ် ယောကျ်ားမှန်ရင် ကိုယ့်ဆုံးဖြတ်ချက်ကိုတော့ ကိုယ်တာဝန်ယူရဲရမည် မဟုတ်ပါလား . . .



BURMESE CLASSIC .com

အန္တရာယ်နှင့်ဒုက္ခဆိုတာ အောင်မြင်မှုအတွက် လှေကားထစ်၊ အရိုက်ကြမ်းသောဆရာ၊ အမြင့်ကို ခုန်တက်မည့်တွန်းအား။

ဒီလိုအရည်အချင်းရှိသည့် အန္တရာယ်တွေ၊ ဒုက္ခတွေကို တွေ့ဝိုက်ရှောင်ဖယ်မည့်အစား ထိပ်တိုက်ရင်ဆိုင်ခြင်းသည် ထွက်ပေါက်၏ တံခါးကိုခေါက်နေခြင်းပင် မဟုတ်ပါလော . . .

ဟုတ်သည်။ သူရင်ဆိုင်ရပေမည်။ နောက်တွန့်လို့မဖြစ်၊ နောက်ကျလို့မဖြစ်။ အခုအချိန်မှာ စိတ်ဓာတ်က သူ့အတွက်တော်တော်အရေးကြီးနေသည်။

သံစဉ် ခြေလှမ်းကိုရပ်၍ နောက်လှည့်ကြည့်လိုက်သည်။ ရန့်သူ့နောက်ခပ်လှမ်းလှမ်းတွင် ပါလာပါ၏။ သူမပုံစံကြည့်ရတာလည်းကြုံသမျှ အကြောင်းအရာ အဆိုးအကောင်း ဘာမဆိုကို ရဲရဲရင်ဆိုင်ရဲသည့်ပုံစံမျိုး။

"ရန့် . . . ရရဲ့လား . . ."

သူ့အမေးကြောင့် ရန့်ပြုံးသည်။

"ဖြစ်ပါတယ် . . . သွားပါ"

ထိုစဉ်မှာပင် . . .

"ဒိန်း . . . "

သူတို့နှစ်ယောက်စလုံးခေါင်းတွေ ဆင်းလာရာလမ်းဘက်တိုလည်သွားသည်။ တောင်ကုန်းဘက်ဆီမှ ငှက်တစ်အုပ်ထပျံသွားပါ၏။

သေနတ်သံလိုလို၊ ယမ်းဖောက်သံလိုလို၊ မသဲမကွဲအသံတစ်ခုက ဟိန်းသွားသည်။ သံစဉ်တို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက်ကြည့်မိကြပါ၏။ ဒါပေမယ့် နှစ်ဦးစလုံးပင် မရေမရာခေါင်းရမ်းပြကြရင်းခရီးဆက်ကြသည်။

တောမှာ နက်သထက်နက်လာသည်ဟု သူထင်သည်။ ခေါက်ပေါင်းသိပ်မရှုပ်သော်လည်း လွတ်လွတ်လပ်လပ်သွား၍မရတော့၊ အနည်းငယ်ထူသော မြေလျှောက်နွယ်တွေနှင့် ခြေထောက်က တစ်ချက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ငြိချင်လာသည်။

သွားရင်းလာရင်း ဟိုသစ်ပင်မှဒီသစ်ပင်ကူးနေကြသော ရှဉ့်ကလေးများ၊ သူတို့၏နောင့်ယှက်မှုကြောင့် သစ်ပင်ထက်ဝဲပျံသွားသော မြေဝပ်ငှက်ငယ်များ၊ တစ်ခါတစ်ခါ ယုန်ဖြူကလေးများကိုပင် ခပ်လှမ်းလှမ်း ခပ်ဝေးဝေးမှ မြင်နေရသည်ဖြစ်ရာ ကြည်နူးသလိုပင်ဖြစ်လာရသည်။

သို့ပေမယ့်လည်း မကြည်နူးနိုင်၊ မခံစားနိုင်သေး၊ အချိန်မရွေး ပေါ်လာနိုင်သော အန္တရာယ်နှင့်အခက်အခဲကို သတိထားနေရသည်။

ဒီလိုနှင့်တောအုပ်နှစ်ခုလောက်ကျော်အပြီးမှာပင် ပထမဆုံး စိန်ခေါ်မှုကို စတွေ့ရပါတော့သည်။

"ဝေါ . . . ဝေါ . . ."

ရေစီးနှုန်းပြင်းသော တောင်ကျစမ်းချောင်းတစ်ခု၊ ရေကတော့ သိပ်မနက်ပါ၊ ပေါင်လယ်သာသာလောက်သာရှိမည်ထင်သည်။ ဒါပေမယ့် ကျော်ဖြတ်ရမည့်အကွာအဝေးကတော့ တော်တော်ကျယ်သည်။

သံစဉ် ရန့်ဘက်သို့လှည့်လိုက်၍ . . .

"ဘယ်လိုလဲရန့် . . . ဖြစ်ပါ့မလား . . ."

ဒီတစ်ခါလည်း သူမက အရင်တစ်ခါအတိုင်းပင် . . .

"ဖြစ်ပါတယ် . . ."

နောက် . . . သူတို့နှစ်ယောက် ချောင်းကမ်းဘေးတစ်လျှောက် လိုက်ကြည့်ကြသည်။ အကွာအဝေးကျဉ်းသည့်နေရာကိုရှာခြင်း၊ သိပ်ဝေးဝေးမသွားလိုက်ရပါ။ တောင်နံရံကွေ့လေးတစ်ခုအကျော်မှာ အသင့်တော်ဆုံးနေရာကိုတွေ့သွားသည်။ ပြီးတော့ . . .

"ရန့် . . . ကိုယ်အရင်စမ်းဖြတ်ကြည့်မယ် . . . ကိုယ့်နောက် နားကလိုက်လာခဲ့ . . . ဟုတ်လား"

သူမက နှစ်လိုဖွယ် ခေါင်းညိတ်ပြပါ၏။

နောက် . . . သံစဉ် ပထမခြေတစ်လှမ်းပြီးတော့ ဒုတိယခြေ တစ်လှမ်း . . . ရေက ထင်သလောက်ပင် မနက်လှပါ။ ဒူးဆစ်သာသာ



လောက်ပင် ရှိတော့ပါ၏။ နောက်ပြီး ရေမှာကြည်လဲ့နေသည့်အတွက် ရေအောက်အခင်းအကျင်းကို အကုန်မြင်နေရသည်။

ဒီလိုနှင့်ပဲ သူတို့ဟိုဘက်ကမ်းသို့ရောက်သွားခဲ့ပါသည်။ ပြီးတော့ မူလလမ်းနေရာဆီ ပြန်လျှောက်ခဲ့ကြသည်။ မဆိုးဟုပဲ ပြောရမည်ဖြစ်ပါ၏။

ပထမဆုံးမိတ်ဆက်လိုက်မှုက ရိုးရှင်းလွန်းနေသည်မဟုတ်ပါလား။ ဒါဟာ ရေ့တိုးမည့်ဆင် နောက်တစ်လှမ်းနောက်ဆုတ်ခြင်းလား။

Check ကွက်မိအောင် Power တစ်ကောင် ထိုးကျွေးလိုက်ခြင်းလား . . . သူမဝေခွဲတတ်။

ဒါပေမယ့် Power အားသာခြင်းနှင့် ကစားကွက်အားသာခြင်းကိုတော့ သူကွဲကွဲပြားပြား ခွဲခြားတတ်ပါသည်။

ဆက်လက်လျှောက်လှမ်းရမည့်လမ်းတွေက အနည်းငယ် ပြန့်ပြူးလာနေပြီဖြစ်သည်။ အောက်ပေါင်းရှင်းသည့်တောအုပ်ဖြစ်သည်ထင်သည်။ သစ်ပင်ကြီးများ ထူထပ်စွာပေါက်နေပါ၏။ သစ်ပင်တစ်ကိုင်းနှင့်တစ်ကိုင်း သစ်ရွက်ချင်းရင်းနှီးမှု လွန်ကဲနေသည်ကြောင့် နေရောင်ပင် ထိုးဖောက်မရနိုင်ဘဲရှိနေသည်။

အပူရှိန်နှင့်တော့ ခေတ္တအဆက်အသွယ်ပျက်သွားလေပြီ ဖြစ်သည်။ ဒါပေမယ့် သူ့ရင်ထဲတွင် ပူနေပါသည်။ အကြောင်းကား တစ်ပတ်ချင်း၊ တစ်ချက်ချင်းလည်နေသော အချိန်နာရီတို့ကို သူမတားနိုင်ခြင်း။

နာရီကိုငုံ့ကြည့်မိတော့ (၁၀)နာရီအထိ။

ဘယ်လောက်ထိ သူတို့ဆက်သွားနေရမှာလဲ . . .

ဘယ်လို အခက်အခဲတွေကို ဆက်လက်ကျော်ဖြတ်ရမှာလဲ . . .

သူ့နောက်မှ ရန့်ကလည်း ထပ်ချက်မကွာပါလာ၍ သံစဉ်အားဖြစ်မိပါ၏။

သွားရင်း သွားရင်းဖြင့်တောအုပ်နှစ်ခုလွန်လာသည်။ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com

ထိတော့ နောက်ထပ် ခက်ခက်ခဲခဲကျော်ဖြတ်မှုတစ်စုံတစ်ရာမရှိသေး သမင်အချို့ကိုလည်း တွေ့ရသည်။ သစ်ကိုင်းမြင့်မြင့်တွေပေါ်မှ မျောက်တစ်ကောင်တလေကိုလည်း တွေ့ရပါ၏။

ခြေထောက်တို့မှာလည်း လျှောက်နေကျအကျင့်ရှိ၍သာ တော်တော့သည်။ သို့မဟုတ်ပါက ခံနိုင်မည်မဟုတ်။

သူတို့လျှောက်လာခဲ့သောခရီးသည် မနီးလှသည်မဟုတ်ပါလော . . .

ဒီလိုနှင့်လျှောက်လာခဲ့ရာ တစ်နေရာအရောက်၌ သူတို့နှစ်ဦးလုံး၏ခြေလှမ်းများ ရပ်တံ့သွားလေသည်။

BURMESE CLASSIC .com

အကြောင်းကား . . .

သူတို့ရှေ့ခပ်လှမ်းလှမ်းတွင် ခံနေသည်ကား ချောက်ကမ်းပါးတစ်ခု၊ ချောက်ကမ်းပါးပေါ်ကို ရောက်နေခြင်းမဟုတ်။ ချောက်ကမ်းအောက်ကို ရောက်နေခြင်း။

သူတို့ရှေ့မှာ ထိုချောက်ကမ်းပါးကြီးက ပိတ်ခံနေပါသည်။

ဆက်သွားစရာ လမ်းမရှိတော့ . . .

ထိုချောက်ကမ်းပါးကြီးနားသို့ အံ့အားတသင့်တိုးကပ်သွားလိုက်ကြသည်။

ထိုအခါတွင်မှ ထူးဆန်းသောအရာတစ်ခုကို သူတို့နှစ်ယောက်စလုံးမြင်တွေ့လိုက်ရတော့သည်။

ထိုအရာက . . .

မှတ်တိုင်တစ်ခု (သို့မဟုတ်) ဆိုင်းဘုတ်တစ်ခု၊

လမ်းညွှန်ဆိုင်းဘုတ်လိုလို၊ ဘာလိုလိုပုံစံမျိုးဖြစ်သည်။

ထိုဆိုင်းဘုတ်ပေါ်တွင် မြားတစ်စင်းထိုးထားပါ၏။ မြားပေါ်တွင်ကား . . .

စာကြောင်းအချို့ရှိသည်။

ထိုစာကြောင်းတွေကား . . .



ဒီကမ်းပါးကို ဒါရိုက်တာ သီအိုရီနဲ့
တက်ပြပါ။

ထိုမျှသာ ဖြစ်လေသည်။ သံစဉ်ပထမတော့ ကြောင်သွားသည်။ နောက် စဉ်းစားသွားသည်။ ဒါရိုက်တာ သီအိုရီ . . .

ကမ်းပါးမှာ အတော်အသင့်မြင့်ပေသည်။ သူ၏ဆိုလိုရင်းကဘာနည်း၊ ရှေ့ဆက်သွားလို့မရတာတော့ အမှန်၊ ရန့်ကိုကြည့်မိတော့လည်းလမ်းညွှန်ဆိုင်းဘုတ်ကိုကြည့်၍ စဉ်းစားရကြပ်နေသည့်ပုံ။ ပြီးတော့ရန့်က ရေဘူးကိုဖွင့်ကာ သောက်သည်။

အခုမှ သံစဉ် ကိုယ့်ကိုယ်ကိုယ်သတိထားမိပါ၏။ ဒီနေ့တစ်မနက်လုံး သူရေတစ်စက်ပင်မသောက်ရသေး။ အစာစားဖို့ဆိုတာဝေးရော သူမလည်းဆာနေရော့မည်။ သို့ပေမယ့် မတတ်နိုင်။

အခု သွားနေတဲ့လမ်းမှသွေဖယ်ပြီး အစားအသောက်ရှာလို့တော့မဖြစ်။ သူတို့မှာ အချိန်မရှိ။ နေမဝင်ခင် ပါရဂူအဘိုးကြီးဆီသို့ ရောက်အောင် ပြန်ရဦးပေမည်။

သံစဉ် ရန့်ဆီမှရေဘူးကိုယူကာ တစ်ငုံသောက်လိုက်သည်။ နောက် စဉ်းစားရကြပ်စွာ ပတ်ဝန်းကျင်ကိုလျှောက်သွားကြည့်မိပါ၏။ ကမ်းပါးကြီး၏ ဟိုမှသည်မှအားပတ်လည်ကိုပတ်၍ ကြည့်မိသည်။ ကမ်းပါးကြီးသည် လမ်းရှေ့တည့်တည့်မှာသာပိတ်ပြီး မတ်စောက်၍ အချို့နေရာများတွင်ကား ပြေပြစ်သလိုလိုရှိနေသည်။

ထိုသို့ပတ်ကြည့်နေရာမှ တစ်နေရာတွင် . . .

ကမ်းပါးအပေါ်ဘက်သို့ ဦးတည်နေသောလမ်းတစ်လမ်းကို သံစဉ်တွေ့သွားလေသည်။ အံ့လည်း အံ့သြသွားသည်။

"ရန့် . . . ဒီကိုလာကြည့်ပါဦး"

သူ့ခေါ်သံကြောင့် ရန့်ပြေးလာသည်။ ထို့နောက် ရန့်သည်



www.burmeseclassic.com

www.burmeseclassic.com

လည်း လမ်းကိုမြင်၍ သူလိုအံ့သြသွားသည်။

"ဒါ အပေါ်ကို တက်တဲ့လမ်းလား"

"မသိဘူး"

သံစဉ် ပြောလည်းပြော၊ ခေါင်းလည်းယမ်းပြလိုက်သည်။ ပြီးတော့လက်မှ နာရီကိုကြည့်လိုက်ပါ၏။

(၁၁)နာရီခွဲပေပြီ။

သံစဉ် စဉ်းစားဖို့အချိန်အများကြီးမပေးနိုင်တော့။

'ဒါရိုက်တာသီအိုရီ' ဆိုတာကို ခဏထား၍ ဒီလမ်းမှတက်ကြည့်ရပေမည်။

"လာကွာ . . . တက်ကြည့်ရအောင် . . ."

သူတို့နှစ်ယောက် တကယ်ပင်တက်သွားလိုက်သည်။ (၁၀)မိနစ်လောက်ကြာမည်ထင်သည်။

ကမ်းပါးပေါ်ကို ရောက်သွားပါ၏။ နောက် သံစဉ်ကမ်းပါးစောင်းသို့လာကာ ငုံ့ကြည့်လိုက်သည်။

လမ်းညွှန်ဆိုင်းဘုတ်နှင့်အတူ သူတို့ပထမလာခဲ့သော လမ်းကို အပေါ်စီးမှတွေ့ရသည်။ သံစဉ် စဉ်းစားမှုတို့ရှက်လွှင့်ရလေပြီ။ ဒါ ဘာအဓိပ္ပာယ်နည်း။

'ဒါရိုက်တာ သီအိုရီ' ဖြင့်တက်ပြပါလို့လည်း ပြောထားသေးသည်။ နောက်ပြီးတော့ ကမ်းပါးပေါ်တက်လို့ရသည့် လမ်းတစ်လမ်းကိုလည်း ဖောက်ပေးထားသေးသည်။

ဘာအဓိပ္ပာယ်နည်း။

သူတို့တက်လာခဲ့သောလမ်းသည် သီအိုရီရှိအံ့မထင်။ တမင်သက်သက်ဖောက်ပေးထားခြင်းလို့ပဲ သူထင်သည်။ ဒါဆိုလျှင် လျှို့ဝှက်ချက်က ဘာနည်း။

သံစဉ် ပခုံး၌လွယ်ထားသော ကြိုးခွေကိုကိုင်ရင်း တွေးနေရာမှ စဉ်းစားရင်းစဉ်းစားရင်းဖြင့် . . .



[illegible]သလို ရှိလာသည်။

"ဒါရိုက်တာ . . . သီအိုရီ"

သံစဉ် တိုးတိုးလေးရေရွတ်ကာ ဖြစ်နိုင်ခြေကို စဉ်းစားကြည့်မိသည်။ ဟုတ်သည်။ သက်သေတစ်ခုတော့ ယူသွားရပေလိမ့်မည်။ အပေါ်ရောက်ပြီဆိုပြီး ဒီအတိုင်းဆက်သွားလို့မရ . . .

သံစဉ်နောက်သို့လှည့်ကြည့်လိုက်၍ . . .

"ရန် . . . ဒီတစ်ခါတော့ မင်းဟမ်းဖုန်း အသုံးဝင်ပါပြီ"

"ဘာ . . ."

ရန့် သူ့စကားကိုနားမလည်၊ သူဆက်ရှင်းမပြတော့ပါ။ လုပ်စရာရှိတာသာ လုပ်လိုက်သည်။

ပထမ သူ့ပခုံး၌လွယ်ထားသော ကြိုးခွေကြီးကို ဖြုတ်လိုက်ပါ၏။ ပြီးတော့ သူတို့အနီးအနားမှ သစ်ပင်ကြီး၏ပင်စည်မှာ တစ်စချည်လိုက်သည်။ နောက် တစ်စကို ကမ်းပါးအောက်ထဲသို့ပစ်ချကာ . . .

"ငါတို့ အောက်ပြန်ဆင်းရအောင်"

ရန့်နားမလည်ပါ။ သူလုပ်သမျှကို မျက်လုံးအဝိုင်းသားလေးဖြင့်ငေးကြည့်နေရာမှပင် ယောင်လည်လည်ဖြင့် အောက်ပြန်ပါလာရတော့သည်။

အောက်ရောက်တော့ ကမ်းပါးပေါ်မှတွဲလွဲကျနေသော ကြိုးစကို တစ်ချက်ဆွဲကြည့်၍ . . .

'ရတယ် . . .' ဟုဆိုသော သူမဆီမှဖုန်းကိုတောင်းသည်။

သူမလည်းယောင်လည်လည်ဖြင့် ဖုန်းကိုထုတ်ပေးလိုက်ရသည်။

ထို့နောက် သံစဉ်က နံပါတ်အချို့ကိုနှိပ်လိုက်ကာ ကမ်းပါးကြီးနားသို့ကပ်ကာသွားသည်။

ပြီးတော့ ကမ်းပါးကြီးကိုအောက်မှပင့်၍ ဓာတ်ပုံရိုက်ဟန်တစ်ချက်ပြပါ၏။ ခပ်ဝေးဝေးမှနေ၍လည်း ကမ်းပါးတစ်ခုလုံးပါအောင် ဓာတ်ပုံရိုက်သည်။ ပြီးတော့ ဖုန်းကို ရန့်လက်ထဲသို့ ထည့်ပေး၍။



www.burmeseclassic.com

www.burmeseclassic.com

"ရန့် . . . ကိုယ့်ကို တစ်ပုံလောက်ရိုက်ပေးစမ်းပါ"

သူမ ခေါင်းညိတ်လိုက်သည်လားမသိ၊ သူမသိတာကတော့ ယခု သံစဉ်လုပ်သမျှတွေကို တစ်ခုမှနားမလည်။

သံစဉ်ကတော့ ကမ်းနားသို့ပြန်လျှောက်သွားကာ ကြိုးကိုဆွဲသည်။ ပြီးတော့ ခိုတက်လိုက်၍ ခြေလှမ်းငါးထစ်လောက်အရောက်တွင်

"ရိုက်တော့ . . ."

ရန့် ကြောင်ငေးကြည့်နေရာမှ သံစဉ်၏အသံကြောင့် အူတူတူဖြင့် ကမန်းကတန်း ရိုက်ပေးလိုက်ရသည်။

"ရိုက်ပြီးသွားပြီလား . . ."

"ပြီးပြီ . . ."

ရန့်ဖြေသံအဆုံး သံစဉ်ကကြိုးကိုခိုလျက်ကပင် ပြန်လည်ဆင်းလာလေသည်။ ပြီးတော့ ရန့်ဆီသို့ဦးတည်လျှောက်လာ၍ . . .

"ရန့် . . . မင်းလည်းကိုယ့်လို၊ သုံးလေးလှမ်းလောက်သွား ခိုတက်ချည် . . . ဓာတ်ပုံရိုက်ရအောင်"

ရန့် ကြောင်အအဖြင့် . . .

"ဘာ . . . ဘာလို့ . . ."

ရန့်စကားမဆုံးလိုက် . . .

"သွားပါ . . . ဒါရိုက်တာ သီအိုရီအတွက်လုပ်နေတာ"

ရန့်ဘာမှမသိ။ ထိုဘာမှမသိလျက်နဲ့ပဲ သံစဉ်ခိုင်းသမျှ လုပ်ပေးလိုက်ရပါသည်။

"ရပြီ . . ."

ရန့်ပြန်ဆင်းပြီးသွားတော့ . . .

"လာ . . . အပေါ်ပြန်တက်မယ် . . . မင်းလက်ထဲက ရေဘူးပေး . . ."

ယောင်နနဖြင့် ရန့်လက်ထဲမှရေဘူးကို သံစဉ့်ဆီကိုပေးလိုက်သည်။



သံစဉ်ကရေဘူးကိုဖွင့်ကာ သောက်လိုက်သည်။ ပြီး ရန့်ဆီသို့ပြန်တိုးပေးရင်း . . .

"ရော့ . . . မင်းလည်းသောက်လိုက် . . ."

"ဟာ . . . မသောက်ချင်ပါဘူး"

အမှန်ပင် မသောက်လိုသည့်အတွက် ငြင်းလိုက်ခြင်းဖြစ်သည်။

"သောက်ပါ . . . တအောင့်ကြာရင် ဒီရေတွေရှိတော့မှာမဟုတ်ဘူး"

ရန့်သဘောမပေါက်ပေ။ ဒါပေမယ့် သံစဉ်အတင်းသောက်ခိုင်းနေသည့်အတွက် တစ်ငုံသောက်လိုက်သည်။ ပြီးတော့ . . .

ကမ်းပါးပေါ်တက်သည့်လမ်းမှ သံစဉ်ကဝါးတစ်ပင်ကို ခုတ်လာခဲ့ပါသည်။ သံစဉ် ဘာတွေလုပ်နေမှန်း သူမနားမလည်။ ဒါပေမယ့် ဒါရိုက်တာသီအိုရီနဲ့ပတ်သက်၍ လုပ်နေတယ်ဆိုတာတော့ တွေးမိသည်။

ဒီလိုနှင့်ကမ်းပါးပေါ်ရောက်တော့ သံစဉ်က သူ့အပေါ်အင်္ကျီကိုချွတ်၍ ခုတ်လာသောဝါးအဖျားတွင်ချည်သည်၊ ပြီးတော့ ရေဘူးထဲမှ ရေကျန်တို့ကို သူ့ခေါင်းပေါ်နှင့်ခန္ဓာကိုယ်ပေါ်သို့ လောင်းချသည်။ နောက် အင်္ကျီချည်ထားသည့်အတွက် အလံလိုဖြစ်နေသောဝါးတိုင်ကို သူတို့နှစ်ယောက်ရှေ့တွင် စိုက်လိုက်၍ . . .

"ကဲ . . . ရန့် . . . ဝမ်း–တူး–သရီး ဆိုတာနဲ့ 'ဟေး'လို့သာ အော်လိုက် သိလား ကိုယ်လိုချင်တဲ့ပုံစံက ကိုယ်တို့နှစ်ယောက် ဒီကမ်းပါးပေါ်ကိုကြိုးနဲ့ခိုပြီးတက်လာတယ်။ ဒီအပေါ်ရောက်တော့ ကိုယ်တို့နှစ်ယောက်လုံးပင်ပန်းနေမယ်၊ ကိုယ့်ခန္ဓာကိုယ်မှာလည်း ချွေးတွေရွှဲနေမယ်"

"အဲဒါက . . . ရေတွေလေ . . ."

ရန့်က သူ့ကိုယ်ပေါ်မှာ ရွှဲနေသောရေတွေကို လက်ညှိုးထိုး၍ ပြောသည်။

သံစဉ် ပြုံးလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ရန့် သဘောမပေါက်သေးဘူးနဲ့တူတယ်။ အခုကိုယ်တို့နှစ်ယောက်လုံး ဗွီဒီယိုရိုက်နေတယ်လို့ သဘောထား၊ အခုလုပ်တာတွေအကုန်လုံး အတုတွေ၊ အခုလက်ရှိအနေအထားက ကိုယ်တို့ကမ်းပါးပေါ်ကိုရောက်ပြီ။ ဒီတော့ အကျီကိုအလဲလုပ်ပြီး အောင်ပွဲခံမယ်၊ ဟုတ်ပြီလား . . ."

အခုမှ သံစဉ်လုပ်နေတာတွေအကုန်လုံးကို ရန့်ရေရေရာရာ သဘောပေါက်သွားလေပြီ။ ဒါရိုက်တာသီအိုရီ၏အဓိပ္ပာယ်ကိုလည်း နားလည်သွားသည်။

သံစဉ်ကဖုန်းကို သူတို့နှစ်ဦးရှေ့ခပ်လှမ်းလှမ်းတွင် ထောင်ထားလိုက်ပြီး ပြန်ပြေးလာသည်။

ပြီးတော့ . . .

"တစ် . . . နှစ် . . .သုံး . . . ဟေး . . . အောင်ပြီကွ၊ အောင်ပြီ . . ."

"ကလစ်"

သူတို့နှစ်ဦးအလဲကိုမြှောက်၍ အောင်ပွဲခံနေသောပုံမှာ ကင်မရာထဲတွင် မှတ်တမ်းတင်သွားလေပြီ။

ဒါဆို သူတို့ ဒါရိုက်တာသီအိုရီကို အောင်မြင်ခဲ့ပြီပေါ့ . . .



# XVII

သံစဉ့်ဝမ်းတို့တချုပ်ချုပ်ဟာနေပြီဖြစ်သည်။ အချိန်ကား (၁)နာရီထိုးတော့မည်။ ရေမှလွဲ၍ ဘာမှမထည့်ရသေးသောဝမ်းကား အစာတစ်စုံတစ်ရာကို ငံ့လင့်နေပြီဖြစ်သည်။ ဒါပေမယ့် ဝမ်း၏အလိုဆန္ဒကိုဖြည့်ဆည်းမပေးနိုင်သေး။

ရန့်ကရော . . .

သူမသည်လည်း မည်မျှဆာလောင်နေပြီဖြစ်ကြောင်းကို ပြောဖို့ပင်မလို၊ ပျက်ယွင်းလွန်းနေသော မျက်နှာအနေအထားအရ သိပါသည်။

"ရန့် . . . ဗိုက်ဆာနေပြီလား . . ."

သူမက မျက်နှာငယ်လေးဖြင့် ခေါင်းညိတ်ပြသည်။ သံစဉ့်စိတ်မကောင်းနိုင်ပါ။ ဒီကိစ္စတစ်ခုလုံး၏အစသည် သူမဆိုပေမယ့်လည်း ဘာပဲဖြစ်ဖြစ် သူမသည် သူ့ချစ်သူပင်မဟုတ်ပါလား . . .



www.burmeseclassic.com

www.burmeseclassic.com

"ခဏတော့ အားတင်းထားပါကွာ ရှေ့မှာလူနေအိမ်ရှိတယ် နဲ့တူတယ်"

သံစဉ်စကားကြောင့် ရန့်မျက်လုံးပြူးသွားကာ ရှေ့ကိုမျှော်ကြည့်သည်။ ဒါပေမယ့် လူနေအိမ်နှင့်တူတာဆို၍ ဘာမှမရှိသည်ကြောင့် သံစဉ့်မျက်နှာကိုနားမလည်သလို မော့ကြည့်သည်။

ရန့်နားမလည်ဘူးဆိုတာ သိသည်ကြောင့် သံစဉ်ခပ်ဝေးဝေးဆီမှ တောင်ကုန်းပေါ်သို့ လက်ညှိုးထိုးပြလိုက်၍ . . .

"ဟိုတောင်ကုန်းအလယ်လောက်မှာ အပေါ်ကိုထိုးတက်နေတဲ့ မီးခိုးငွေ့တွေတွေ့လား . . ."

သံစဉ့်စကားကြောင့် ရန့်က သူလက်ညှိုးညွှန်ပြရာကိုကြည့်သည်။ မျက်မှောင်လေးကြုတ်ကာ အသေအချာကြည့်ပြီးမှ . . .

"ဟုတ်တယ် . . . တွေ့တယ် . . ."

"အဲဒီမှာ လူနေအိမ်ရှိရင်ရှိ၊ မရှိရင် တို့လိုပဲလူသားတစ်ယောက်တလေတော့ ရှိမယ်ထင်တာပဲ။ မရှိလည်းကိစ္စမရှိပါဘူးကွာ . . . အဲဒီနားလောက်မှာ တအောင့်တနားနားပြီး အစားအစာတစ်ခုခုဖန်တီးကြတာပေါ့"

ထို့နောက်တော့ သူတို့ခြေလှမ်းတွေသွက်လာသည်။ တောင်နှင့်နီးလာလေလေ မီးခိုးငွေ့တွေက ပိုမိုပီပြင်လာလေလေဖြင့်။

သူတို့နှစ်ဦးစလုံး ရင်ခုန်မြန်လာပါသည်။ သူတို့လျှောက်နေသောလမ်းမှာလည်း တဖြည်းဖြည်းမြင့်တက်လာပြီး တောင်ကျောတစ်ခုပေါ်ရောက်လာသလို ခံစားရသည်။

သစ်ပင်တွေကလည်း ခုနကထက်ထူထပ်လာသည်။ မီးခိုးငွေ့ထိုးတက်နေရာတောင်နှင့်လည်း တော်တော်နီးလာပြီဖြစ်ပါ၏။

ရှေ့မှထောင့်ချိုးလေးလွန်ပါက ထိုတောင်ခြေရင်းသို့ ရောက်မည်ဖြစ်သည်။

ဒါပေမယ့် သူတို့အထင်မှာ လုံးဝလွဲသွားလေသည်။ သူတို့



ရောက်သွားရမည့်နေရာက တောင်၏ခြေရင်းမဟုတ်။ တောင်လယ်၊ မီးခိုးငွေ့ထွက်ရာနေရာနှင့် တစ်တန်းတည်း။

ဒါပေမယ့် သူတို့ထိုနေရာသို့ ရောက်မသွား။ သူတို့ရပ်နေရာက ဒီဘက်တောင်၊ မီးခိုးထွက်ရာ နေရာကဟိုဘက်တောင်။

တောင်နှစ်လုံးကြားမှာက ချောက်နက်နက်ကြီးတစ်ခု၊ ထိုချောက်ကြီးခြေရင်းမှာသာ စမ်းချောင်းကလေးတစ်ခုဖြစ်တည်နေသည်။

သူတို့နှစ်ယောက် ခုန်ကူးလို့လည်းမရပါ။

ချောက်အောက်ခြေအထိဆင်းပြီး ကူးရန်လည်းမဖြစ်ပါ။

အဘယ့်ကြောင့်နည်း –?



www.burmeseclassic.com

www.burmeseclassic.com

၂၈ ၃၃ ၃၁ ၃၆ ၃၄ ၃၉

**ကျွားတံတား**

| | | |
|---|---|---|
| တံတားအရှည် | – | ၅၄' |
| တံတားအမျိုးအစား | – | ကြိုးတံတား |
| ဆောက်လုပ်ခဲ့သည့်ခုနှစ် | – | (၁၀)ကြိမ်မြောက် VSBပြိုင်ပွဲနှစ်၊ |



မိတ်ဆွေ

ဒီတံတားဆောက်တဲ့အင်ဂျင်နီယာက အခင်းပျဉ်ပြားတွေကို အကောင်းအဆိုးရောခင်းသွားတယ်။ ပျဉ်ပြားအဟောင်းတွေလည်းပါတယ်၊ တက်နင်းရုံကျိုးကျသွားနိုင်တဲ့ ပျဉ်ပြားအဆွေးတွေလည်းပါတယ်။

ဘယ်ဟာအကောင်း၊ ဘယ်ဟာအဆိုးမှန်းလည်း အဲဒီအင်ဂျင်နီယာကလွဲပြီး ဘယ်သူမှမသိဘူး . . .

ဒီတော့ မိတ်ဆွေ ပထမဆုံး သေချာစဉ်းစားပါ။

အကောင်းအဆိုးကိုခွဲခြားပြီး နင်းသွားနိုင်ရင်တော့ ဟိုဘက်ကမ်းကိုရောက်မှာပေါ့။

မခွဲခြားနိုင်လို့ ကျိုးကျသွားရင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XVIII

မျက်နှာချင်းဆိုင် ဆိုင်းဘုတ်နှစ်ခုစလုံးကိုကြည့်၍ သံစဉ်တွေဝေ စိုးထိတ်သွားသည်။

တွေဝေသွားသည်ကား ပထမဆိုင်းဘုတ်။

ပထမဆိုင်းဘုတ်၌ ဒီတံတား၏လျှို့ဝှက်ချက်တွေ ရှိနိုင်သည်ဟု တွေးမိသည်။

စိုးထိတ်သွားသည်ကား ဒုတိယဆိုင်းဘုတ်။

ဒုတိယဆိုင်းဘုတ်က စိုးထိတ်မည်ဆိုလည်း စိုးထိတ်လောက်သည်။ အကယ်၍ မတော်လို့ ပျဉ်ပြားအဆွေးကိုသာ နင်းမိသွားပါက စဉ်းစားရန်မလို။ အောက်ကချောက်ကြီးက ဆီးကြိုနေသည်။ သံစဉ် စဉ်းစားရင်းနှင့်ပင် ကြက်သီးနုတို့ထကြွသွားပါ၏။



တံတားဆီသို့ လှမ်းကြည့်မိတော့ . . .

အခင်းပျဉ်ပြားတွေက ရှယ်တူ၊ ပုံစံတူ၊ အကောင်းနှင့်အဆွေးက ထူးထူးခြားခြားကွဲမနေ။ ဒီတော့ သူဘယ်လိုရွေးချယ်ရမည်နည်း။

ပထမဆိုင်းဘုတ်တွင်တော့ တစ်ခုထူးခြားနေသည်ကို သတိပြုမိသည်။ အဲဒါက တံတားပုံစံပုံတူ၊ ထိုပုံတူတွင် ပျဉ်ပြားအရေအတွက်ကို ပြထားတာလား၊ အက္ခရာအဝေး 'ပေ' ကိုပြထားတာလား၊ မသိသော ဂဏန်းတွေက အစဉ်လိုက်မနေ။

ခုန်ကျော်၊ ပေါက်ကျော် ဖြစ်ကာနေသည်။ ဒါကို စဉ်းစားစရာ တစ်ချက်ဟု သံစဉ် တွေးမိသည်။ မသေချာဘဲနှင့်တော့ သံစဉ်မနင်းရဲ။

သူအသက်ဆုံးရန် စောနေသေးသည်မဟုတ်ပါလား . . .

ရန့်ကတော့ အရာရာကို သူမနှင့်မဆိုင်သည့်အလား သစ်ပင်တစ်ပင်အောက်တွင်ထိုင်ကာ အမောဖြေနေသည်။

သံစဉ် ပထမဆိုင်းဘုတ်ရှေ့တွင်ရပ်ကာ တံတားပုံစံကို သေချာကြည့်သည်။ နံပါတ်တွေထူးခြားနေသည်မှလွဲ၍ ကျန်မသင်္ကာစရာ ဘာတစ်ခုမှမတွေ့။ ထိုနံပါတ်တွေကလည်း ဘာသဘောကိုဆောင်မှန်း သူစဉ်းစားရကြပ်နေသည်။

ဂဏန်းက (၂၈)မှ စထားသည်။ ဒါပျဉ်ချပ် နှစ်ဆယ့်ရှစ်ချပ်မြောက်ကိုဆိုလိုတာလား။ ဒါမှမဟုတ် (၂၈)ပေကို ဆိုလိုတာလား။ နောက် (၃၃)ပြီးတော့ (၃၁)။

ဘယ်လိုပဲဖြစ်ဖြစ် ထိုဂဏန်းတွေက ထူးကိုထူးခြားနေသည်။ (၃၃)နှင့် (၃၁)ကရော . . .

ကြီးပြီးမှပြန်ငယ်သွားသည့် ဂဏန်းကဘာအဓိပ္ပာယ်တွေ ဆောင်နေသနည်း။

သံစဉ် နားထင်ကိုပွတ်ကာတွေးနိုင်သမျှတွေးကြည့်သည်။ နောက်ဆိုင်းဘုတ်ဆီသို့ အကြည့်ကိုပြန်လွှဲကာ (၂၈) မှစ၍ ထူးခြားချက်ကိုရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"(၂၈)ပြီးတော့ (၃၃) ကြားထဲမှာ ငါးခုကွာနေတယ်။ နောက် (၃၁) . . . နှစ်ခုပြန်လျော့သွားတယ်၊ နောက် . . ."

"ဟင် . . ."

သံစဉ် အတွေးတစ်စ လင်းသွားသည်။

"ဟုတ်တယ် . . . ပေးထားတဲ့ဂဏန်းတွေက (၅)ခုကွာပြီး (၂)ခုပြန်လျော့သွားတာချည်းပဲ . . . ဒါဆို . . ."

သံစဉ် ကမန်းကတန်းပင် တံတားဆီသို့ပြေးသွားလိုက်သည်။ ပြီးတော့ ပျဉ်ချပ်ခင်းထားပုံကို လေ့လာသည်။ ပျဉ်ချပ်က တစ်ခုနှင့်တစ်ခုကို အနေတော်စီချကာ ခင်းထားခြင်းဖြစ်သည်။ ပုံမှာပြထားပုံအရတော့ ပေအရေအတွက်ကို ဆိုလိုခြင်းမဖြစ်နိုင်။

အကြောင်းကား (၃၃)ပေ ပြီးလျှင် (၃၁) ပေက ဘယ်လိုလာမည်နည်း။

ဒါဆို ပျဉ်ချပ်ကိုသာဆိုလိုထားခြင်း ဖြစ်ပေလိမ့်မည်။ ပျဉ်ချပ်ကရော . . .

"ငါးခုကွာပြီး နှစ်ခုနောက်ပြန်လျော့ထားတယ်ဆိုတော့၊ ငါးချပ်သွားပြီး နှစ်ချပ်နောက်ပြန်ဆုတ်ရမှာလား . . ."

သံစဉ် အတွေးတစ်ခု ဝင်သွားသည်။ ဒီလိုဆိုဘာဖြစ်လာမည်နည်း၊ လျှို့ဝှက်ချက်တစ်ခုရှိမည်လား . . . နည်းလမ်းတစ်ခုရှိမည်လား။

ဘာပဲဖြစ်ဖြစ်၊ သံစဉ်လုပ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဒီတော့

သံစဉ် ပထမခြေတစ်လှမ်းကို ပျဉ်ချပ်ပေါ်နင်းလိုက်သည်။

ပထမ မဝံ့မရဲဖွဖွ၊ နောက်တစ်ဝက်မျှသော ခန္ဓာကိုယ်၏အလေးချိန်ကို ခြေထောက်ပေါ်စုပုံချလိုက်ချိန်တွင် . . .

"ချွတ် . . ."

"ဝုန်း . . ."

သံစဉ် ခြေတစ်ဖက် နစ်ဝင်သွားရလေသည်။ ပျဉ်ချပ်မှာ ကျိုးသွားသည်။ သံစဉ်မှာလည်း ဘေးမှလက်ရန်းကြိုးကိုလှမ်းကိုင်ထားလိုက်



ရင်း မျက်နှာကိုရှုံ့မဲ့ကာ ပြန်ရပ်လိုက်ရပါ၏။

ပထမဆုံး ပျဉ်ချပ်မို့အောက်မှာ မြေကြီးရှိနေသေး၍သာ တော်တော့သည်။ သူ၏ကြိုးစားမှုမှာ ပထမပျဉ်ချပ်နှင့်ပင် ကျဆုံးသွားရလေသည်။ နောက်တစ်ပြားထပ်မနင်းရဲတော့။

ဒီတစ်ခါကျိုးကျသွားလျှင် အောက်မှာမြေကြီးအစား လေဟာနယ်သာရှိတော့သည်လေ။

ရန့်ကအနားရောက်လာ၍ ဖြစ်ရဲ့လားဟူသော ပုံစံမျိုးဖြင့်ကြည့်သည်။ သံစဉ်တစ်ချက်မျှသာပြန်ကြည့်ရင်း ဆိုင်းဘုတ်ဆီသို့ ဦးတည်လိုက်ရပြန်ပါ၏။

ပြီးတော့ . . .

သံစဉ် ဆိုင်းဘုတ်ကိုကြည့်၍ စဉ်းစားနေရင်းမှာပင် အဖြေတစ်ခုက ရေးရေးလေးပေါ်လာသည်။ ဟုတ်သလိုလိုတော့ရှိသည်။ ဒီအတိုင်းဟုတ်သွားလျှင်လည်း ဟုတ်နိုင်သည်။

သံစဉ်တွေဝေမနေတော့ . . .

ချက်ချင်းပင်သွားကာ စမ်းသပ်လိုက်ပါတော့သည်။

ပထမကကျိုးနေသော ပျဉ်ချပ်၊ ဒုတိယက အကောင်း၊ ထို ဒုတိယ ပျဉ်ချပ်ကိုကျော်၍မှ တတိယပျဉ်ချပ်ကို ခြေချကြည့်လိုက်သည်။ ရသည်၊ ခံနိုင်နေသည်။ နောက်အရဲစွန့်ကာ နောက်တစ်ဖက်၊ သေချာသွားလေပြီ။ သူပြုတ်ကျမည်မဟုတ်တော့ . . .


တံတား၏ဆိုလိုရင်းကိုလည်း သဘောပေါက်သွားသည်။ ငါးခုသွားပြီး နှစ်ခုပြန်လျှော့၊ ထိုလျှော့လိုက်သည့် ပျဉ်ချပ်ပေါ်ကိုမှ နင်းလိုက်ခြင်းပင်။ ပြီးတော့ အဲဒီရပ်နေရာ ပျဉ်ချပ်ကပင် နောက်ထပ်ငါးချပ်ပြန်ရေ၊ ပြီးရင် နှစ်ချပ်ပြန်ဆုတ်။

အဲဒီ ပျဉ်ချပ်ပေါ်ကိုနင်း . . .



www.burmeseclassic.com

www.burmeseclassic.com




အလွယ်ဆုံးရှင်းရလျှင်တော့ မိမိရပ်နေရာပျဉ်ချပ်မှ နှစ်ချပ်ကျော် သုံးချပ်မြောက်ကို နင်းသွားလိုက်ခြင်းပင်။

သံစဉ် ဟုတ်သွားလေပြီ။ သို့ပေမယ့် သေချာအောင် သံစဉ် တစ်ချပ်စမ်းလိုက်သည်။ သူ့ရှေ့မှပျဉ်ချပ်အား ဖနောင့်နှင့် ခပ်ဆတ်ဆတ် ပေါက်လိုက်ပါ၏။

"ဖြောင်း . . ."

ကျိုးသွားသည်၊ နောက်တစ်ပြား . . .

"ဖြောင်း . . ."

ကျိုးသွားပြန်သည်။ ထိုကျိုးသွားသော နှစ်ချပ်ကိုကျော်၍ သုံးချပ်မြောက်ကို နင်းချလိုက်သည်။

သံစဉ် မျက်နှာပြုံးသွားပါ၏။ ထို့နောက်မှာတော့ . . .

"ရန့် . . . ကိုယ် စဉ်းစားလို့ရသွားပြီ။ နောက်ကနေ ကိုယ့်ခြေလှမ်းအတိုင်းသာလိုက်ခဲ့တော့ . . .

သူတို့နှစ်ယောက်အဆင်ပြေနေသည်။ တစ်လှမ်းပြီးတစ်လှမ်း အခက်အခဲမရှိ၊ အတားအဆီးမရှိ၊ ရန့်ကလည်း သူ့နောက်မှပါလာသည်။ တံတားလယ်ရောက်ပါမှ ကြက်သီးအနည်းငယ် ထချင်လာသည်။ အကြောင်းကား လေတိုက်လိုက်သည့်အရှိန်၊ သူတို့နှစ်ဦး၏ ကိုယ်အလေးချိန်ကြောင့် လှုပ်ရမ်းသွားသောအရှိန်နှင့်ပေါင်းကာ တံတားမှာတုန်ခါသွားသောကြောင့်ဖြစ်ပါ၏။

သံစဉ် စိုးရိမ်စိတ်ဝင်လာသည်။ တံတားဆောက်တားသည်ကား



[illegible]တော့ မည်သူမျှလည်း ဖြတ်ခဲ့ဟန်မတူ။

အကယ်၍ အလေးချိန်မခံနိုင်လို့ ကျိုးကျသွားခဲ့လျှင်ဟူသော အတွေးက သူ့အသိထဲသို့ဝင်ရောက်လာသည်။ ဟိုဘက်ကမ်းသို့လည်း မြန်မြန်ရောက်ချင်လာသည်။ ထို့ကြောင့် ခြေလှမ်းကို သွက်သွက်လှမ်းနေရင်းမှ . . .

"ဂျွတ် . . ."

ဘယ်နေရာကမှန်းမသိ၊ အက်သံလိုလို ကျိုးသံလိုလိုမြည်သွားသည်။ သူ ရန့်ကိုလှည့်ကြည့်မိသည်၊ ရန့်ကလည်း ထိုအသံကို ကြားလိုက်ရသလို သူ့ကို ကြောင်တောင်တောင်ဖြင့် ပြန်ကြည့်နေပါ၏။

"ရန့် . . . မြန်မြန်လာ . . . တံတားက စိတ်မချရဘူး"

ထိုသို့ ပြောနေရင်းမှပင် နောက်တစ်ချက် . . .

"ဂျွတ် . . ."

"ဟာ . . ."

သံစဉ် အမှန်တကယ်ပင်ထိတ်လန့်သွားရပါ၏။ သေချာသွားပြီ။ တံတားမှာ သူတို့နှစ်ယောက်၏ကိုယ်အလေးချိန်ကို ဘယ်လိုမှ မခံနိုင်တော့။

သံစဉ် မပြေးရုံတမယ်ပင် ခြေလှမ်းကို သွက်လိုက်သည်။

"မြန်မြန်လှမ်းစမ်း . . . မြန်မြန်လှမ်းစမ်း . . ." ကိုယ့်ကိုယ်ကိုယ်လည်း အားပေးနေရင်းမှ တစ်လှမ်းပြီးတစ်လှမ်း . . .

တစ်လှမ်းပြီးတစ်လှမ်း . . .

ပန်းတိုင်သည်လည်း နီးသထက်နီးလာပါပြီ။ သုံးပုံတစ်ပုံပင် မကျန်တော့ သံစဉ်အသက်ပင်မရှူရဲသေး . . .

ဒါပေမယ့် . . . နောက်တပ်ခြေတစ်လှမ်းအကြွမှာပင် သံစဉ် အသက်ရှူရပ်မတတ် ဖြစ်သွားရပါတော့သည်။

"ဟာ . . ."

ရင်တစ်ခုလုံး ဟာဆင်းသွားသည်။ ချက်ချင်း သူ့ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com

က လေဟာနယ်တစ်ခုထဲ လွင့်မျောသွားသလိုပင် ခံစားလိုက်ရပါ၏။ အကြောင်းကား . . .

နောက်တစ်ချက် ခြေလှမ်းမည့်နေရာတွင် ပျဉ်တစ်ချပ်က လွတ်နေသည်။ ထိုစဉ်မှာပင် . . .

"ဂျွတ် . . ."

တံတားတစ်ခုလုံး တုန်သွားသည်။

"ကို . . . ဘာလုပ်နေတာလဲ . . . သွားလေ"

ရန့်ကနောက်မှ အလျင်စလိုပြောသည်။

"ဆက်သွားလို့မရတော့ဘူး . . . ရှေ့မှာပျဉ်တစ်ချပ် လွတ်နေတယ် . . ."

"ဘယ်လို . . ."

ရန့် အထိတ်တလန့် သူ့ကိုကျော်ကာ ရှေ့ကိုကြည့်သည်။ ပြီးတော့ . . .

"ဟော့တော် . . ."

ရန့်နှုတ်ခမ်းကို လက်နှင့်အုပ်မိသွားလေသည်။ သူမတော်တော်ထိတ်လန့်သွားသည်။

"ဂျွတ် . . ."

"အမေ့ . . ."

'ဂျွတ်' နှင့် 'အမေ့' ဟူသောအသံမှာ မရှေးမနှောင်းထွက်သွားပြီးသည့်နောက်မှာတော့ . . .

"ကို . . . စဉ်းစားပါဦး . . . လုပ်ပါဦး . . . ဒီမှာ ကျိုးကျတော့မယ် . . ."

တံတားကြီးက တဖြည်းဖြည်းအလယ်သို့ အိဆင်းလာနေပြီ။ သံစဉ်တွေဝေကာရပ်နေဆဲ . . .

သူ့ခေါင်းထဲတွင်တော့ အတွေးတွေ ရှုပ်ယှက်ခတ်နေသည်။ ဒီပျဉ်ချပ်က သူ့အလိုလိုကျိုးနေခြင်းတော့မဟုတ်။ တမင်တကာပင် လုပ်



[illegible]ပြနေသည်။ ဒါဆို လျှို့ဝှက်ချက်ကဘာနည်း။

သံစဉ် ပထမဆိုင်းဘုတ်ကို မျက်လုံးထဲတွင် ပြန်မြင်ယောင်မိသည်။ ဂဏန်းတွေ၏လျှို့ဝှက်ချက်အရတော့ သူဖော်ထုတ်နိုင်ခဲ့သည်။ ဒီနေရာအထိရောက်လာခဲ့သည်။ ဒါဆို နောက်ထပ်လျှို့ဝှက်ချက်တစ်ခုရှိနေသေးသည်လား . . .

တွေးနေရင်းမှပုံ၏နောက်ဆုံး ဂဏန်းကိုသတိပြုမိသည်။ ဂဏန်းက (၃၉) တွင်တန့်ထားသည်။ ဆက်မရေးထား . . .

"ဒါဆို . . ."

သံစဉ်ချက်ချင်းပင် နောက်လှည့်၍ ပျဉ်ချပ်ကိုရေကြည့်လိုက်သည်။

"ဟုတ်တယ် . . . (၃၉) . . ."

ယခု သူရပ်ရာနေရာသည် (၃၉) ချပ်မြောက်ပျဉ်ချပ်။

ဒါဆို အောက်က 'ကျားတံတား'

"ဂျွတ် . . . ဂျွတ်"

"အမေ့ . . ."

ရန့်၏ အထိတ်တလန့်အော်သံ မရှေးမနှောင်းမှာပင် . . .

"ဝုန်း"

ᅎ ᅎ ᅎ



www.burmeseclassic.com

www.burmeseclassic.com

# XIX

သံစဉ် ရှေ့မှပျဉ်ချပ်ကို ဆောင့်နင်းချလိုက်ခြင်း ဖြစ်ပါ၏။ ပျဉ်ချပ်ကကျိုးသွားသည်။ နောက်တစ်ချပ်ကို ပထမအတိုင်း ခပ်ဆတ်ဆတ်နင်းလိုက်သည်။ မကျိုး။

နောက်တစ်ချက် . . .

သူ့ခြေဖနောင့်က အမာသားတစ်ခုနှင့်သာ ဆုံမိသွားပါ၏။

သေချာသွားပေပြီ။

"ကျားတံတား . . ."

သံစဉ် ချက်ချင်းပင် နောက်သို့လှည့်ကာ အော်လိုက်သည်။

"ရန့် . . . ကျားကွက်စားသလို တစ်ခုကျော်ပြီး ခုန်လာခဲ့။ အဲဒါ ဒုတိယလျှို့ဝှက်ချက်ပဲ . . ."



နောက်တော့ . . .

"ဂျွတ် . . . ဂျွတ် . . ."

တံတား၏ တအိအိနိမ့်ဆင်းလာသံက ကျယ်သထက်ကျယ်လာသည်။ သူတို့နှစ်ဦး၏ခြေလှမ်းတွေလည်း သွက်သထက်သွက်လာသည်။

"ဂျွတ် . . . ဂျွတ် . . ."

သံစဉ်နှင့်ရန့် အသက်ပင်မရှူရဲတော့ . . .

ရောက်တော့မည်။ ရှေ့နှစ်လမ်းပြီးလျှင်ရောက်တော့မည်။ ထိုစဉ်မှာပင် . . .

"ထောက် . . ."

တံတားအလယ်မှ ကြိုးတစ်ချောင်းပြတ်သွားလေသည်။

တံတားတစ်ခုလုံး သွက်သွက်ခါသွားကာ သူတို့နှစ်ယောက်လုံးပင် ပြုတ်မကျရန်ကမန်းကတန်း ထိန်းလိုက်ရသည်။ ပြီးတော့ . .

"ဂျွတ် . . . ဂျွတ် . . .ချွတ် . . . ထောက် . . ."

နောက်တစ်ချက် ပြတ်တောက်သွားမှုအဆုံးမှာတော့ . . .

သူ့ခန္ဓာကိုယ်က လေထဲသို့မြောက်တက်သွားတော့သည်။ ပြီးတော့ . . .

"ဂျွတ် . . .ဂျွတ် . . .ဝုန်း . . ."

"အမယ်လေး . . ."

"ဝုန်း . . . ဝရုန်း . . ."

ရန့်၏ စူးစူးဝါးဝါးအော်ဟစ်သံ၊ တံတားကျိုးပြတ်ကျသွားသံကို ရောထွေးဖြစ်ပျက်သွားပြီးသည့် ခဏမှာပင် . . .

သံစဉ် မြေပြင်မှကုန်းရုန်းထလိုက်ရင်း တံတားစွန်းဆီသို့ အားသွန်မိသွားသည်။ ပြီး တံတားစွန်းမှငုံ့ကာ အောက်ဖက်သို့ကြည့်လိုက်တော့ . . .

"သံစဉ် . . . သံစဉ် . . . သံစဉ်ရေ . . ."

တကြော်ကြော်အော်နေသော ရန့်၊ ကြိုးကိုကျစ်ကျစ်ပါအောင်



www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ထားရင်း အော်ဟစ်အကူအညီတောင်းနေပုက အလွန်တရာထိတ်လန့်တုန်လှုပ်ဟန်တွေ အထင်းသားပေါ်နေပါသည်။

သံစဉ်ချက်ချင်းပင် ပခုံးမှာလွယ်ထားသောကြိုးခွေကို ဖြည်ချပေးလိုက်သည်။

"ရန့် . . . ရော့ . . . ဒီကြိုးကို ပြောင်းပြီးကိုင်ထားလိုက်၊ အပေါ်ကနေ ကိုဆွဲတင်ပေးမယ် . . ."

ထို့နောက်မှာတော့ . . .

သူတို့နှစ်ယောက်လုံး မြေပြင်ပေါ်မှာ ခြေပစ်လက်ပစ်ပက်လက်လှန်ချလိုက်ကြပါတော့သည်။

နှစ်ယောက်စလုံး၏ နှလုံးခုန်သံတွေမြန်နေသလို အသက်ရှူသံကလည်း ပင်ပန်းနေသည်။ စိတ်လှုပ်ရှားမှုတွေကလည်း အခုထက်ထိမပြေသေး။

သံစဉ် မျက်လုံးမှေးစင်းကာ အမောဖြေလိုက်မိသည်။

မည်မျှကြာသွားသည်မသိ။ မျက်ခွံပေါ်သို့ ထိုးကျလာသောနေရောင်ပြောက်ကြောင့် ကပျာကယာ မျက်လုံးဖွင့်ကြည့်လိုက်ချိန်မှာပင် . . .

"ဟင် . . ."

နေလုံးကြီးကမွန်းတည့်ချိန်မှ တော်တော်သွေဖီနေပြီဖြစ်သည်။ ချက်ချင်းပင် သံစဉ်နာရီကိုမြှောက်ကြည့်မိတော့ . . .

(၂)နာရီထိုးလုထိုးခင် . . .

သံစဉ် ဝုန်းခနဲပင် ကုန်းရုန်းထလိုက်ပြီး . . .

"ရန့် . . . သွားရအောင် . . . (၂)နာရီထိုးတော့မယ်"

သူမကမှေးစင်းထားသော မျက်ခွံတွေကို ပင်ပန်းစွာဖွင့်ကာကြည့်သည်။

သူမပုံစံမှာ အားအင်ပြတ်နေသော စစ်သုံ့ပန်းတစ်ယောက်နှင့်တူနေပါ၏။ သူကယောကျ်ားလေးမို့ ခံနိုင်သည်ထားဦး . . . ရန့်လိုမိန်းကလေး ဘယ်လိုရပ်တည်နိုင်တော့မည်နည်း။



ဟိုရှေ့မှာ မီးခိုးထွက်နေတဲ့နေရာနဲ့ နီးနီးလေးပဲကျန်တော့တယ်"

သူ့စကားက ထိရောက်သွားသည်ထင်သည်။ ရန့်ထကာကြည့်ပါ၏။ ပြီးညှိုးနွမ်းဖျော့လျော့သော မျက်ဝန်းလေးတစ်စုံကို အားတင်းကြည့်နေရာမှ သူ့ဘက်သို့လှည့်၍ . . .

"ဟုတ်တယ်နော် . . . ရေလောက်တော့ရှိမှာပါ . . ."

သံစဉ် စိတ်မကောင်းစွာခေါင်းညိတ်ပြ၍ ရန့်လက်မောင်းနှစ်လုံးကို အားယူပွေ့ချီပေးလိုက်သည်။ ပြီးတော့ . . .

ရန့်လက်ကိုတင်းကြပ်စွာ ဆုပ်ကိုင်ဖိညှစ်လိုက်ရင်း . . .

"လာ . . . သွားရအောင် . . ."

ထို့နောက်မှာတော့ . . .

ပထမတစ်လှမ်း . . .

ဒုတိယတစ်လှမ်း . . .

တတိယ . . .

"ရပ်လိုက် . . ."



www.burmeseclassic.com

www.burmeseclassic.com

# XX

ချောက်ချားဖွယ်ကောင်းသောအသံတစ်သံက သူတို့နှစ်ဦးလုံး၏ရင်ကို တုန်ခါသွားစေသည်။ ဘယ်ကအော်လိုက်တာနည်း။

သူတို့နှစ်ဦး ဝေ့ဝဲကြည့်မိသည်။ မတွေ့ . . .

ရှေ့ကလိုလို ဘေးကလိုလိုနှင့် အသံကြားလိုက်တာတော့ သေချာသည်။

ထိုစဉ်မှာပင် . . .

"မင်းတို့ ဘယ်သူတွေလဲ . . ."

ရှတတ၊ အက်တက်တက်နှင့် ပါရမီနည်းသောအသံဆိုးကြီးက ဒုတိယမ္ပိထပ်မံပေါ်ထွက်လာသည်။

"ကျွန်တော်က မင်းသံစဉ် . . . သူက သင်းရနံ့"



လူချင်းတွေ့ပြီး ပြောနေခြင်းတော့မဟုတ် . . .။

တစ်ဦးနှင့်တစ်ဦး အသံနှင့်သာဆက်သွယ်နေခြင်းဖြစ်သည်။

"မင်းတို့ကို ဘယ်သူလွှတ်လိုက်တာလဲ"

"Orchid လို့ခေါ်တဲ့ ပါရဂူကြီး လွှတ်လိုက်တာ"

"သြော် . . . အဲဒါကြောင့်မို့လို့ မနက်က မီးရှူးဖောက်ပြီး အချက်ပေးလိုက်တာကိုး . . ."

ထိုစကားကြောင့် သံစဉ်အံ့ဩသွားသည်။ ချက်ချင်းပင် မနက်က သူတို့ဆင်းအလာ အပေါ်ဘက်ပိုင်းဆီမှ 'ဒိန်း'ဟူသော အသံကြီးကိုလည်း သတိရမိသွားပါ၏။

မီးရှူးဖောက်ပြီး အချက်ပေးလိုက်တယ်ဆိုတော့ သူတို့ကတာဝန်ခွဲတည်းပေါ့ဟုလည်း တွေးမိသည်။

ဒါဆိုသူတို့ ခရီးစဉ်များဆုံးသွားပြီလား . . .

သံစဉ် လိုက်ခနဲ ဖြစ်သွားသောဝမ်းသာစိတ်တို့နှင့်အတူ

"ဒါဆို ကျွန်တော်တို့ဆက်သွားစရာ မလိုတော့ဘူးပေါ့"

သံစဉ့်စကားကြောင့် ထိုလူကြီးကရယ်သည်။ ရယ်သံကြီးမှာ အင်မတန်ပင် ချောက်ချားဖွယ်ကောင်းပါ၏၊ ညနေဝင်ရီတရောအချိန် (သို့)သန်းခေါင်စောစောအချိန်တို့၌သာ ထိုရယ်သံမျိုးကြားပါက သွေးလန့်ကာ သေသွားနိုင်သည်။

"အဟား . . . ဘယ်လိုဖြစ်တာလဲကွ၊ ပျော့လှချည်လား။ အခုမှ မင်းတို့ခရီးစဉ် တစ်ဝက်ပဲရှိသေးတယ်"

"ဗျာ . . ."

"ရှင် . . ."

နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြကာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။ ထိုလူကြီးကတော့ ရယ်လို့သာနေပါ၏။ သူ့ရယ်သံကြီးက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းကာနေသည်၊ ပြီးတော့မှ . .

"ကဲ . . . ဘယ်လိုလဲ၊ မင်းတို့အမောဖြေပြီးသွားကြပြီမလား"



www.burmeseclassic.com

www.burmeseclassic.com

ထိုစကားအရ သူတို့နှစ်ယောက် ပက်လက်လှန်ကာ အမောဖြေနေကြသည်ကို မြင်တွေ့ပြီးထားခြင်းဖြစ်နိုင်သည်။

"လူအမောဖြေပြီးသွားပြီဆိုရင်တော့ . . . ဒီတစ်ခါ စိတ်မောအလှည့်ပေါ့"

"ဗျာ . . ."

စကားအဓိပ္ပာယ်ကို သံစဉ်နားမလည်လိုက်။ ထို့ကြောင့် . . .

"ဟေ့လူ . . . ခင်ဗျားဘာပြောလိုက်တာလဲ"

ပြန်ဖြေသံမကြားရပါ။ တအောင့်ကြာမှ . . .

"မင်းရှေ့က မြေပြင်ကိုကြည့်လိုက်စမ်း . . . ဘာတွေ့လဲ"

သံစဉ်နှင့်ရန့် ရှေ့မှမြေပြင်ကိုကြည့်လိုက်သည်။ ဘာထူးခြားမှုမှမတွေ့။

"မြေကြီးပဲတွေ့တယ်၊ ဘာမှမတွေ့ဘူး"

"သေချာကြည့်ပါဦးကွ။ မင်းနဲ့နှစ်လှမ်းအကွာလောက်ကစပြီး မြေကြီးမှာဆွဲထားတဲ့ ကျားကွက်တွေကို မတွေ့ဘူးလား"

ထိုစကားကြောင့် သံစဉ်နှင့်ရန့် ရှေ့တိုးကြည့်လိုက်သည်။ ဟုတ်သည်။ မြေပြင်ပေါ်တွင် ခြေလှမ်းတစ်လှမ်းအကွာလောက်ကို တစ်ကွက်လုပ်၍ ထပ်အောက်၊ ဘေးဘယ်ညာ ရှစ်ကွက်စီဆွဲထားသည်။

"ဟုတ်ကဲ့ . . . တွေ့ပြီ . . ."

"အေး . . .တွေ့ရင် ငါပြောတာကို သေချာနားထောင်။ မင်းအဲဒီအကွက်တွေပေါ်ကိုလည်း မနင်းရဘူး၊ ဘေးကနေလည်း ပတ်ရှောင်လာလို့မရဘူး။ အဲဒီ နှစ်ချက်ကလွဲရင် မင်းကြိုက်တဲ့နည်းသုံးပြီး ဒီဘက်ကိုလာလို့ရတယ်။ ဘယ်လိုလဲ . . . လာလို့ဖြစ်မလား . . ."

ထိုလူကြီးစကားတွေက နည်းနည်းတော့ အဓိပ္ပာယ်မရှိဟုထင်သည်။

"လာတာတော့ ဟုတ်ပါပြီ၊ ခင်ဗျားပြောသလို အဲဒီဘက်ရောက်လာခဲ့ပြီဆိုရင်ရော . . ."



"မင်းတို့မနက်တည်းက ဘာမှမစားလာခဲ့ရဘူးမလား၊ မင်းရပ်နေတဲ့နေရာ ရှေ့အကွက်ကစရေရင် (၈) ကွက်မြောက်အကွက်ရဲ့ ဟိုဘက်ချုံထဲမှာ မင်းတို့နှစ်ယောက်အတွက် စားစရာရှိတယ်။ အဲလောက်ဆို မင်းတို့သိမှာပါ"

ထိုလူကြီးပြောသည့်ချုံကို သံစဉ်လှမ်းမြင်နေရသည်။ ရန့်ကိုလှည့်ကြည့်မိတော့ မျှော်လင့်ချက်အရောင်နည်းနည်းလက်သောအကြည့်ဖြင့် သူ့ကိုမော့ကြည့်နေပါ၏။ သံစဉ် သဘောပေါက်လိုက်သည်။

သူတို့၏ရပ်တည်မှုအတွက် ယခုကစားပွဲကို လက်ခံလိုက်ရတော့မည်မဟုတ်ပါလော။

ထို့နောက် သံစဉ်ကျားကွက်အနေအထားကို လေ့လာလိုက်သည်။ ပြီးတော့ စိတ်ထဲမှအကွက်တွေကိုလည်း ရေကြည့်လိုက်သည် ဟုတ်သည်၊ ရှစ်သည်။

ဒါဆိုလျှင် သူ ကစားလို့ရပေပြီ။ မကြာလိုက်ပါ။ သူ့ဦးနှောက်၏စာမျက်နှာတချို့ကို လှန်ပြီးချိန်မှာတော့ . . .

"ခင်ဗျားဘက်က ပထမတစ်ကွက်လောက်ကို စနင်းပေးလို့ရမလား . . ."

သံစဉ့်စကားကြောင့် ဟိုဘက်မှခေတ္တအသံတိတ်သွားသည်။ စဉ်းစားသွားခြင်း ဖြစ်နိုင်ပါ၏။ အတော်ကြာမှ . . .

"အဟက် . . . ဟုတ်ပါပြီဗျာ၊ မင်းသဘောအတိုင်းပဲ ငါပထမကွက်ကိုစနင်းပြီလို့ သဘောထားလိုက်။ ကဲ . . . နင်းပြီ"

ထိုလူကြီး၏ အသံဆုံးသွားချိန်မှာ

"ခင်ဗျားဘက်က တစ်ကွက်နင်းပြီးသွားပြီဆို ကျွန်တော် အဲဒီအကွက်ပေါ်ကို ရောက်နေတာနဲ့တူသွားပါပြီ"

"ဘာ . . . ဘယ်လို . . ."

ထိုလူကြီးအံ့သြစွာ ပါးစပ်မှထွက်သွားသော အာမေဍိတ်သံကို ကြားလိုက်ရသည်။ သံစဉ် ပြုံးရုံသာပြုံးနေလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဘာယ်လိုကြီးလဲကွ၊ မင်းဟာက . . ."

"ကျွန်တော်ရှင်းပြပါ့မယ် ဒီလိုပါ . . .

ခင်ဗျားနဲ့ကျွန်တော် မျက်နှာချင်းဆိုင်ရပ်နေကြတယ်လို့သဘောထားလိုက်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ စစ်တုရင်ကွက်ရှစ်ကွက်ရှိတယ်။ တစ်ကွက်ကို ခြေတစ်လှမ်းနှုန်းနဲ့တွက်ရင် (၈)လှမ်းပေါ့။ ဆိုလိုတာက ကျွန်တော်တို့နှစ်ယောက် ခြေလှမ်း(၈)လှမ်းအကွာမှာ ရပ်နေကြတယ်ဗျာ။ ခင်ဗျားဆီရောက်ဖို့ ကျွန်တော်(၈)လှမ်း လှမ်းရမယ်။ ခင်ဗျားလည်း ကျွန်တော့်ဆီလာဖို့ (၈)လှမ်း လှမ်းရမယ်။ အဲဒီတော့ သေချာစဉ်းစားကြည့်ရင် ခင်ဗျားလှမ်းလိုက်တဲ့ခြေတစ်လှမ်းဟာ ကျွန်တော်ရဲ့ ခြေလှမ်း(၈)လှမ်းနဲ့ တူမနေဘူးလား"

"ဟော . . ."

ထိုလူကြီး ဆွံ့အသွားလေပြီ။ သံစဉ်သဘောပေါက်လိုက်သည်။ ချက်ချင်းပဲ ပတ်ဝန်းကျင်ကတိတ်ဆိတ်သွားသည်။ သစ်ရွက်တို့ အားပေးသံမှလွဲ၍ ဘာမှမကြား။

အတော်ကြီးကြာမှ . . .

"မင်းစဉ်းစားတာကတော့ ကောင်းပါတယ်။ ဒါပေမယ့် တစ်ခုမှားနေတယ်"

"ဘာမှားနေတာလဲ"

"ငါလာခိုင်းတာက အကွက်ရှစ်ကွက်စလုံးအပေါ်ကိုမနင်းဘဲလာခိုင်းတာ။ အခု မင်းပြောပုံအရဆို မင်းခြေထောက်ကနံပါတ် (၈) အကွက်ပေါ်ကို နင်းထားတယ်"

သံစဉ်ပြုံးလိုက်ပါ၏။

"မဟုတ်ဘူး . . . ကျွန်တော်မနင်းထားဘူး။ နံပါတ် (၈)အကွက်ပေါ်ကိုနင်းထားတာက ခင်ဗျားခြေထောက်။ အဲဒီခြေထောက်အပေါ်ကိုမှ ကျွန်တော်ကနင်းထားတာ။ ကဲ . . . ခင်ဗျားလည်းသြောင်းရောပေါ့။ ကျွန်တော်ကူးလိုက်တော့မယ်"



". . . . . ."

"ရပြီ . . . ကျွန်တော် ဘာယ်အကွက်ပေါ်ကိုမှမနင်းဘဲ ဒီဘက်ရောက်သွားပြီ"

မကြာလိုက်ပါ။ ထိုသူ၏ အားရပါးရရယ်လိုက်သံကြီးမှာ တစ်ဟောလုံး ဖြတ်ပြေးသွားပါတော့သည်။

"အဟား . . . ဟား . . . ဟား . . .

မင်းတော်တယ် . . . ကြိုက်သွားပြီ . . . လုံးဝကြိုက်သွားပြီ။ ဒီဘက်ကိုကူးလာခဲ့တော့"

ယခုမှပင် သံစဉ်တို့နှစ်ယောက်ခြေလှမ်း (၈)လှမ်းဖြင့် တကယ်ကိုဖြတ်နင်းကာ လျှောက်သွားလိုက်ကြပါသည်။ ပြီးတော့ [illegible]ရှိသည်ဟူသော ချုံထဲသို့ အပြေးအလွှားသွားကြကာ . . .

"ဟင် . . . ရှိလည်းမရှိဘူး"

ရန့်က မျှော်လင့်ချက်ပျောက်သော လေသံနှင့်ပြောသည်။ သံစဉ်လည်း ရှာသည်မတွေ့။ ထို့နောက်မှာတော့ သံစဉ် ဒေါသအကြီးအကျယ်ထွက်သွားကာ . . .

"ဟေ့လူ . . . ခင်ဗျား ကျွန်တော်တို့ကို အရူးလုပ်တာလား။ ဘယ်မှာလဲ . . . စားစရာ"

သံစဉ်၏ဒေါသသံက ဟိန်းသွားသည်။

"ဘယ်မှာအရူးလုပ်လို့လဲကွ။ မင်းအပေါ်ကိုမော့ကြည့်ပါလား"

သံစဉ် ကပျာကရာပင် မော့ကြည့်လိုက်တော့ . . .

ငှက်ပျောသီးတစ်လုံးကို ကြိုးနှင့်ချည်ကာချထားသည်။ ထိုကြိုးချည်ထားရာသစ်ကိုင်းနှင့်မလှမ်းမကမ်းခွဆုံပေါ်မှာကား ဆံပင်ဖားလျားကြီးဖြင့် . . .

"ဟင် . . ."

သံစဉ် မှင်တက်သွားကာ နောက်သို့အလိုလိုခြေတစ်လှမ်း ဆုတ်မိသွားပါသည်။ နောက်အဆုတ် ရန့်ကိုဝင်တိုက်မိတော့ ရန့်လည်း ကြောင်



www.burmeseclassic.com

www.burmeseclassic.com

တောင်တောင်ဖြင့် သံစဉ်ကြည့်နေရာသစ်ကိုင်းဆီသို့။

"အမယ်လေး . . ."

ရန့် သံစဉ့်ခန္ဓာကိုယ်အား ကျုံးဖက်ထားလိုက်မိသည်။ သံစဉ် ရင်ခုန်သံတွေလည်း တဒိုင်းဒိုင်းညံနေသည်။

သူတို့နှစ်ယောက်စလုံး တုန်လှုပ်စွာကြည့်နေမိသည့်အရာက ဆံပင်ဖားလျားကြီးဖြင့် သစ်ပင်ပေါ်မှာထိုင်နေသော လူတစ်ယောက်။

သံစဉ့်တစ်သက်တာတွင် ဤမျှလောက် ဆိုးညစ်ရွံ့ရှာဖွယ်ကောင်းသော ရုပ်ရည်ကိုမမြင်ဖူး။ ရုပ်ရှင်ဗီဒီယိုတွေထဲမှ မကောင်းဆိုးရွားတွေ၏ရုပ်ရည်ကမှ ယခုထက် လွန်စွာကြည့်ကောင်းဦးပေမည်။ ယခုကား . . .

နှိုင်းယှဉ်ပြစရာပင်မရှိလောက်အောင် ရှားပါးညစ်နွမ်းလွန်းသော ရုပ်ရည်မျိုး။ မျက်နှာပြင်တစ်လျှောက် ချုပ်ရိုးရာဗလပွနှင့် မျက်လုံးတစ်ဖက်ကိုလည်း မျက်ခွံမှစ၍ ပိတ်ချုပ်ထားသည်။

ပါးစပ်က တစ်ခြမ်းရွဲ့နေသည့်အပြင် နှာခေါင်းကရှည်လျားလွန်းစွာကွဲကျနေပါ၏။ မျက်နှာတစ်ခုလုံးတွင်လည်း အမာရွတ်တွေက အရောင်အမျိုးမျိုးဖြင့် . . .

ထိုစဉ်မှာပင် ထိုသတ္တဝါကြီးက သစ်ပင်ပေါ်မှအောက်သို့ ဆင်းလာပါသည်။ သံစဉ် အသက်ပင်မရှူရဲတော့။ အန္တရာယ်ပြုလာလျှင် လည်းတုံ့ပြန်ရန် ခါးကြားမှဓားကို ကိုင်ထားလိုက်သည်။

မြေပြင်ပေါ်ရောက်၍ အနီးကပ်မြင်လိုက်ရသောအခါတွင်မှ သံစဉ်ပျို့ပျို့ပင် တက်လာရပါတော့သည်။ ရန့်ကိုတော့ သူ့ရင်ဘတ်တွင် မျက်နှာကပ်၍ ကွယ်ထားလိုက်သည်။

အထိတ်တလန့်ဖြစ်နေသောသူတို့ပုံစံကိုကြည့်၍ ထိုသတ္တဝါကြီးကရယ်သည်။ သူရယ်ပုံမှာ လွန်စွာစက်ဆုပ်ရွံ့ရှာဖွယ် ကောင်းလွန်းပါ၏။

သံစဉ် အသည်းတို့ တလှပ်လှပ်ယားလာသည်။ ထိုစဉ်မှာပင်



ဘာထိုလိုဖြစ်တာလဲကွ . . . အသည်းငယ်လှချည်လား"

ဟုဆို၍ ထိုလူက ပါးပြင်အောက်ဖက်သို့ လက်ကိုကုတ်လိုက်၍ ဆွဲခွာချလိုက်သည်တွင် . . .

ထိုသမတီစရာကောင်းသော မျက်နှာကြီးမှာ အရေခွံလန်သွားသည်။

အောက်မှပေါ်လာသော ရုပ်ရည်ကား . . .

တည်ကြည်ခံ့ညားသော မျက်နှာပေါက်တစ်ခု။

သံစဉ် အခုမှပင် ရင်ထဲမှအလုံးကြီး ပြုတ်ကျသွားရလေသည်။ ရန့်သည်လည်း အသက်ရှူလွတ်လပ်သွားသည်။ ချက်ချင်းဆိုသလို ထိုမျက်နှာမျိုးကို တစ်နေရာမှာမြင်ဖူးသည်ဟု ခံစားလိုက်ရသည်။

"ဘယ်လိုလဲ . . . တော်တော်မှကြောက်သွားကြရဲ့လား"

သူတို့နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီချမိကြသည်။ ထို့နောက်သံစဉ်က ရှေ့တည့်တည့်မှငှက်ပျောသီးကို ပြုတ်ယူလိုက်ကာ ရန့်ကိုပေးသည်။

"ခင်ဗျားဟာက တစ်လုံးတည်းလားဗျ"

ထိုလူက ပြုံးသည်။ ခုနကပုံနှင့်တော့ လားလားမျှမဆိုင်တော့ပေ။

"မင်းတို့ငါ့ကို သက်သေတစ်ခုအပ်ရဦးမယ်လေ"

"သက်သေ . . ."

သံစဉ် တိုးတိုးရေရွတ်မိသည်။ ဘာသက်သေလဲ။ သူစဉ်းစားမရ။ ထိုစဉ်မှာပင် ဆက်လက်၍ . . .

"မင်းတို့ကမ်းပါးကို ဘယ်လိုတက်ခဲ့ကြလဲ"

အခုမှပင် သူ့ခေါင်းထဲသို့ အကြောင်းအရာတစ်ခုက ဒိုင်းခနဲ ခုန်ဝင်လာသည်။

"ဪ . . . ဒါရိုက်တာ သီအိုရီ"

သံစဉ် ချက်ချင်းပင် ရန့်ဘက်သို့လှည့်လိုက်တော့ ရန့်က ငှက်



www.burmeseclassic.com

www.burmeseclassic.com

ငှက်ပျောသီးစားနေရာမှ ပြုံးပြသည်။ ဘာလဲဆိုသည့်သဘော။

ပလုတ်ပလောင်းစားနေသော ရန့်ပုံစံလေးကိုကြည့်၍ သနားသွားရသေးသည်။

"ဖုန်း . . ."

ရန့် ကပျာကရာ ထုတ်ပေးသည်။ ရန့်ပေးသောဖုန်းကိုယူ၍ သံစဉ်ထိုပုဂ္ဂိုလ်ရှေ့သို့သွားကာ ရိုက်လာခဲ့သောဓာတ်ပုံများကို တစ်ပုံချင်း ပြလိုက်သည်။ ဓာတ်ပုံတွေက အစဉ်လိုက်အသက်ဝင်ကာ . .

ပထမ ကမ်းပါးကြီး၏ပုံ၊ နောက် သူတို့နှစ်ဦးကြိုးနှင့်ခိုး၍ ကမ်းပါးပေါ်တက်သည့်ပုံ။ ပြီးတော့ ကမ်းပါးပေါ်မှာ အလံစိုက်၍ အောင်ပွဲခံပုံ။

ဒါရိုက်တာ သီအိုရီအတွက် ပြည့်စုံသွားလေပြီ။ သံစဉ် ဖုန်းကို ပိတ်လိုက်တော့ . . .

"မင်းတော်တော်မဆိုးဘူး" ဟုဆို၍ ငှက်ပျောသီးတစ်လုံး ထပ်ပစ်ပေးသည်။ ဒီတစ်ခါ သံစဉ်အလှည့် . . .

ထိုပုဂ္ဂိုလ်က စကားဆက်ပြောသည်။ ပြောနေရင်းနဲ့မှ ဝါးတဲတစ်လုံးဆီသို့ ဦးတည်သွားနေပါ၏။

"မင်းတို့ငါ့ဆီကို ပထမဆုံးရောက်လာတာပဲကွ၊ ယုံတောင်မယုံဘူး။ မနက်က အစ်ကိုကြီး မီးရှူးပစ်ဖောက်ပြီးအချက်ပေးတော့ ငါတော်တော်အံ့သြသွားတယ်"

ယခုမှ သံစဉ် ထိုပုဂ္ဂိုလ်မျက်နှာအား တစ်နေရာတွင်မြင်ဖူးသည် ယူသောအချက်ကို သတိရသွားသည်။ ထိုစဉ်မှာပင် အသားကင်နံ့လိုလို၊ အသားပြုတ်နံ့လိုလို၊ အနံ့တစ်ခုကို သူတို့ရလိုက်သည်။ တော်တော်မွှေးပါ၏။ ဗိုက်ဆာနေသော သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသွားလေသည်။

"အစ်ကိုကြီးက ဘာပြောလိုက်သေးလဲကွ . . ."

"ထွေထွေထူးထူးတော့ ဘာမှမပြောလိုက်ပါဘူး"



သံစဉ် အေးဆေးစွာပဲပြောလိုက်သည်။ ထိုစဉ်မှာပင ရန့်က ဝင်၍ . . .

"ဒီမှာ စားစရာလေးဘာလေး ရောင်းဖို့မရှိဘူးလားရှင့်။ ရှိရင် ကျွန်မတို့ကို ရောင်းပါလား။ ဘယ်လောက်ပဲဖြစ်ဖြစ် ကျွန်မတို့တတ်နိုင်ပါတယ်၊ ဝယ်နိုင်ပါတယ်။ ကျွန်မတို့မှာ အလုံအလောက် . . ."

"တော်တော့ . . ."

ထိုပုဂ္ဂိုလ်အသံမှာ ဟိန်းသွားသည်။ နောက် ဆတ်ခနဲလှည့်၍ သူမကိုသေချာကြည့်သည်။ ရန့် တုန်လှုပ်သွားရပါ၏။

"ဒီမှာမိန်းကလေး . . . ဒါ မင်းတို့ ရန်ကုန်မြို့မဟုတ်ဘူး။ အရာရာကို ငွေနဲ့မဆုံးဖြတ်ပါနဲ့။ ပိုက်ဆံရှိရင် ဘာမဆိုလုပ်လို့ရတယ် ဆိုတဲ့ပုံစံမျိုးနဲ့ ပိုက်ဆံအားကိုးစကားတွေမပြောနဲ့။ ဒီလိုနေရာမျိုးမှာ မင်းငွေက အားမကိုးလောက်ဘူး"

ရန့် တိတ်သွားရသည်။ သံစဉ်လည်း ရန့်နှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်ကို အားနာသွားရသည်။

"ငါတို့ ညီအစ်ကိုနှစ်ယောက် ဘာလို့ဒီလိုတောကြီးမျက်မည်း ထဲလာနေလဲသိလား၊ ငွေရဲ့လွှမ်းမိုးမှု၊ ငွေရဲ့ခိုင်းစေမှုကို မခံနိုင်လို့၊ အရာရာတိုင်း ငွေရဲ့ဦးဆောင်မှုနောက်ကို မလိုက်နိုင်လို့၊ ငွေအတွက်နဲ့ လူတွေသတ်ကြ၊ ဖြတ်ကြ၊ လိမ်တဲ့လူကလိမ်၊ ငိုတဲ့လူကငို၊ ရယ်တဲ့သူက ရယ်၊ အဲလိုဒုက္ခတွေကို အမြဲရင်ဆိုင်နေရတဲ့ ငွေကျွန်ကြီးတွေဖြစ်မှာ ကြောက်လို့။

ရှင်းရှင်းပြောရရင် ကိုယ်လုပ်ချင်တာမလုပ်ရဘဲ ဘဝရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ငွေရှာရင်းနဲ့ပဲ ကုန်သွားမှာစိုးလို့ . . .

အခုလို လူသူတွေနဲ့ဝေးတဲ့ဆီလာနေနေတာ။ သဘောပေါက်လား . . ."

သူတို့စကားပြန်မဆိုမိကြ။ ခံစားချက်လွှမ်းသော မျက်လုံးတွေဖြင့် အဝေးတစ်နေရာကိုငေးကာ တစ်လုံးချင်းပြောနေသည့်အား . . .



www.burmeseclassic.com

www.burmeseclassic.com

အရှိန်တစ်ခုပါနေသည်။

ရန့်မှာတော့ ပျက်ယွင်းသောမျက်နှာလေးဖြင့် သူ့ကိုငေးနေပါ၏။ သံစဉ်အပြစ်မတင်ရက်ပါ။ တချုတ်ချုတ်ဆာနေသော သူ့ဝမ်းနှင့် ယှဉ်၍ကိုယ်ချင်းစာပါသည်။

"မင်းတို့ရောက်လာမယ်ဆိုတာသိလို့ အရင်ကတည်းက ငါး အသားကင်ထားတယ် . . . ဟိုမှာတွေ့လား . . ."

ထိုလူကြီး လက်ညှိုးထိုးပြရာနေရာကား မီးခိုးငွေ့အနည်းငယ် တိုးတက်နေသော မီးအရှိန်ကြားထဲမှ ဒရယ်လိုလို၊ သမင်လိုလိုအကောင်၏ပေါင်သားတစ်ချောင်း။ သူတို့နှစ်ဦး ဟိုခပ်ဝေးဝေးကတည်းကတွေ့သောမီးခိုးတန်းသည် ဒီကဖြစ်ပေလိမ့်မည်။

ပေါင်သားမှာ မီးရှိန်နှင့်ရဲကာ စားချင့်စဖွယ် အဆီတဝင်းဝင်း ဖြစ်နေပါ၏။ သံစဉ် ဝမ်းတို့ပင် ပိုဆာလာသလို ခံစားလိုက်ရပါသည်။

"ဒါပေမယ့် အခုတော့ လွယ်လွယ်နဲ့မရတော့ဘူး"

ထိုလူကြီးက မာထန်သောလေသံနှင့်ပြောသည်။ သံစဉ်ဘာမှ မပြော၊ ငြိမ်ကာနားထောင်နေလိုက်ပါ၏။

"မင်းတို့ငါနဲ့ ကစားပွဲတစ်ပွဲကစားရမယ်။ နိုင်မှ စားခွင့်ရှိမယ်"

"ဘာကစားပွဲလဲ . . ."

သံစဉ် အလျင်စလိုမေးလိုက်သည်။

"စစ်တုရင် ကစားပွဲ"

ထိုလူကြီး၏ တစ်လုံးချင်း ပြောလိုက်သော စကားတို့အဆုံးမှာ . . .

သံစဉ် စိတ်အညစ်ကြီးညစ်သွားရပါတော့သည်။ သူ စစ်တုရင်ထိုးရန် ဆန္ဒလုံးဝမရှိပါ။ ပါရဂူအဘိုးကြီးဆီမှာကတည်းကပင် စစ်တုရင်မထိုးချင်၍ ဒုတိယလမ်းကို ရွေးခဲ့ခြင်းဖြစ်သည်။ ယခု ဒီရောက်ကာမှ . . .

ရန့်ကတော့ အားနာသည်လား၊ တောင်းပန်သည်လား၊ မပြော



တတ်သောအကြည့်တစ်ခုဖြင့် ညှိုးညှိုးနွမ်းနွမ်းကြည့်သည်။ သူဘာလုပ်ရမည်နည်း။

မီးပုံပေါ်မှအသားကင်က တလှပ်လှပ်တုန်နေသောရင်နှင့် တချုတ်ချုတ်ဆာနေသောဗိုက်ကို မြူဆွယ်နေသည်။ သံစဉ် နာရီပင့်ကြည့်လိုက်တော့ (၂)နာရီခွဲပေတော့မည်။ ငှက်ပျောသီးတစ်လုံးသာရှိသေးသောခန္ဓာကိုယ်က အစာဆက်လက်တောင်းခံနေတာ သူသဘောပေါက်သည်။ ရန့်ရော . . .

သူမက မိန်းကလေးဆိုတော့ ပိုလို့ပင်ဆိုးလေဦးမည်။ သူမ အပြစ်နှင့်သူမမို့ ငြိမ်နေသော်လည်း ကိုယ့်ချစ်သူအကြောင်းကိုယ်သိသည်။ ထိုစဉ်မှာပင် . . .

"ကဲ . . . ကောင်လေး မင်းတို့အတွက်အချိန်သိပ်မရှိဘူးလို့ ငါထင်တယ်။ မင်းဘာကိုရွေးမှာလဲ။ ငါနဲ့စစ်တုရင်တစ်ပွဲထိုးပြီး ဟာနေတဲ့မင်းတို့ဗိုက်ကိုဖြည့်သွားမလား။ ဒါမှမဟုတ် ဒီအတိုင်းပဲ ရှေ့ဆက်သွားဖို့အားသန်လား"

သံစဉ် ဝေခွဲရခက်စွာ ခေါင်းရမ်းမိသည်။ သူဘာလုပ်ရမည်လဲ။ ဒါပေမယ့် သူတို့အခြေအနေကိုတော့ သူတို့နားလည်လိုက်ပါသည်။ ထို့ကြောင့် . . .

"ကျွန်တော် ပထမတစ်ခုကို စိတ်ဝင်စားပါတယ်"

ထို့နောက်မှာတော့ . . .

www.burmeseclassic.com

www.burmeseclassic.com

# XXI

“မင်းအရင်ဖွင့်ကွာ . . . မင်းကတိုက်စစ်ပဲ . . .”

သံစဉ် ထိုပုဂ္ဂိုလ်ကိုလျှော့တွက်လို့မရမှန်း စိတ်ကအလိုလို သိနေသည်။ အကြောင်းကား သူတို့ဖြတ်လာခဲ့သော ကျားတံတားဆိုင်း ဘုတ်အောက်မှခုနှစ်။

တံတားဆောက်လုပ်ခဲ့သော ခုနှစ်ကို VSB ပြိုင်ပွဲခုနှစ်လို့ ကပ်ထားသည်။ VSB ဆိုတာ ကမ္ဘာကျော်စစ်တုရင်ပြိုင်ပွဲ၊ အဆင်လာ ကြီးသော စစ်တုရင်ပြိုင်ပွဲတစ်ခုပင် မဟုတ်ပါလား။

သံစဉ် အဖွင့်ကိုတော့ ရိုးရိုးပဲဖွင့်လိုက်သည်။ ဒါပေမယ့် ဟိုဘက် ကအဖွင့်ကတော့ ကြောက်မက်ဖွယ်ကောင်းလေသည်။

ထိုပုဂ္ဂိုလ်ကြီး ကစားကွက်ခင်းကျင်းပုံနှင့် တက်လိုက်သော တိုက်ကွက်အဖွင့်က ဗီယင်နာ (Vienna Game) အဖွင့်။



ထိုအဖွင့်နှင့် အဓိပ္ပာယ်က သမားရိုးကျတက်လာသော နိုက် (Knight) တွေ၊ ဘစ်ရှော့ (Bishop) တွေကို တန်ပြန်ချောင်းကွက်ထဲသို့ ဆွဲသွင်းကာ Power လဲယူသော အဖွင့်ဖြစ်သည်။

ထိုအဖွင့်မျိုးကို ကွန်ပျူတာဂိမ်းတော်တော်များများမှာ သံစဉ်တွေ့ ဖူးသည်။ ဘယ်လိုပဲဖြစ်ဖြစ် သံစဉ်ကစားရုပ်တွေကို နေရာလဲရပါတော့ သည်။

ကစားရုပ်တစ်ရုပ်ကို တန်ပြန်ကစားကွက်မရှိဘဲနှင့် သူ မထုတ် ရဲတော့။ ထိုအချက်ကိုမသိလျှင် ဗီယင်နာအဖွင့်ကား ကစားကွက်အနည်း ငယ်နှင့်ပင် အသာစီးရယူသွားနိုင်သည် မဟုတ်ပါလော . . .

ဟိုဘက်ပုဂ္ဂိုလ်က နိုက် (Knight) နှင့် ပွန်း (Pawn) တွဲပြီး တိုက်ကွက်ဆင်မှုကို ကျွမ်းကျင်ပုံရသည်။ နိုက်(Knight)နှင့် ပွန်း(Pawn)တို့ ချိတ်ဆက်ဆက်မိမိဖြင့် တွဲလာကာဗဟိုကွက်နေရာကို စီးထားလေသည်။

သူကတော့ ပွဲကိုအမြန်ဆုံးအဆုံးသတ်ချင်နေသည်ကြောင့် ပွင့် သွားသော ဘစ်ရှော့ (Bishop) လမ်းကြောင်းအတိုင်း ဟိုဘက်အထိတက် သွားကာ တစ်လှည့်ကျော်တွင် Check ကွက်မိရန်ချိန်လိုက်သည်။

ဒီအကွက်မျိုးကို သူမလုပ်သင့်၊ ဒါပေမယ့် မတတ်နိုင်။

သူလိုချင်သည့်အတိုင်းပင် ဖြစ်သွားသည်၊ တစ်ဖက်မှ ကင်း (King) ကို Castting လုပ်လိုက်သောကြောင့် ဖြစ်ပါ၏။ သံစဉ် သူ၏ ပထမအစီအစဉ်အတိုင်း . . .

“Check . . .”

သူ၏ ချက် (Check) အော်သံကြောင့် ထိုပုဂ္ဂိုလ်ပြုံးသွားသည်။ ထိုအပြုံးက အရင်ကတည်းက သံစဉ်ဒီအကွက်ရွှေ့မည်မှန်း ကြိုမြင် နေသောအပြုံး။ ပြီး သူ့မျက်နှာကိုမော့ကြည့်လိုက်ကာ . . .

“ဘာလဲကွ . . . ဂရိလက်ဆောင်ပေးတာလား”

“ဟင် . . .”

သံစဉ် ကြောင်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဂရိလက်ဆောင်' စိတ်ထဲမှလည်း ရေရွတ်မိသွားသည်။

နောက်ချက်ချင်းပင် သူချက် (Check) လိုက်သော အကွက်ကို သေချာကြည့်မိတော့ . . .

ဟုတ်သည်။ ဒါ ဂရိလက်ဆောင် အမိဖမ်းတိုက်စစ်ကွက် သူ ရွှေ့သာရွှေ့လိုက်သည်။ ဒီအကွက်ကို သတိမထားပါ။ ဒီစတေးကစား ကွက်ဟာ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ လောက်ကတည်းက ကစားနေခဲ့ ကြသောကစားကွက်ဖြစ်ပါသည်။ ဒီကစားကွက်ကို ဂရိလက်ဆောင်ဟု လည်းခေါ်ပါ၏။

ကြည့်နေစဉ်မှာပင် သူ့၏တစ်ကိုယ်တည်း ခွဲထွက်နေသော Bishop မှာ ဘက်ပေါင်းစုံကတိုက်ခိုက်ခြင်းကို ခံရပါတော့သည်။ သံစဉ် အလုပ်များသွားရပါ၏။ သို့သော် သူနောက်ကျသွားလေပြီ။ သူ၏ Bishop နှင့် Pawn နှစ်ကောင်မှာ အကွက်အနည်းငယ်မှာပင် စုံးစုံးမြုပ် သွားရလေသည်။

သူကတော့ Pawn တစ်ကောင်သာ အစားပြန်ရလိုက်ပါ၏။ ကစားကွက်အနေအထားကိုကြည့်လျှင်လည်း သူ့ဘက်ကအရေးနိမ့်သွား သည်။ အလယ်ဗဟိုကွက်ကို ထိန်းချုပ်ထားသော တစ်ဖက်လူ၏နိုက် (Knight) နှင့် ပွန်း (Pawn) တိုက်စစ်အတွဲက သူ့ခံစစ်ကျောဆီသို့ တစ်စ ထက်တစ်စ ဝင်ရောက်လာပါသည်။

သံစဉ် အသက်ကိုပင်ဝအောင် မရှူနိုင်တော့ ချက်ချင်းပဲ ခံစစ် ကျောကိုတည်ငြိမ်အောင် အားစိုက်ရတော့သည်။ ခံစစ်တည်ငြိမ်လာပြီ ဆိုတော့မှ တိုက်စစ်ဘက်ကိုအာရုံစိုက်နိုင်လာသည်။ အဝင်အထွက် မှန် လာသည်။ ကစားရုပ်လဲ ရဲလာသည်။

နှစ်ဦးစလုံးပင် ကစားပွဲဆီသို့အာရုံရောက်နေသည့်အတွက် အချိန်တွေ ဘယ်လောက်ကြာမြင့်သွားမှန်းမသိ။

ရန့်ကတော့ ဘောမပွဲကြည့်ပရိသတ်ဖြစ်ရာ အချိန်မည်မျှကုန်ဆုံး သွားပြီကို သိနေသည်။



သူ၏ Counter တိုက်စစ်ကစားပုံကြောင့် တစ်ဖက်လူ၏ကစား ကွက်တွေ ဖရိုဖရဲဖြစ်ကုန်သည်။ Double Bishops ကို အားသန်သော သူ့ကစားကွက်တွေကို ကြည့်၍ . . .

"မင်းက ကက်စပါးရော့ ခရေစီဖြစ်ပုံရတယ်။ မင်းတိုက်စစ် ကစားပုံက ကက်စပါးရော့နဲ့တစ်ပုံတည်းပဲ။ မင်း Bishops တွေ အလုပ် ဖြစ်ပါတယ်။ ဒါပေမယ့် Queen ကို နောက်ကရုံကစားတာ မကောင်း ဘူး။ Queen ရဲ့တန်ဖိုး လျော့သွားသလိုဖြစ်နေတယ်"

တစ်ချီအရောက်မှာတော့ တစ်ဖက်မှ ရထား (Castle) ၏ လဲ ကစားသွားမှုကြောင့် သူ့ Bishop တစ်ကောင် ကျသွားသည်။

တစ်ဖန်သူ၏ Discovered Check (ဖွင့်ချက်) ကြောင့် တစ်ဖက် လူမှာ (King) ကိုနေရာ ချိန်းလိုက်ရပါ၏။

Promotion ရဖို့ကြိုးစားနေသော သူ့ Pawn (ပွန်း) တွေမှာလည်း ရထား (Castle) အထောက်ခံထားရသည့်အတွက် ရွှေ့စရာအကွက် ပျောက်နေသည်။

ကစားကွက်ကသုံးဆယ်ကျော်၍ လေးဆယ်နားနီးလာပေပြီ။ ဒါပေမယ့် ဘယ်သူ့ဘယ်သူမှ အသာမရသေး။ တစ်ကြိမ်တွင် သူနောက် တန်းခံစစ်အား ဒုက္ခပေးလွန်းနေသော မြင်း (knight) အတွဲကို Queen ဖြင့် လဲကစားနိုင်ခဲ့သည်။

ကစားချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း Ending ပိုင်းသို့ ရောက်လာသည်။ အဆုံးသတ်ပိုင်းရောက်လာလေလေ သံစဉ် ရင်ခုန်ရ လေလေဖြစ်လာသည်။ အကြောင်းက သူ့ကစားရုပ်တွေမှာ တဖြည်းဖြည်း အရေးနိမ့်လာသောကြောင့်ဖြစ်ပါ၏။

ဒါပေမယ့် သူ့ King ကတော့ လုံခြုံနေသေးသည်။ ကစားချိန် ကလည်း တစ်နာရီနားပင်နီးလာပေပြီ။ ထိုစဉ်မှာပင် . . .

"မင်းက စစ်ဆီလီယံခံစစ်ကို တော်တော်ကြေညက်ထားတာပဲ ကွ။ ငါဒီလောက်တိုက်စစ်ဆင်နေတာတောင် မင်း King ကို မချိန်း



www.burmeseclassic.com

www.burmeseclassic.com

ချောက်နိုင်သေးဘူး။ ကမ္ဘာကျော်စစ်တုရင်သမားတွေ အကုန်လုံးလည်း စစ်ဆီလီယံနစ်ကိုပဲ သုံးကြတာများတယ်"

တစ်ဖက်လူ၏စကားတွေကြောင့် သံစဉ် မချိပြုံးလေးပြုံးကာ ခေါင်းရမ်းလိုက်သည်။

"ဒါပေမယ့် နောက်သုံးလေးကွက်ဆိုရင် ကျွန်တော်ရှုံးဖို့များသွားပါပြီ။ ခင်ဗျားရဲ့ Pawn ရွှေ့ကွက်တွေ တော်တော်ကောင်းတယ်"

"ဟုတ်ပါ့မလားကွ၊ မင်းခံစစ်ကို သေချာကြည့်ပါဦး။ အဲဒီထဲမှာ ထွက်ပေါက်တစ်ကွက်ရှိတယ်။ အဲဒီအကွက်ကိုမင်းမြင်ရင် မရှုံးပါဘူး"

တစ်ဖက်လူ၏စကားကြောင့် သူသေချာကြည့်မိသည်။ စိတ်လှုပ်ရှားနေ၍ပဲလား၊ သူ့ဦးနှောက်ပဲ မမီ၍လားမသိ။ ထိုအကွက်ကိုရှာမရ။

"မတွေ့ဘူးလား"

သူခေါင်းရမ်းပြလိုက်သည်။

ထိုစဉ်မှာပင် တစ်ဖက်လူကပြုံး၍ Pawn တစ်ရုပ်ကိုရွှေ့လိုက်သည်။ ပြီးတော့ သူ့ကိုမထိတရိကြည့်သည်။

သံစဉ်မြင်သွားလေပြီ။ ထိုပုဂ္ဂိုလ်ဆိုလိုသည့်အကွက်ကို သံစဉ်မြင်သွားလေပြီ။ အမှန်အတိုင်းပြောရလျှင် တစ်ဖက်လူက Pawn တစ်ရုပ်ရွှေ့၍ သူမမြင်သောအကွက်ကိုပြလိုက်ခြင်း။

မကြာပါ . . .

နောက်လေးငါးကွက်မှာပင် သူတို့စစ်တုရင်ပွဲ၏အဆုံးသတ်မှာ မှုတသွားလေသည်။ အဖြေက Draw (သရေ) ကျသွားပါ၏။

ပွဲပြီးသွားတော့ ထိုပုဂ္ဂိုလ်က မတ်တပ်ထရပ်လိုက်ရင်း တစ်ခွန်းပြောသည်။

"ဟိုမှာ အသားတွေကျက်နေပြီ . . . သွားစားတော့"

သံစဉ်နှင့်ရန့်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသွားသည်။ ထို့နောက်မှာတော့ . . .



# XXII

နှစ်ယောက်စလုံးစားပြီးသွားတော့ ရေကိုကမန်းကတန်း လိုက်ရှာကြသည်။ သူတို့ ရေသောက်ချင်စိတ်တို့ ပြင်းပြနေသည်။ အကြောင်းကား မီးကင်ထားသောအသားမှာ ပုံမှန်ထက် အနည်းငယ်ငန်နေသည် မဟုတ်ပါလား . . .

ဒါပေမယ့် ရေနှင့်တူတာဆိုလို့ ရေးရေးမျှပင်မတွေ့။

သူတို့နှစ်ယောက် ပုံစံကိုကြည့်၍ . . .

"ဘာလဲ . . . ရေသောက်ဖို့ ရှာနေကြတာလား"

သံစဉ်နှင့်ရန့် ခေါင်းညိတ်ပြလိုက်ကြသည်။

"ငါ့ဆီမှာတော့ ရေမရှိဘူးကွ၊ ဒီနားက ရေရှားတယ်၊ မင်းတို့ သောက်ချင်တယ်ဆိုရင်တော့ တဲခေါင်းရင်းမှာ ကျောက်တောင်တွေက စိမ့်ထွက်လာတဲ့ ကျောက်စက်ရေတော့ရှိတယ်။ ဒါပေမယ့် သူကတစ်စက်ချင်းကျတာ တော်တော်နဲ့တော့ မင်းတို့အာသာပြေမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် သံစဉ်တို့ပြေးသွားလိုက်ကြပါသည်။ ပြောသည့်တိုင်းဟုတ်သည်။ တစ်စက်ချင်းကျသော ကျောက်စွန်းလေးအောက်မှာ ရေခွက်တစ်ခွက်ခံထားပါ၏။ ထိုခွက်ထဲတွင်တော့ ရေအနည်းငယ်ရှိသည်။ ထိုရေကလည်း တစ်ယောက်တည်းပင် အာသာပြေလောက်သော ရေမဟုတ်၊ သံစဉ် ရေခွက်ကိုယူကာ ရန့်အားပေးလိုက်သည်။ ရန့်က မျက်လုံးလေးပြူးကာ သူ့အားကြည့်၍ . . .

“ကိုကရော . . .”

သံစဉ် ခေါင်းရမ်းပြလိုက်ကာ ထိုကျောက်စွန်းလေးအောက်သို့ ခေါင်းဝင်၍ ရေကိုပါးစပ်ဖြင့် ခံထားလိုက်သည်။

ဘယ်လိုမှ အဆင်မပြေပါ။ အာသာပြေလောက်သော ရေပေါက်ရအောင်သာစောင့်ပါက တစ်နေကုန်သွားမည့်သဘော ရှိသည်။ သံစဉ် အချိန်မပေးနိုင်။ နာရီက သုံးနာရီခွဲသို့ညွှန်နေပြီဖြစ်ပေသည်။

ရှေ့လျှောက် သူတို့ဘယ်လောက်သွားရဦးမည်နည်း။ အခက်အခဲတွေ ဘယ်လောက်ရင်ဆိုင်ရဦးမည်နည်း၊ သူမသိ။

ထို့ကြောင့် သံစဉ် ခဏချင်းပင် ကျောက်စွန်းအောက်မှ ခေါင်းကိုလျှို့ထွက်လိုက်ကာ . . .

“တို့တွေဆက်သွားရအောင်၊ လမ်းရောက်မှပဲ ရေလေးဘာလေးရှာကြတာပေါ့”

ရန့်က အလိုက်သိစွာ ခေါင်းညိတ်ပြသည်။ ပြီးတော့ သူတို့နှစ်ယောက်တဲဆီသို့ပြန်လာကာ . . .

“ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး၊ မိုးမချုပ်ခင်ရောက်အောင် ပြန်မှဖြစ်မှာမို့လို့ပါ”

ထိုပုဂ္ဂိုလ်ကလည်း လက်ခံစွာပင် သူတို့နှစ်ဦးအား ဦးဆောင်၍ တဲနောက်ဖက်မှလမ်းကိုပြသည်။ ပြီးတော့ . . .

“အခက်အခဲတွေ့တိုင်း စဉ်းစားပါ၊ ဘာလို့မရတာလဲ၊ ဘာကြောင့်မဖြစ်တာလဲဆိုတဲ့အချက်ကို ရအောင်စဉ်းစား။ စဉ်းစားရှင်းနဲ့လည်း



အချိန်ကုန်နေ . . . ဟုတ်ပြီလား၊ ကဲ . . . သွားတော့”

သံစဉ် ရိုသေစွာခေါင်းညိတ်ပြလိုက်၍ ပုစ္ဆာဆန်သောလမ်းတွေကို အင်အားအပြည့်ဖြင့် ချီတက်ရန် . . .

ပထမခြေလှမ်းကို စတင်လိုက်ပါတော့သည်။

ထို့နောက်တော့ . . .

“ဝွတ်(ဒ်) ဘိုင် . . .”

www.burmeseclassic.com

# XXIII

ဆက်လက်လျှောက်လှမ်းရသောလမ်းသည် အခက်အခဲသိပ်မရှိလှပါ။ ဒါပေမယ့် သူတို့နှစ်ဦးမှာ ကြီးမားသော အခက်အခဲတစ်ခုနှင့် ရင်ဆိုင်နေရပါ၏။ အဲဒါက ရေဆာသောပြဿနာ . . .

အခုမှပင်

'ထမင်း အသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်' ဆိုသောစကားကို လက်ခံမိသည်။ သူတို့ အခုတစ်မနက်မပြောနှင့် တစ်နာရီပင်မပြည့်ချင်သေး၊ မနက်ကနှင့်မတူတာတော့အမှန်။ အကြောင်းကား သူတို့ခုနကင်ထားပါသောအသားကို စားခဲ့ကြသည်မဟုတ်ပါလော . . .

ရန့်သည်လည်း မေးရန်ပင်မလို ပုံစံကိုကြည့်၍ ရေဆာနေကြောင်းသိနိုင်သည်။ သူတို့လျှောက်နေသောနေရာသည် တောင်ကုန်းကျောဖြစ်၍ ထင်သည်။ ရေစမ်း၊ ရေအိုင်မတွေ့ရ၊ ဒါပေမယ့် ပတ်ဝန်းကျင်ကြည့်ရတာ သစ်ပင်ဝါးပင်နှင့် စိမ်းစိမ်းစိုစိုရှိသည်။



ထိုစဉ်မှာပင် သံစဉ်တစ်ခုကို သတိပြုမိလိုက်သည်။ အဲဒါက သစ်ပင်တွေ၏အမြစ်တွေသည် ဘက်တစ်ဖက်တည်းသို့စောင်းနေခြင်း အမြစ်တွေစောင်းနေသည့် ဦးတည်ရာက တောင်အောက်ဖက်သို့။

ဒါ တောင်ကုန်းပေါ်မှရေတွေကျသည့်အခါ လမ်းတစ်လျှောက် တိုက်စားသွားမှုကြောင့် ရေစီးရာအမြစ်တွေ စောင်းနေခြင်းဖြစ်ပေမည်။

ထိုစဉ်မှာပင် သံစဉ်အတွေးတစ်ခု ရလိုက်သည်။ ချက်ချင်းပင် သံစဉ် ဝါးတစ်ပင်ကိုခုတ်ကာ တစ်ပေခွဲလောက်အဆစ်ဖယ်၍ ဖြတ်လိုက်သည်။ ပြီးတော့ ထိပ်တစ်ဖက်ကို ချွန်သည်၊ နောက်ထိုဝါးကိုကိုင်ကာ တောင်အောက်ဖက်နားသို့ ဆင်းသွားလိုက်ပါ၏။

ဝါးကို မြေကြီးထဲသို့ရှစ်လက်မလောက်ရိုက်ထည့်ကာ ဝါးခေါင်းဝကို နားနှင့်ကပ်၍နားထောင်သည်မကြာ၊ နောက်တစ်နေရာပြောင်းရိုက်သည်။ ပထမ အတိုင်းပင် . . .

ရန့်ကတော့ သံစဉ်လုပ်သမျှကို ဝင်လည်းမပြော၊ နားလည်းမလည်စွာ ငေးကြည့်နေသည်။

နောက်တစ်နေရာ . . . မထူး

စတုတ္ထမြောက်သော နေရာရွေးချယ်မှုအဆုံးမှာတော့ . . .

သံစဉ်နားထောင်နေရာမှ မတ်တတ်ပြန်ရပ်လိုက်သည်။ ပြီးတော့ ဝါးရိုက်ထားရာနေရာတည့်တည့်ရှိ တောင်အောက်ကိုကြည့်သည်။ ပြီးတော့ ပြန်ကပ်နားထောင်သည်၊ ဟုတ်သည်၊ ရေစီးသံလိုလို စီးနေသောအသံတစ်သံကို ကြားရသည်။

ထို့နောက် ရန့်ဘက်သို့လှည့်၍ . . .

"ရန့် . . . ဒီတောင်အောက်ဖက် ခဏဆင်းကြည့်ရအောင်၊ ဒီအောက်မှာရေရှိနိုင်တယ်"

"ဟင်"

သံစဉ့်စကားကြောင့် ရန့်က နားမလည်သလိုကြည့်သည်။ သံစဉ်ပြုံးလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ . . . မယုံလို့လား"

ရန့် ပြန်မဖြေပါ။ ဒါပေမယ့် သူ့ကိုတစ်လှည့်မြေကြီးမှာ စိုက်ဝင်နေသောဝါးကိုတစ်လှည့် ကြည့်နေသည်ကြောင့် . . .

"ဒီမှာ လာနားထောင်ကြည့်စမ်း . . ."

သံစဉ်စကားအတိုင်း ရန့်က ဝါးကိုနားဖြင့်ကပ်ကာ နားထောင်ပါ၏။

"ရေစီးသံလိုလို ဘာလိုလိုကို ကြားရလား"

ခဏကြာကြာနားထောင်ပြီးမှ ရန့်ကနားကိုခွာလိုက်ကာ

"အင်း . . . တစ်ခုခုစီးနေသံလိုလိုတော့ ကြားရတယ်"

"အဲဒါ မြေအောက်ထဲကရေတွေ အောက်ဘက်နိမ့်တဲ့အတိုင်း စီးဆင်းနေတာ။ ဒီနည်းက တောတောင်တွေထဲမှာ တရားကျင့်နေတဲ့ ယောဂီ၊ ရဟန်း၊ သူတော်စင်တွေရေရှာတဲ့နည်း။ လာ . . . ဆင်းကြည့်ရအောင်"

မသေချာသော်လည်း ရေရှိလောက်သည်ဟူသော မျှော်လင့်ချက်နဲ့တင် သူတို့၏စိတ်မှာ ရွှင်လန်းသွားရလေသည်။ ရေဆာနေသော စိတ်တို့ပင် တစ်ဝက်လျော့သွားသလို ခံစားလိုက်ရသည်။

နောက်တော့ သူတို့အောက်ဖက်သို့ဆင်းကြပါ၏။ မျှော်လင့်ချက်အရောင်ဝွေ့ဝွေ့သန်းသော ရန့်မျက်နှာကို နောက်မှကြည့်၍ သံစဉ် အတွေးတစ်ခုရလိုက်သည်။

ဟုတ်သည်။ ဒီအချိန်သည် အသင့်လျော်ဆုံး အချိန်၊ သူမစိတ်ထဲအရိုးစွဲနေသည့် ယုံကြည်မှုတွေ၊ စွဲလမ်းမှုတွေကို ဖျောက်ဖျက်ပစ်ရန် အကောင်းဆုံးအချိန်။ ထို့ကြောင့် . . .

"ရန့် . . . ရေဆာလား . . ."

သူ၏အမေးကြောင့် ရန့်က သူ့ကိုလှည့်ကြည့်ကာ ခေါင်းညိတ်ပြသည်။

"ဒီအချိန်မှာ မင်းဆက်လက်ရပ်တည်မှုအတွက် မင်းမှာရှိတဲ့



ဖုန်းတွေ၊ ဆွဲကြိုးတွေ၊ နားကပ်တွေ၊ လက်စွပ်တွေ အားလုံးနဲ့ ရေတစ်ခွက်လဲဆို မင်းလဲမှာလား"

ရန့် ချက်ချင်းပင် သူ့စကား၏အဓိပ္ပာယ်ကို သဘောပေါက်သွားသည်ထင်သည်။ အဓိပ္ပာယ်တစ်မျိုးပါသောအကြည့်ဖြင့် သူ့ကိုကြည့်နေပါ၏။ သံစဉ် ပြုံးလိုက်သည်။

"မင်းနားလည်ဖို့ကောင်းပါပြီကွာ . . . ဂုဏ်တွေ၊ ငွေတွေ၊ အဆင့်အတန်းတွေဆိုတာ သူ့နေရာနဲ့သူ သင့်တင့်သလောက်ပဲ အသုံးဝင်တာပါ။ ဒီလိုတောကြီးမျက်မည်းထဲမှာ ငွေတွေဘယ်လောက် ချမ်းသာချမ်းသာ မင်းကိုကယ်မယ့်သူမရှိဘူး။ မင်းအရမ်းနှစ်သက်ပါတယ်ဆိုတဲ့ ဖုန်းကရော မင်းကိုကယ်နိုင်လို့လား . . . ဆက်သွယ်လို့ရလား . . . အိတ်လေးတာပဲ အဖတ်တင်တယ်"

ထိုစကားကြောင့် ရန့် ရှုံ့ရှုံ့ရှားရှား ဖြစ်သွားကာ . . .

"အဲဒါဆို ရှင်မနက်က ကျွန်မဖုန်းကိုတောင်းပြီး ဘာလို့ဓာတ်ပုံရိုက်လဲ . . ."

'ရှင်'ဆိုသော အသုံးအနှုန်းကြောင့် သံစဉ်အနည်းငယ်တော့ ရိပ်မိသွားသည်။ ဒီအတိုင်းဆို ရန့်ဒေါသထွက်စ ပြုလာနေပါပြီ။ ဒီအသုံးအနှုန်းမျိုးသည် ရန့်ဒေါသထွက်နေချိန်အတော်များများ၌ သုံးယဉ်ပါးနေသော အသုံးအနှုန်းမျိုးပင်မဟုတ်ပါလား။

"ငါပြောပါတယ်၊ သင့်တင့်သလောက်ပဲ အသုံးဝင်တာပါလို့၊ ငွေရှိရင် ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့စကားဟာ အလကားပြောနေတာပါကွာ။ အရာရာတိုင်းအတွက် အဲဒီစကားဟာ မမှန်ပါဘူး။ အခုငါတို့မှာ ပိုက်ဆံရှိတယ်ကွာ . . . ငါတို့ရေဆာနေတယ်၊ ဝယ်သောက်လို့ရလား"

ရန့်တစ်ယောက် စကားသံတို့တိတ်ဆိတ်နေသည်။

"ဝယ်သောက်လို့မရတဲ့အပြင် ကံမကောင်းရင် ဓားပြပါအတိုက်ခံရဦးမယ်"

သံစဉ် စကားတို့ကပဲ ထိရောက်သွားတာလား၊ ပြန်ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com

စကားမရှိလို့ပဲလား၊ ရန့်မှာ တိတ်ပြီးရင်တိတ်နေသည်။ ထိုအရေးကို အခွင့်ကောင်းယူကာ သံစဉ်ကဆက်ပြောသည်။

"မင်းရဲ့ရပ်တည်မှုအဆင့်အတန်းကိုပြတဲ့ ရွှေဟမ်းချိန်းကြီးကြောင့် ငါတို့အခုလိုအခက်အခဲတွေ ရင်ဆိုင်နေရတယ်လို့တော့ မပြောပါဘူး။ ဒါပေမယ့် မင်းစဉ်းစားဖို့တော့ ကောင်းပါပြီ "

စကားဆုံးတော့ သံစဉ် ရန့်မျက်နှာကိုကြည့်မိသည်။ သူမ မျက်နှာမှာက မခံချင်မှုတွေလား၊ မျိုသိပ်ထားရမှုတွေလား၊ မသိသောမာန်ရောင် မကျသေးသည့်အရှိန်တွေ ပေါ်လွင်နေသည်။ သံစဉ် စိတ်ပျက်သလိုပင်ဖြစ်သွားသည်။ သူမတစ်သက်လုံးများ ဒီငွေတွေ၊ ဂုဏ်တွေ၊ အဆင့်အတန်းတွေကို ဖက်တွယ်နေမှာလားဟုပင် ထင်မိပါ၏။

"အေးပေါ့လေ . . . လူတွေမပြောနဲ့ . . . တိရစ္ဆာန်တွေတောင် သူ့ဌေးအိမ်ကခွေးနဲ့ လမ်းပေါ်ကခွေးဆိုပြီး အဆင့်အတန်း ခွဲထားသေးတာပဲ။ လူတွေဆို . . ."

"ဘာ . . ."

ရန့်အသံက ဟိန်းထွက်သွားပါသည်။ ချက်ချင်းပင် သူ့ကို လှမ်းကြည့်သည်။ ထိုအကြည့်ထဲ၌ ခံပြင်းမှုဒေါသတွေ ရာနှုန်းပြည့် ပါဝင်ကြောင်း သူတွေ့လိုက်ရပါ၏။ တဆတ်ဆတ်တုန်ရီလာသော နှုတ်ခမ်းတို့ကို ပြတ်ထွက်မတတ် ဖိကိုက်လိုက်ရင်းမှ . . .

"ရှင် . . . ကျွန်မကိုစော်ကားတယ်။ ကျွန်မကို ခွေးနဲ့နှိုင်းတယ်"

"ဟာ . . . မ . . . မဟုတ်ဘူးရန့်၊ ကိုယ်ဆိုလိုတာ . . ."

သံစဉ် ရှင်းပြချိန်မရတော့ပါ။ ရန့်မှာ ဒေါသတကြီး လှည့်ထွက်သွားပြီဖြစ်လေသည်။

"ရန့် . . . ရန့် . . ."

လှည့်မကြည့်တော့ချေ။ ဒါပေမယ့် သိပ်မကြာလိုက်။ ရန့်တစ်ယောက် ရပ်တန့်သွားလေသည်။ အကြောင်းကား . . .



[illegible] ကျောက်ချွန်များကြားမှ တစိမ့်စိမ့် စီးကျနေသော ရေအိုင်လေးတစ်ခု၊ သူ၏ရေရှာနည်းက အလုပ်ဖြစ်သွားလေပြီ။ သံစဉ် ဝမ်းသာသွားရသည်။

ချက်ချင်းပင်ပြေး၍ ဒူးထောက်ထိုင်ချကာ လက်ခုပ်နှင့်ရေကို ခပ်သောက်လိုက်သည်။ ပြီးတော့ . . .

"ရန့် . . . လာသောက်လေ . . ."

သူ့စကားကြောင့် မဲ့ပြုံးတစ်ချက် ပွင့်သွားသည်။ ထို့နောက် ချာကနဲပင်လှည့်၍ တောင်ကုန်းပေါ်သို့ ပြန်တက်သွားလေတော့၏။ သံစဉ် တားချိန်မရလိုက်ပါ။

ချက်ချင်းပင် ပြေးလိုက်သွားရသည်။ ဒေါသအပြည့်ပါသော ခြေလှမ်းတို့ဖြင့်လှမ်းနေသည်ကြောင့် တော်တော်နှင့် လိုက်မမီ၊ လိုက်မီသော်လည်း သူ့ကို အရေးမလုပ်သည်ကြောင့် သံစဉ်ဘာမှမပြောတော့—

ငြိမ်၍သာ လိုက်ခဲ့ပါ၏။ သူမကရှေ့က၊ သူကနောက်က။

ဒီလိုနှင့်လျှောက်လာခဲ့ကြရာ သူတို့၏လမ်းဘေးဘယ်ညာတွင် ကျောက်တောင်တွေ ထူထပ်လာသည်။ သစ်ပင်ပင်သိပ်မရှိတော့ ကျောက်သားတို့တွင် တွယ်ကပ်ပေါက်နေသော အပင်အနည်းငယ်မျှအပ အရာရာသည် ကျောက်သားဆန်နေပါ၏။

သူတို့နင်းလျှောက်နေသော လမ်းသည်လည်း အရင်လိုပျော့အိအိမြေသားမဟုတ်၊ မာတင်းသော ကျောက်သားတို့ဖြစ်လာသည်။

နေမင်း၏အရှိန်အဝါကလည်း တစ်စထက်တစ်စ အားပျော့လာပြီကို သတိပြုမိသည်။ သံစဉ် ခြေလှမ်းတို့ကိုပိုသွက်မိပါ၏။ သူတို့လျှောက်လာနေသောလမ်းသည်လည်း တစ်စထက်တစ်စ ကျဉ်းမြောင်းလာကာ အချိန်မရွေးအန္တရာယ်နှင့် ရင်ဆိုင်တိုးနိုင်သော အနေအထားသို့ပင်ရောက်လာနေပြီဖြစ်သည်။

တစ်ခါတရံ ကျောက်သားအပြန့်ပေါ်တွင် နင်းလျှောက်ရသည်။ တစ်ခါတစ်ခါ ကျောက်တောင်တွေအပေါ်မှ ဖြတ်နင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် အခုနေရာကား . . .

ဆားနှစ်ဖက်မှာ ကျောက်သားတို့ဖြင့် ကာရံထားသော ကျောက်ကြားလမ်း။

ရှေ့မှသွားနေသော ရန့်ကို သံစဉ်သိပ်စိတ်မချချင်။ သူရှေ့က သွားမည်ဆိုလျှင်လည်း လက်ခံမှာမဟုတ်သည့်အတွက် ရန့်နောက်မှ ကပ်၍ သံစဉ်လိုက်ပါလာမိ၏။

ဒါပေမယ့် တစ်နေရာအရောက်တွင်တော့ သူရောရန့်ရော ခြေလှမ်းတို့ အသက်မဲ့သွားရပါတော့သည်။

အကြောင်းကား . . .

သူတို့ရှေ့မှခံနေသော ရေအိုင်တစ်အိုင် . . .



မိတ်ဆွေ

ဒီရေအိုင်ထဲမှာ အသားစားငါးမျိုးတွေ လွှတ်ထားတယ်၊
သင်တို့ဆင်းမယ်ဆိုရင်တော့ မိနစ်ဝက်အတွင်း
သင်တို့ခြေထောက်တွေ အရိုးဖွေးသွားဖို့
တာဝန်ယူတယ်၊



www.burmeseclassic.com

www.burmeseclassic.com

# XXIV

ကျောက်နံရံမှာ ရေးထားသောစာနှင့်အတူ ပျဉ်ပြားခပ်တိုတို နှစ်ချပ်ကိုတွေ့ရသည်။ သံစဉ် စဉ်းစားသွားလေသည်။ ဘာသဘောနည်း။ ဒီပျဉ်ပြားနှစ်ချပ်ဖြင့် ဟိုဘက်ကိုကူးနိုင်းတာလား။

ဘေးမှကျောက်နံရံတွေကလည်း ကျော်တက်လို့မရ။ ခိုတက်လို့မရ။ ရေထဲကဖြတ်ဆင်းလို့လည်း မရနှင့်၊ ထိုပျဉ်ပြားနှစ်ချပ်နှင့်သာ ကူးလို့မရပါက လုပ်စရာတစ်ခုပဲရှိသည်။ အဲဒါက လှည့်ပြန်ဖို့။

သူတို့အခုရောက်နေတာက ကျောက်တောင်ကြီးတစ်ခု၏ကိုယ်ထည်ထဲမှဖြတ်ဖောက်ထားသော လမ်းကျဉ်းလေး။ ရေအိုင်က ထိုကျောက်တောင်ကြီး၏အလယ်လောက်တွင်ရှိသည်။ တမင်တကာ တူးထားတာလား၊ သဘာဝအတိုင်းတည်ရှိနေသော ရေအိုင်လားမသိ။



ဒါပေမယ့် ဖြတ်ရန်ခက်ခဲသော ရေအိုင်တစ်ခုဆိုတာတော့ သေချာသည်။ ကျောက်နံရံမှာရေးထားသောစာအရတော့ သံစဉ်တုန်လှုပ်သွားမိတာအမှန်။ ရန့်ကတော့ ပျက်ယွင်းနေသောမျက်နှာကို တစ်ဖက်လှည့်ကာနေပါ၏။

သံစဉ် ရေစပ်သို့ဆင်းသွားလိုက်သည်။ ဒီရေအိုင် မည်မျှနက်သနည်း။ ဒီထဲမှာ အမှန်ပင် အသားစားငါးတွေရှိတာလား။ ရေမှာ ကြည်လင်နေခြင်းမဟုတ်သဖြင့် ငါးတွေကိုတော့မမြင်ရ။ ဒါပေမယ့် ရေပွက်တွေထနေသည်။

ဒါဆို တကယ်ရှိသည်ပေါ့ . . .

ပြီးတော့ နံရံမှာကပ်ထားသော ပျဉ်ပြားအတိုနှစ်ချပ်၊ တစ်ချပ်တည်းနှင့်လည်း ဟိုဘက်ကမ်းကို မမီ၊ နှစ်ချက်ဆက်သွားလျှင်တော့ မီမည်ထင်ပါ၏။

သူဘယ်လိုလုပ်ရမည်နည်း၊ အိုဗာတင်း ကြော်ငြာထဲမှာတော့ တစ်ခါမြင်ဖူးသည်။

'သစ်ပင်ပေါ်ကကြိုးကိုချ၊ ပျဉ်ပြားနှစ်ပြားဆက်ထားတဲ့ နေရာမှာချည်' အိုဗာတင်းကြော်ငြာထဲမှ ကောင်မလေးပြောသောစကားက သူ့နားထဲမှာ ပဲ့လွင့်နေသည်။ သူ့မှာလည်း ချည်စရာကြိုးတော့ရှိသည်။ ဒါပေမယ့် အပင်ပေါ်မှချစရာ အနီးအနား၌သစ်ပင်မရှိ။

သံစဉ် စဉ်းစားရလေသည်။ ပျဉ်ပြားနှစ်ပြား၊ ကြိုးတစ်ချောင်းနှင့် သူဘယ်လိုကျော်ဖြတ်ရမည်နည်း။

စဉ်းစားစမ်း . . .

စဉ်းစားစမ်း . . .

စဉ်းစားစမ်း . . .

ပျဉ်ပြားနှစ်ချပ်ကို ကြည့်လိုက်၊ ကြိုးကိုကြည့်လိုက်ဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေစဉ်မှာပင် . . .

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

သူ အတွေးတစ်ချက်ရလိုက်သည်။ ချက်ချင်းပင် အနီးအနား မှာ ခဲတစ်လုံးကိုယူကာ ရေအိုင်အလယ်ထဲသို့ ပစ်ပေါက်ချလိုက်ပါ၏။

"ပလုံ . . ."

နောက် စိတ်ထဲမှ အမှတ်စဉ်မှတ်လိုက်သည်။

မကြာလိုက်ခဲလုံးနှင့်ကြမ်းပြင် ထိသွားမှုကြောင့် ရေမြှုပ်လေး တွေတန်းစီပြီး ရေပြင်ပေါ်တက်လာသည်။

သံစဉ်ပြုံးလိုက်ပြီး . . .


"ဒီရေအိုင် သိပ်မနက်ဖူး၊ အများဆုံးနှစ်တောင်ပဲ . . ."

ကိုယ့်ကိုယ်ကိုယ်ပဲ ပြောလိုက်တာလား၊ ရန့်ကိုဦးတည်ပြီးပြော လိုက်တာလား သူကိုယ်တိုင်ပင် သတိမထားမိ။

နောက် သံစဉ် ပျဉ်ပြားတစ်ချပ်ကိုစိတ်မှန်းဖြင့် နှစ်တောင် အထက်တိုင်းကာ ကြိုးချည်လိုက်သည်။ ပြီးတော့ ထိုပျဉ်ပြားကို ရေထဲ သို့ ချကြည့်လိုက်ပါ၏။ အခြေအနေကို တအောင့်တနားစောင့်ကြည့် လိုက်သည်။ အခြေအနေကောင်းသည် ဘာမှမဖြစ်။

နောက် ကျန်နေသော၊ ပျဉ်ပြားတစ်ချက်ကိုကိုင်ကာ ရေထဲသို့ ချထားသော ပျဉ်ပြားပေါ်သို့ သံစဉ် နင်းတက်လိုက်ပါ၏။ ပြီးတော့ လက် ထဲမှာကိုင်ထားသောပျဉ်ပြား၏အဖျားတစ်ဖက်ကို ချည်ထားသော ကြိုး ပေါ်သို့တင်လိုက်သည်။ နောက်အဖျားတစ်ဖက်ကို ဟိုဘက်ကမ်းကျောက် စွန်းပေါ်သို့တင်ပါ၏။

ပုံပါအတိုင်း . . .





သံစဉ် ဟိုဘက်ကမ်းသို့ ချောမောစွာရောက်သွားလေပြီ၊ ပြီး တော့ ရန့်အလှည့်။

"ရန့် . . . ကူးလာခဲ့လေ"

ဒီတစ်ခါတော့ သူ့စကားကိုပဲ နားထောင်တာလား၊ သူမဘာသာ သူမ ဆုံးဖြတ်ပြီးကူးလာတားမသိ၊ သူမလည်း ဒီဘက်ကမ်းသို့ ရောက် လာပါသည်။

ရန့်ခြေဖဝါးတွေ ဒီဘက်ကမ်းရှိကျောက်သားပြင်နှင့် ထိတွေ့ အပြီးမှာပင် အလင်းရောင်၏သိပ်သည်းထုသည် တဖြည်းဖြည်း အား လျော့ညှိုးမှိန်ဖျော့တော့သွားပါတော့သည်။

သံစဉ် နာရီကိုပင့်ကြည့်လိုက်သည်။

(၅)နာရီ ကျော်သွားလေပြီ။

သို့သော် တောတောင်တို့၏အငွေ့အသက်ကြောင့် ပတ်ဝန်း ကျင်မှာ အုပ်မှိုင်းလာပါ၏။

"ရန့် . . . တို့တွေ ဒီထက်သွက်သွက်လေးလျှောက်ရအောင်"

သံစဉ်လျှောက်နေရာမှ နောက်သို့လှည့်ပြောလိုက်သည်၊ သူ ကိုယ်တိုင်လည်း ခြေလှမ်းတို့ပိုသွက်လိုက်ကာ တစ်စထက်တစ်စ ချင်း နင်းဝင်ရောက်လာသော ညို့မှိုင်းအုပ်မည်းမှုနှင့်အတူ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXV

(၅း၃၀)

အလင်းရောင်သည် တစ်စထက်တစ်စ အားပျော့ပျောက်ကွယ်လာချေပြီ။ ဒါပေမယ့် လျှောက်နေသောသူတို့ခြေလှမ်းတွေကို ရပ်ပစ်လို့မရသေး။ သူတို့ခရီးမဆုံးသေး။

ရန့်မှာတော့ ချင်းနင်းဝင်ရောက်လာသော အမှောင်အစက်အပြောက်တို့နှင့်အတူ ဝမ်းနည်းအားငယ်စိတ်တို့ ဖြစ်ထွန်းလာရသည်။ သူမတို့ ဘယ်အထိဆက်လျှောက်ရမှာလဲ၊ ဘယ်လောက်ထိများဆက်သွားရဦးမှာလဲ။ သူမတို့အတွက် ပန်းတိုင်ဆိုတာရော ရှိသေးရဲ့လား၊ ခြေထောက်တစ်ခုလုံးလည်း လှုပ်မရအောင် နာကျင်ကိုက်ခဲနေချေပြီ။

ခြေဖဝါးနှစ်ဖက်စလုံးလည်း လမ်းလျှောက်ရလွန်း၍လို့ ထိမရလောက်အောင် ထုံကျဉ်နေပြီဖြစ်သည်။



ဒါပေမယ့် သူမတို့နှစ်ဦးစလုံးအတွက်ပန်းတိုင်မှာ ရေးရေးမျှမမြင်ရသေး။ သူမတို့လမ်းများမှားလာခဲ့ကြပြီလား။ ဒါမှမဟုတ် အလိမ်ပဲ ခံလိုက်ရပြီလား။

ရန့် ဘာကိုမှန်းမသိ၊ ဒေါသတွေ ထွက်လာရသည်။ မြင်မြင်သမျှ အရာဝတ္ထုတိုင်းကိုလည်း စိတ်တိုင်းမကျ ဖြစ်လာရပါ၏။

ရှေ့မှသွားနေသော သံစဉ်ကတော့ အားကြိုးမာန်တက် တစ်လှမ်းပြီးတစ်လှမ်း လျှောက်ကာနေသည်။ သူမခြေလှမ်းတွေ အရင်လောက်မသွက်တော့။ တစ်စထက်တစ်စ နှေးကွေးလေးလံလာကာ အားအင်တို့ကုန်ခမ်းလာပါပြီ။

ထို့ကြောင့် ရှေ့မှသွားနေသော သံစဉ်နှင့်တဖြည်းဖြည်းချင်း၊ တဖြည်းဖြည်းချင်း ဝေးကာဝေး၍ သွားသည်။

အမှောင်ထုမှာလည်း တိုး၍တိုး၍ ဝင်ရောက်နေဆဲ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXVI

ရန့်ခြေလှမ်းတို့ ရပ်လိုက်ပါသည်။ အကြောင်းကား ရှေ့မှသံစဉ် ရပ်စောင့်နေသည်ကြောင့် ရပ်လိုက်ခြင်း . . .

ဘာကြောင့်လဲဟူ၍ ရန့် သံစဉ်ကိုကျော်ကာကြည့်လိုက်တော့ သံစဉ်ရှေ့မှာက ရေအိုင်တစ်ခုခံနေသည်။ဒီရေအိုင်က ခုန ရေအိုင်လိုမျိုးမဟုတ် ရွှံ့နွံ့အိုင်ဆန်ကာနေသည်။

"တွေ့ပြန်ပြီ၊ နောက်ထပ်ဒုက္ခ"

ဟုပင် ရန့်ညည်းမိသွားကာ ငိုချင်စိတ်တို့ တမုဟုတ်ချင်းပေါက်သွားသည်။ တကယ်လည်း မျက်ရည်ဝဲသွားပါ၏။

သံစဉ်က ရန့်လက်ကိုလာဆွဲကာ . . .

"ကိုမင်းကို ဖြတ်ကူးဖို့စောင့်နေတာ . . ."ဟုပြောသည်။



သူမလက်ကိုဆွဲကာ ခပ်သွက်သွက်ထွက်သွားသည်ကြောင့် အရင်ကတည်းက ထူပူနေသောခြေထောက်က ကျဉ်တက်သွားသည်။ နောက် ခုနကအရှိန်မပြေသေးသောဒေါသတို့နှင့်ပေါင်းသွားရကာ . . .

"ဖယ် . . . ကျွန်မလက်ကိုလွှတ် . . . ကျွန်မဘာသာသွားမယ်။ မနက်က လှိုင်းသံတွေ တဝုန်းဝုန်းဆူနေတဲ့ချောင်းတောင် သူများအကူအညီမပါဘဲ ကျွန်မဖြတ်လာသေးတာ ဘာမှမဖြစ်ဘူး"

ရန့်၏ဒေါသသံပါသောစကားကြောင့် သံစဉ်ခေါင်းရမ်းမိသည်။

"မနက်က မင်းဖြတ်လာခဲ့တဲ့ချောင်းနဲ့ အခုဖြတ်ရမယ့်အိုင်နဲ့က တူလို့လား။ မင်းသေချာစဉ်းစားကြည့်ဦး။ မနက်ကချောင်းက ရေစီးသာကြမ်းတာ ရေအောက်ကအန္တရာယ်တွေကို အကုန်မြင်နေရတယ်။ အခုဖြတ်ရမယ့်အိုင်က ရေသေဆိုပေမယ့် အောက်ကိုမြင်ရလား။ ဒီရေအောက်မှာ ဘာအန္တရာယ်တွေရှိလဲမင်းသိလား။ ဆူးညှောင့်တွေလည်းရှိရင်ရှိမယ်၊ ရွှံ့နွံ့တွေလည်းရှိရင်ရှိမယ်။ အဆိပ်ရှိတဲ့ သတ္တဝါ ဥပမာ မြွေလိုသတ္တဝါမျိုးလည်း ရှိရင်ရှိမယ်။ အဲလိုအန္တရာယ်တွေကို ကြိုမမြင်ရလို့ အတူတူသွားမယ်လို့မင်းကိုပြောတာ နားလည်ပြီလား"

သံစဉ် ဘယ်လောက်ပင်ပြောပါစေ ရန့်ကလက်မခံ။ သံစဉ်၏လက်တွင်းမှ သူမလက်ကိုဖွတ်ရုန်း၍ ရေအိုင်ထဲသို့အရင်ဆင်းသွားသည်။

သံစဉ်မတတ်နိုင်တော့။ နောက်မှပဲ ရင်တထိတ်ထိတ်ဖြင့် လိုက်သွားရတော့သည်။

ကံကောင်းသည်ပဲ ပြောရမည်လား၊ အန္တရာယ်မရှိဘူးပဲပြောရမည်လားမသိ။ သူတို့နှစ်ဦးစလုံး တစ်ဖက်သို့ချောမောစွာ ရောက်သွားပါသည်။ သို့သော် . . .

သူတို့အရောက်ကောင်းပေမယ့် အခါနှောင်းသွားခဲ့ပါပြီ။ အကြောင်းကား . . .

အလင်းပျပျသာမြင်ရတော့သော အမှောင်၏ကြီးစိုးမှုအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရန့်ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူမဘယ်လိုမှ ဆက်မလျှောက်နိုင်တော့။

အရုပ်ကြိုးပြတ်ထိုင်ချလိုက်သော ရန့်ပုံစံကိုကြည့်၍ သံစဉ်သဘောပေါက်သွားပေပြီ။

ရန့်၏ ခံနိုင်ရည်စွမ်းအားတို့ နောက်ဆုံးအချိန်အထိ လျော့ပါးသွားခဲ့ပြီ။ သူကရော . . .

သံစဉ် အားတင်းလိုက်သည်။ ဒီပွဲကို သူအရှုံးမပေးချင်သေး။ ရှေ့ကိုမျှော်ကြည့်လိုက်တော့ တောင်ကုန်းတစ်ခုပေါ်သို့ မပြေမပြစ်တက်သွားသောလမ်းကလေးတစ်ခု . . .

ထိုလမ်း၏အဆုံးတွင် သူတို့၏ပန်းတိုင်ရှိနေမည်လား . . .

မသေချာ။

သို့ပေမယ့် သံစဉ်စွမ်းအားရှိသ၍ နောက်ဆုံးခံနိုင်စွမ်းအားကုန်ဆုံးချိန်ထိ သူအကောင်းဆုံးပြိုင်သွားချင်သည်။ အကောင်းဆုံး လုပ်ဆောင်သွားချင်သည်။ ထို့ကြောင့် . . .

"ရန့် . . . မင်းနောက်က ဖြည်းဖြည်းလိုက်ခဲ့တော့။ ငါကတော့ ဒီပြိုင်ပွဲကို နောက်ဆုံးအချိန်အထိ အကောင်းဆုံးဖြစ်အောင် ပြိုင်သွားမယ်။ ငါ့ရဲ့လက်ကျန်အင်အားတွေနဲ့ပဲ ပန်းတိုင်ထိရောက်အောင် ချီတက်မယ်။

ငါတို့ မရှုံးသေးပါဘူးကွာ၊ အရှုံးဆိုတာ ကိုယ်ကပေးလိုက်မှ အရှုံးဖြစ်တာ။ ကိုယ်က အရှုံးမပေးမချင်း ဘယ်တော့မှမရှုံးဘူး။ အဲဒါ ငါ့ရဲ့ခံယူချက်နဲ့စိတ်ဓာတ်ပဲ"

သံစဉ် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှ လက်ကျန်စွမ်းအားတွေကို ခြေထောက်နှစ်ဖက်ပေါ်သို့ ဖွဲ့ခြွေချပြီးသည့်နောက်မှာတော့ . . .



# XXVII

သံစဉ်ပြေးနေသည်။ ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း။ သူ၏ လက်ကျန်အင်အားတွေကလည်း တစ်စပြီးတစ်စ ခြေရာများနှင့်အတူကျန်ခဲ့သည်။

သူရပ်နားလို့မဖြစ်သေး၊ မရပ်နားနိုင်သေး၊ ဒီပွဲကို သူနိုင်အောင်ကစားရမည်။ ဒီလမ်း၏အဆုံးမှာ ပန်းတိုင်ရှိနေသည်လား။

မသေချာ။

ဒါပေမယ့် မသေချာတာတွေကို သေချာအောင်လုပ်နိုင်မှ ယောကျ်ားတစ်ယောက်ဖြစ်သည်ဟူ၍ သူခံယူထားသည်။

ယောကျ်ားဆိုတာ ကိုယ်ရောက်လိုတဲ့နေရာကို ရောက်အောင်သွားနိုင်တဲ့ ကျားတစ်ကောင်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ငါဟာ ကျား[illegible] နေရာကို ရောက်အောင်သွားရမယ်၊ မဖြစ်ဖြစ်အောင် သွားရမယ်၊ အားတင်းထား . . . ဘယ်တော့မှ ခွဲမလျှော့လိုက်နဲ့ . . ."

ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း၊ သူ့ခန္ဓာကိုယ်အနံ့အပြားမှာလည်း ချွေးတို့ရွှဲနစ်ကာနေသည်။ ရင်ခုန်သံတွေလည်း တဒိုင်းဒိုင်း မြန်နေသည်။

သို့သော် သူပြေးနေဆဲ . . .

ခြေလှမ်းတို့ကို ပန်းတိုင်ထိရောက်အောင် ဦးတည်နေဆဲ။

ရွေ့နေဆဲ . . .

ဆက်လက်လှမ်းနေဆဲ . . .

"ပြေးထား . . . အားမလျှော့နဲ့ . . ."

ကိုယ့်ကိုယ်ကိုယ်အားပေးနေရင်းက သူ့ခြေလှမ်းတွေ ခရီးထက်ဝက်သို့ကျော်လာသည်။

"ရောက်တော့မည် . . . အားတင်းထား . . . ရောက်တော့မည်"

ပန်းတိုင်သို့နီးပြီဟူသော စိတ်ကိုထည့်ရင်း ပြေးနေသောခြေလှမ်းတို့ကို ပေါ့ပါးသည်ထက်ပေါ့ပါးစေကာ . . .

"ပြေးထားစမ်း . . . ရောက်ခါနီးပြီ . . . ပြေးထား"

ထိုစဉ်မှာပင် . . .

သူ၏ပြေးနေသောခြေလှမ်းတွေ အနည်းငယ်မတ်စောက်လာသလို ခံစားလိုက်ရသည်။

ဒါ . . . ဒါဆို ရောက်ခါနီးပြီပေါ့ . . .

"ဟုတ်တယ် . . . ရောက်ခါနီးပြီ . . . ပြေး . . . ပြေးလိုက်တော့"

သံစဉ် ထခုန်မတတ်ပျော်သွားသော ဝမ်းသာမှုတွေနှင့်အတူ

"ပထမ တစ်လှမ်း . . ."



ဒုတိယတစ်လှမ်း . . .

တတိယတစ်လှမ်း . . .

စတုတ္ထ . . .

"ဒုတ် . . ."

"ခွပ် . . ."

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်ဆီမှစူးအောင့်သွားကာ နာကျင်မှုတို့နှင့်အတူ မှောက်လျက်လဲအကျမှာပင်။

အောက်တွင် အသင့်စောင့်ကြိုနေသော ကျောက်မာသားတစ်ခဲက . . .

သံစဉ်၏ကမ္ဘာသည် အမှောင်အတိပြီးသွားလေတော့သည်။



## XXVIII

"ကျွတ် . . . ကျွတ် . . . ကျွတ် . . ."

သံစဉ် အားယူကာမျက်လုံးဖွင့်ကြည့်လိုက်တော့ မှောင်မိုက်လွန်းသောမြင်ကွင်းတစ်ခုက ရှိက်သံတစ်ဝက်ဖြင့် ဆီးကြိုနေသည်။

သူ့အာရုံဝေဝါးနေမှုလား . . .

လက်မခံနိုင်စွာ နောက်တစ်ကြိမ်ထပ်ကြည့်မိသည်။ မဟုတ် — တကယ်ပင် လောကကြီးတစ်ခုလုံး မှောင်မိုက်သွားခဲ့ပါပြီ။

"သွားပြီ"

သူရှုံးသွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဘေးမှတရှုံ့ရှုံ့ရှိုက်ငိုနေသော ရန့်ကို[illegible]ရင်နင့်သွားမိသည်။ သူချစ်သောသူ့ချစ်သူလေးကို ဒီဒုက္ခတွေအတွင်းမှ ဆွဲမထုတ်နိုင်ခဲ့။

သူ့မိဘတွေ၏မျက်နှာ၊ သူငယ်ချင်းတွေ၏မျက်နှာ၊ စိုးရိမ်တကြီးငံ့လင့်နေမည့် ဆရာဆရာမတွေ၏မျက်နှာ။ ဒီမျက်နှာတွေကို ဒီတစ်သက် သူတို့ပြန်မြင်ခွင့်ရရှိပါဦးမည်လား။

အတိတ်မှာနင်းလျှောက်ခဲ့သော ခြေရာများအပေါ်သို့ရော သူနောက်တစ်ကြိမ်ပြန်လည်နင်းလျှောက်ခွင့်ရရှိပါဦးမည်လား။

သံစဉ် ဆွေးဆွေးမြည့်မြည့် ခေါင်းရမ်းလိုက်မိသည်။

"သွားပြီ . . ."

အရာအားလုံးသည် လုပစွာရှုံးနိမ့်သွားခဲ့လေပြီ။

ထိုစဉ်မှာပင် . . .

"ဟင်"

"ဟာ . . ."

မှောင်နေသောလောကထဲသို့ တမုဟုတ်ချင်းဝင်ရောက်လာသည့်အလင်းရောင်များ။ ကျိန်းစပ်သွားသောမျက်လုံးတို့ကို နှစ်ဦးသား ပြိုင်တူမှိတ်ပစ်လိုက်ရင်း နောက်တစ်ကြိမ် ပြန်အဖွင့်တွင်တော့ . . .

သူတို့တက်လာခဲ့သော လမ်းတစ်လျှောက်ဆီမှ ပြိုင်တူပွင့်သွားသော မီးသီးတချို့။ နောက် သူတို့အပေါ်တည့်တည့်မှ မီးသီး။

ပြီးတော့ ဆက်လက်နင်းတက်ရန်၊ ကျန်ရှိနေသေးသည့် အကွာအဝေးအနည်းငယ်ဆီမှ မီးသီးအလင်းရောင်ဖျော့ဖျော့။

ထိုမီးအလင်းရောင်တို့၏ အဆုံးသတ်ပိုင်းကို မျှော်လင့်ချက်ငွေ့ငွေ့ဖြင့် မျှော်ငေးကြည့်လိုက်မိချိန်တွင်မတော့ . . .

ဖျော့တော့သောအလင်းရောင်တို့သည် တဲလိုလို၊ အိမ်လိုလို၏နောက်ကျောတစ်ခုဌတည်ငြိမ်စွာ အဆုံးသတ်သွားလေသည်။

"ဟင်"



သူနှင့်ရန့်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

ပြီးတော့ . . .

"ဟေး . . ."

ဝမ်းသာမှုတို့အတိပြီးသော ဖိနပ်ခွာသံများ ပျော်ရွှင်စွာဟားတိုက်ရယ်မောနေလေတော့သည်။

သူတို့မရှုံးနိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

# XXIX

သူတို့၏ သဘောတူညီထားချက်အတိုင်း နောက်တစ်နေ့မနက်မှာပင် ပါရဂူအဘိုးကြီး၏ တပည့်များက လှိုဏ်အောက်အထိ လိုက်လံပို့ဆောင်ပေးပါ၏။

ပြီးနောက် မျက်စိကိုစည်းထားသော အဝတ်များကိုဖြည်ပေးကာ ပြန်ထွက်သွားကြသည်။ ကျန်ရစ်ခဲ့သော သူတို့နှစ်ယောက်မှာတော့ ပျော်ရွှင်လှိုက်မောမှုကိုယ်စီဖြင့် လှိုဏ်ပေါ်သို့ . . .

လှိုဏ်ပေါ်ရောက်ရောက်ချင်းမှာပင် မြင်လိုက်ရသောမြင်ကွင်းကား . . .

စိုးရိမ်ပူဆွေးသောမျက်နှာကိုယ်စီဖြင့် ညှိုးငယ်စွာရပ်နေကြသော . . .

ဆရာ ဆရာမများ၊ နောက် သူငယ်ချင်းများ . . .



ပြုံးတော့ . . .

ဒီအရေးကိုကြိုမြင်ကာ သတိပေးခဲ့သည့်ရွာသူကြီး။

"ဟာ . . . ဟိုမှာသံစဉ် . . ."

"ဟယ် . . . ရန် . . ."

"ဗညား . . . သူရ"

"ဆရာမ . . ."

မွတ်သိပ်သောအပြုံးကိုယ်စီဖြင့် ကြည်နူးစွာပွေ့ဖက်မိကြပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

**XXX**

နောက်တော့မှသိရသည်ကား သံစဉ်နှင့် ရန့် လှိုဏ်ထဲကိုဆင်းကာ ပျောက်သွားမှုနှင့်ပတ်သက်၍ ရွာသူကြီးမှာအတော်ပင်ဒေါသထွက်သွားကြောင်း၊ နောက်ပြီး သူဘာကြောင့် ခါးခါးသီးသီးပိတ်ပင်ရသည်လဲဟူသည့်အချက်ကိုပါ တစ်ခါတည်းပင် ပြောသွားကြောင်း။

ရွာသူကြီး၏ပြောပြချက်များကြောင့် အကုန်လုံးမှာ စိုးရိမ်ပူပန်စိတ်တွေအတိုင်းအဆမရှိပိုခဲ့ရကြောင်း၊ နောက်ပြီး သူတို့အားလုံးကိုလည်း လှိုဏ်ထဲမှထွက်ပြေးလွတ်မြောက်လာသူနှင့် ဆုံပေးကြောင်း။

ထိုသူမှာ ရန့်နှင့်သံစဉ်တို့လိုပင် လှိုဏ်အောက်ထဲသို့ဆင်းမိ၍ ဘယ်သူတွေမှန်းမသိသောလူတစ်စု၏ဖမ်းဆီးခေါ်ဆောင်မှုကို ခံခဲ့ရကြောင်း သစ်ခွဆိုသော ပါရဂူအဘိုးကြီးဆီသို့ရောက်သွားကြောင်း၊ ထိုမှ



[illegible]လမ်းကိုရွေးမိရာ ပါရဂူကြီးနှင့်စစ်တုရင်ပွဲတွင် သူရှုံးနိမ့်ခဲ့ရကြောင်း၊ ထို့အတွက် အဲဒီမှာပင်နေလိုက်ရကာ လွတ်မြောက်ဖို့ကို အမြဲတွေးနေကြောင်း၊ တစ်နေ့ထွက်ပြေးလာရာ မျက်စိလည်ပြီး တောထဲတွင်နှစ်ရက်ကြာခဲ့ကြောင်း၊ ပြီးတော့မှ ဝါးခုတ်လာသောအဖွဲ့နှင့်တွေ့ပြီး ရွာသို့ပြန်ရောက်လာခဲ့ကြောင်း။

စသည့်အကြောင်းအရာတို့ကို သံစဉ် တဆင့်စကားဖြင့် သိလိုက်ရသည်။

ထိုသူ၏ပြောပြချက်အရ ပထမလမ်းမဟုတ်ဘဲ ဒုတိယလမ်းကို ရွေးမိလျှင် အနည်းဆုံး နှစ်ရက်လောက်ကြာမည်ဟုဆိုသောကြောင့် ဆရာမအပါအဝင် အုပ်ထိန်းသူတွေက သက်ဆိုင်ရာသို့ လူပျောက်တိုင်ကြားမည့်အစီအစဉ်ကို ခေတ္တဆိုင်းငံ့ထားရကြောင်း။

ဒီနေ့သည် နောက်ဆုံးနေ့ဖြစ်၍ ဒီနေ့မှရောက်မလာလျှင် သက်ဆိုင်ရာသို့ တိုင်ကြားတော့မည်ဖြစ်ကြောင်းတို့ကို ပြောပြသည်။

ထိုစကားဆုံးမှပဲ သံစဉ်တစ်ယောက် သက်ပြင်းလေးကြီးချမိပါတော့သည်။

"ဟူး . . ."



www.burmeseclassic.com

www.burmeseclassic.com

# XXXI

ထိုနေ့မှစ၍ ရန့်နှင့်သံစဉ်တို့အခြေအနေမှာ လုံးဝအေးခဲတောင့်တင်းသွားခဲ့ပါသည်။ သံစဉ့်ဘက်ကမည်မျှပင်လိုက်လျောအလျှော့ပေးတောင်းပန်စေကာမူ ရန့်ဘက်ကပြောလျှော့မှုမရှိတော့။

အေးသထက် အေးလာသည်။

စိမ်းသထက် စိမ်းလာသည်။

ဒီလိုနှင့်ပဲ . . .

သူတို့၏လေ့လာမှုခရီးစဉ်မှာ ပြီးဆုံးခဲ့ပါတော့သည်။

နောက် သူတို့တွေအကုန်လုံး ရန်ကုန်သို့ပြန်ခဲ့ကြပါ၏။

ရန်ကုန်သို့ရောက်၍၊ကိုယ်စီကိုယ်စီခွဲခွာရန် နှုတ်ဆက်ကြသောအချိန်တွင် ရန့်တစ်ယောက် သံစဉ်ဆီသို့ရောက်လာသည်။

ပြီးနောက် ဘယ်လိုမှမျှော်လင့်မထားသော စကားတစ်ခွန်းပြောသည်။





"သံစဉ် . . . တို့နှစ်ယောက်ရဲ့အယူအဆတွေ၊ ခံယူချက်တွေ၊ ယုံကြည်မှုတွေက ဘယ်လိုမှဆက်စပ်ကြည့်လို့မရဘူး။ ဘဝတစ်ခုလုံးလက်တွဲသွားဖို့လည်း ဘယ်လိုမှဖြစ်မှာမဟုတ်ဘူး။ ဒီတော့ တို့တွေလမ်းခွဲရအောင်"

သံစဉ် တွေဝေကာရပ်ငေးမိနေဆဲ . . .

"တို့နှစ်ယောက်စလုံးက လက်ရုံးရဲ့အချစ်မြားတွေနဲ့ပဲ ချစ်သူတွေဖြစ်ခဲ့ကြတာဆိုတော့ ထုံးစံအတိုင်းပဲ လက်ရုံးရဲ့ နှစ်ဦးသဘောတူချစ်သူအဖြစ်မှ လမ်းခွဲခြင်းစာချုပ်မှာ လက်မှတ်ထိုးရအောင်"

သံစဉ် အသိဝင်လာသည်။ "ဒါ . . . ငါ့ကို တကယ်ပြောနေတာပဲ . . ."

စိတ်ထဲမှ ကိုယ့်ကိုယ်ကိုယ်ပြန်ပြောမိသည်။

သူတကယ်လမ်းခွဲနိုင်လား . . .

အဖြေက ရေရေရာရာမရှိ။ ဒါပေမယ့် ချစ်သူ၏အလိုဆန္ဒကိုတော့ လက်တလော ဖြည့်ဆည်းပေးလိုက်သည်။

"မင်းဆန္ဒအတိုင်းဖြစ်စေရမယ်။ ဒါပေမယ့် အခုချက်ချင်းတော့ ငါထိုးမပေးနိုင်ဘူး"

"ဘယ်တော့လဲ"

"လာစကာ (၈)ကြိမ်မြောက် ချန်ပီယံဖြစ်မယ့်နေ့မှာ လက်မှတ်ထိုးပေးမယ်"

စကားကထိုမျှသာ . . .

ထို့နောက် သံစဉ်ကဦးအောင်ပင် ကျောခိုင်းလှည့်ထွက်သွားခဲ့ပါတော့သည်။

အဲဒီ . . . အဲဒီနောက်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

**အ Sa တစ်ခု၏ Aဆုံး**



# XXXII

သံစဉ် ဆုံးဖြတ်ချက်တစ်ခုကို အသေချာဆုံးချလိုက်ကာ အသည်းကွဲကဗီးထဲသို့ လှမ်းဝင်ခဲ့သည်။

ပြီးတော့ ရန့်ခုံရှေ့မှာရပ်လိုက်၍ . . .

“မင်းဆုံးဖြတ်ပြီးသွားပြီလား . . . ရန့်”

ရန့် ပြန်မဖြေပါ။ ခေါင်းလည်း ညိတ်မပြပါ။ သူ့ရှေ့သို့ စာချုပ်တစ်ခုကို ထိုးပေးသည်။

ထိုစာချုပ်ကား . . .



www.burmeseclassic.com

www.burmeseclassic.com

စာချုပ်၏အောက်မှာကား လက်မှတ်တစ်ခုကိုပင် အရံသင့်ထိုးပေးထားလေသည်။

"ရန့်ရယ် . . ."

ဟုပင် သံစဉ်နှုတ်မှတိုးတိုးဖွဖွလေး ညည်းမိသွားပါ၏။ ဝမ်းနည်းမှုတို့သည်လည်း ရင်သို့ တမုဟုတ်ချင်းဆို့တက်လာရသည်။ မျက်ရည်ကြည်တချို့ မျက်လုံးအိမ်အတွင်း ရစ်ဝိုင်းသွားသည်ထင်သည်။

မင်းဘက်က တကယ်ပြတ်သားနိုင်ခဲ့ပြီပေါ့။

ဒီလိုနေ့မျိုး ဘယ်တော့မှရောက်မလာပါစေနဲ့လို့ ကိုယ်အကြိမ်ကြိမ်ဆုတောင်းခဲ့ဖူးပါတယ်။ ဒါပေမယ့် ကိုယ်ဆုတောင်းမပြည့်ခဲ့ပါဘူး ရန့်။



ဘာလို့များ မင်းနဲ့ကိုယ်နဲ့အယူအဆတွေ ထပ်တူမကျခဲ့ရတာလဲ။

ဘယ်လိုပဲကွဲလွဲပါစေ ကိုယ်မင်းကိုတော့ တကယ်ချစ်ခဲ့တာပါ ရန့်ရယ်။

မင်းကရော ကိုယ့်လိုပြန်ချစ်ခဲ့သလား?

မေးဖို့လိုဦးမည် မထင်တော့ပါ။

ဟုတ်သည်။ မေးဖို့လိုမည်မထင်တော့ . . .

အကြောင်းကား . . . .

မင်နက်နက်ဖြင့်ရေးခြစ်ထားသော လက်မှတ်လှလှတစ်ခုက သက်သေခံလျက်ရှိပါတော့သည်။

ထို့နောက်မှာတော့ . . .

သံစဉ့်လက်ထဲမှ ဘောပင်နှင့်စာချုပ်စက္ကူသားတို့ ထိခတ်သွားစဉ် . . .

"ဖြဲ . . ."

"ဟင် . . ."

သံစဉ် ကြောင်အစွာ မော့ကြည့်မိသွားပါသည်။

"ဘာလို့ ဖြဲပစ်လိုက်တာလဲ"

"ဘာလို့ လက်မှတ်ထိုးတာလဲ"

သူနှင့်ရန့် ပြိုင်တူထွက်သွားသည်။

"ငါ့ကို လက်မှတ်ထိုးခိုင်းတာ မဟုတ်ဘူးလား"

"ရှင် ရူးနေလား"

ပြိုင်တူလိုပင် ထပ်ထွက်သွားပါသည်။ သံစဉ် နားမလည်နိုင်စွာ မျက်မှောင်ကြုတ်သွားသည်။

"ငါနားမလည်ဘူး"

သူ့စကားကြောင့် ရန့်က ပြုံးသည်။ ပြီးတော့ . . .

"ရှင် ကိုယ့်စကားကိုယ် မေ့သွားပြီနဲ့တူတယ်။ [illegible]စကာ(၈)ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

မြောက် ချန်ပီယံဖြစ်မှ လက်မှတ်ထိုးပေးမယ်ဆိုတာလေ"

သံစဉ်ရင် သိမ့်ခနဲတစ်ချက်နွေးသွားသည်။ ဘာသဘောနည်း။

ရင်ခုန်သံတဒိတ်ဒိတ်ဖြင့် ရန့်ကိုကြည့်မိတော့ ပြုံးဖန့်ဖန့်မျက်နှာလေးက ရှက်ရိပ်သန်းနေသည်။ သံစဉ် နားလည်သလိုလိုတော့ဖြစ်သွားသည်။ ဒါပေမယ့် ဝမ်းမသာရဲသေး။

ဒီတော့ နားလည်မှုကိုသေချာစေရန် မဝံ့မရဲအရဲစွန့်ကာ . . .

"ဒါဆို ဘာလို့စာချုပ်မှာ မင်းကလက်မှတ် ကြိုထိုးထားတာလဲ။ ပြီးတော့ ခရီးကပြန်ရောက်လို့ အိမ်ပြန်ခါနီး လမ်းခွဲစကားလာပြောတာကရော ဘာသဘောလဲ'

သံစဉ့်စကားကြောင့် ရန့်က သူ့ကိုမျက်စောင်းထိုးသည်။ ပြီးတော့ နှုတ်ခမ်းတစ်ဖက်ကို အလှဆုံး ဖိကိုက်လိုက်ရင်း . . .

"အဲဒါ ရှင်နဲ့ တကယ်လမ်းခွဲနိုင်၊ မနိုင် ကိုယ့်ကိုယ်ကိုယ်စမ်းသပ်ကြည့်တာ"

"ခွဲနိုင်လား"

ဒုတိယမ္ပိ နှုတ်ခမ်းဖူးဖူးကို သွားစွယ်ဖွေးဖွေးဖြင့် ဖိကိုက်ရင်းမှ ခေါင်းကိုရှက်ဟန်ပါပါ ရမ်းပြပါသည်။ ထိုအမူအရာလေးကြောင့် . .

သံစဉ် ဘယ်ဘက်ရင်အုံဆီမှ ကုလားက,ကသံတွေကြားရသည်။ ပြီးတော့ . . .

"ဒါဆို . . . ဒီစာချုပ်က . . ."

"ရော့ . . . ကျွန်မတို့ကြားမှာ မလိုတော့ဘူး"

သံစဉ် မြန်မြန်ဆန်ဆန်ပင်ဆွဲယူလိုက်ကာ နှစ်ပိုင်းပြဲနေသော စာချုပ်ကိုထပ်မံ၍ . . .

"ဖြဲ . . . ဖြဲ . . . ဖြဲ . . ."

အပိုင်းပိုင်းပြဲသွားသော စာချုပ်စက္ကူသားတို့အား လက်မှအားတစ်ခုဖြင့် ပင့်တင်လိုက်ရင်း . . .

"ဟေး . . ."



သံစဉ်၏ ဝမ်းသာအားရအော်လိုက်သံက အမြင့်ကြီးမြောက်တက်သွားလေသည်။

တလွင့်လွင့်ပြန်ကျလာသော စာချုပ်အပိုင်းအစလေးများအောက်တွင်မတော့ . . .

ချစ်သူနှစ်ယောက်မှာ

အရင်အတိုင်း

တစ်ယောက်လက် တစ်ယောက်တွဲလို့

BURMESE CLASSIC .com

သိုးဆောင်း

မြန်မာစံတော်ချိန်နံနက်(၁)နာရီ (၁၆)မိနစ်
ရှိပါပြီခင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com

လာစကာသည် ကမ္ဘာ့စစ်တုရင်လောကတွင် အစဉ်လာအကြီးဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ သူသည် ၁၉၀၇ ခုနှစ်မှစ၍ ၁၉၂၁ ခုနှစ်တိုင်အောင် ကမ္ဘာ့စစ်တုရင်ချန်ပီယံထိုင်ခုံမှာ ထိုင်ခဲ့ရသည်။ သူ့လက်ထက်တွင် ကမ္ဘာ့စစ်တုရင်ချန်ပီယံအဖြစ် (၇)ကြိမ်တိုင်တိုင် ဗိုလ်စွဲခဲ့သည်။

သို့သော် (၈)ကြိမ်မြောက် ချန်ပီယံဖြစ်ရန်အတွက် လုံ့လပြုကြိုးစားအံ့ခဲရင်းနှင့်ပင် ၁၉၄၁ ခုနှစ်၌ ဝမ်းနည်းဖွယ် ကွယ်လွန်ခဲ့ရပါသည်။

လာစကာ (၈)ကြိမ်မြောက်ချန်ပီယံ ဘယ်တော့မှဖြစ်လာတော့မည်မဟုတ်တော့ပါ။

ᴥ ᴥ ᴥ



